The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက် ၊ စနေနေ့ (28-9-2013) (၇၆၁၇)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၇-၉-၂၀၁၃

မဒေါက်	၆ ဒသမ ၆၉ လက်မ
သပိတ်ကျင်း	၄ ဒသမ ၄၉ လက်မ
ရွှေကျင်	၄ ဒသမ ၄၉ လက်မ
ရေး	၄ ဒသမ ၃၂ လက်မ
ပေါင်	၄ ဒသမ ဝ၆ လက်မ
ကျောက်ဖြူ	၃ ဒသမ ၅၉ လက်မ
မုဒုံ	၃ ဒသမ ၂၉ လက်မ
ကျိုက်ထွဲမီ	၃ ဒသမ ၁၅ လက်မ
ချောင်းဆုံ	၂ ဒသမ ၉၅ လက်မ

အစိုးရယန္တရား၏ စွမ်းဆောင်ရည်နှင့် ပုဂ္ဂလိက ကဏ္ဍ၏ စွမ်းဆောင်ရည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အဓိကကျ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ရှိသည့် သန့်ရှင်းသော အစိုးရယန္တရားဖြစ်အောင် ပြုပြင်ပြောင်းလဲနေ

နေပြည်တော် စက်တင်ဘာ ၂၇

ပြုပြင်ပြောင်းလဲရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုအစိုးရအဖွဲ့ ဆပ်ကော်မတီ(Cabinet Sub-Committee/Delivery Unit)အသီးသီးမှ ဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများအား ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတရုံး စီးပွားရေးရာကော်မတီအစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ အမှာစကားပြောကြားသည်။(အောက်ပုံ)

အခမ်းအနားသို့ ဒုတိယသမ္မတများဖြစ်ကြသော ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညွန့်ထွန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာ၌ ယနေ့အစည်းအဝေးသည် ရွေးချယ်ထားသည့် ဒုတိယဝန်ကြီး ၂၃ ဦးအား အသစ်ဖွဲ့စည်းမည့် Cabinet Sub-Committee/Delivery Unit ၂၆ ခုတွင် အဖွဲ့ခေါင်းဆောင်များအဖြစ် တာဝန်ပေးအပ်မည့် အစည်းအဝေးဖြစ်ပါကြောင်း။

ယင်းတာဝန်များကို မပေးအပ်မီ ယနေ့ မိမိတို့အစိုးရအဖွဲ့ တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်နေသည့် အုပ်ချုပ်ရေးယန္တရားတစ်ရပ်လုံး၏ **စာမျက်နှာ ၃ ကော်လံ ၁ သို့❖**

သမိုင်းဝင်ရွှေကြက်ယက်၊ ရွှေကြက်ကျဘုရား လှေပြိုင်ပွဲတော်

အမရပူရ စက်တင်ဘာ ၂၇

အမရပူရမြို့နယ် သမိုင်းဝင်ရွှေကြက်ယက်၊ ရွှေကြက်ကျဘုရား၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော လှေဦးတိုက်ပြိုင်ပွဲတော်ကို တော်သလင်းလပြည့်ကျော် ၇၊ ၈ရက်နေ့တို့တွင် ရိုးရာအစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း သိရသည်။ ယခုနှစ်တွင် လှေဦးတိုက်ပွဲတော်၊ ငှက်လှေပြိုင်ပွဲတွင် ရွှေကြက်ယက် တိုက်နယ်မှ ကျေးရွာပေါင်း ၁၃ ရွာတို့မှ ပြိုင်ပွဲဝင် လှေအသင်းများ ဝင်ရောက်ပါဝင်ယှဉ်ပြိုင်ကြရာ လှေပြိုင်ပွဲများမှာ အကြိတ်အနယ်ရှိလှကြောင်း၊ ငှက်လှေပြိုင်ပွဲကို ရွှေကြက်ကျဘုရား၏အထက်ဘက် ဧရာဝတီမြစ်ပြင်တွင် ကျင်းပကြောင်း သိရသည်။

ပြိုင်ပွဲဝင် လှေအသင်းများအနေဖြင့် ပြိုင်ပွဲကော်မတီက သတ်မှတ်ပေးထားသော ငှက်လှေများဖြင့် လှေလှော်သား ၁၀ ဦး၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့●**

ရှင်းလင်းပြန်ကြားချက်

စက်တင်ဘာ ၂၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာမျက်နှာဖုံးတွင် သတင်းထောက်ထက်ခိုင်(စမ်းချောင်း)အမည်ဖြင့် ဖော်ပြထားသော "ဈေးကွက်အတွင်းငါးပိအချို့ဓာတ်မြေဩဇာများပါဝင်မှုအတည်ပြု" ဟူသောသတင်းတွင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန **(FDA)**ဓာတ်ခွဲခန်းက အဖြေထုတ်စစ်ဆေးပေးခဲ့ကြောင်း မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးအသင်းဥက္ကဋ္ဌ ဦးဗအုပ်ခိုင်က ပြောကြားခဲ့သည်ဆိုသည့်သတင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းရှင်းလင်းပြန်ကြားအပ်ပါသည်-

(က) အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပေးခဲ့သောနမူနာမှာ ငါးပိမဟုတ်ဘဲ ရေကျိုငါးပိနမူနာ သုံးမျိုးသာဖြစ်ပါသည်။

(ခ) ၎င်းရေကျိုငါးပိနမူနာ သုံးမျိုးအနက်တစ်မျိုးတွင် ယူရီးယားဓာတ် ပါဝင်သည်ကိုတွေ့ရှိရပါသည်။

သို့သော် ထိုသို့တွေ့ရှိသည့် ယူရီးယားဓာတ်မှာ ဓာတ်မြေဩဇာရောနှောပါဝင်ခြင်းကြောင့်ဟုတ်/မဟုတ်ကို ခွဲခြားနိုင်ခြင်းမရှိကြောင်း မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးအသင်းဥက္ကဋ္ဌ ဦးဗအုပ်ခိုင်သို့ ပြန်ကြားထားပါကြောင်း ရှင်းလင်းပြန်ကြားအပ်ပါသည်။

ကြေးမုံစာတည်းရှုထောင့် ၂၈-၉-၂၀၁၃ (စနေနေ့)

ဆေးလိပ်နှင့်ဆေးရွက်ကြီး

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို မကြာသေးမီရက်အတွင်းက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ထိုဆွေးနွေးပွဲတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ နှစ်စဉ် လူဦးရေ ငါးသန်းကျော်သည် ဆေးလိပ်နှင့်ဆေးရွက်ကြီးသုံးစွဲမှုမှ ဖြစ်ပေါ်သည့်ရောဂါများကြောင့် သေဆုံးလျက်ရှိကြောင်း သိရှိလိုက်ရသည်။

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင်လည်း သုံးစွဲမှုများရှိနေဆဲဖြစ်ပြီး ထိုသောက်သုံးမှုကြောင့် နောက်ဆက်တွဲဆိုးကျိုးများဖြစ်ပေါ်ပြီး ကျန်းမာရေးထိခိုက်ခြင်းနှင့် သေဆုံးခြင်းများလည်း ရှိမည်ဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် အစောပိုင်းကာလကတည်းက ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း၏ ၁၁ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ပြီး သောက်သုံးမှု ထိန်းချုပ်ရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းပါအချက်များကို အခြေခံသည့် ဆေးလိပ်၊ ဆေးရွက်ကြီးထိန်းချုပ်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံများနည်းတူ တက်တက်ကြွကြွ အကောင်အထည်ဖော်လျက်ရှိသည်ကိုလည်း မြင်တွေ့နေရသည်။

ထိုသို့အကောင်အထည်ဖော်ရာ၌ နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၀၆ ခုနှစ် မေလ ၄ ရက်နေ့တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ဥပဒေကိုပြဋ္ဌာန်းပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

သို့သော် ထိုဥပဒေကိုပြဋ္ဌာန်းပြီး ဆောင်ရွက်နေသည်မှာ ခုနစ်နှစ်ကျော် ကာလရှိပြီဖြစ်သော်လည်း ယနေ့ကာလအထိ ဆေးလိပ်ကြော်ငြာများနှင့် အရောင်းမြှင့်တင်မှုပုံစံအမျိုးမျိုးတို့ကို ဆေးလိပ်ကင်းစင်နယ်မြေဖြစ်သင့်သည့် အခြေခံပညာကျောင်းများအနီးတွင်ပင် တင်ပြရောင်းချနေကြသေးသည်ကို တွေ့ရှိနေရသေးသည်။

ထို့အပြင် ဆေးရွက်ကြီးသုံးစွဲမှုဖြစ်သည့် ကွမ်းစားဆေးအဖြစ် ထည့်သွင်းအသုံးပြုနေမှုများကိုလည်း နယ်မြေဒေသအသီးသီးတို့၌ ပိုမို၍ ကျယ်ကျယ်ပြန့်ပြန့် ရောင်းချနေကြ၍ ကျန်းမာရေးအတွက်သာမက ပတ်ဝန်းကျင်ညစ်ညမ်းမှုပါ ဖြစ်ပေါ်လျက်ရှိသည်။

ဆေးလိပ်သည် သောက်သုံးသူသာမက ပတ်ဝန်းကျင်ကိုပါ ကျန်းမာရေးအရ ထိခိုက်နစ်နာမှုရှိသကဲ့သို့ ဆေးရွက်ကြီးပါဝင်သည့် ကွမ်းစားကွမ်းမြုံ့ကြခြင်းသည်လည်း ကျန်းမာရေးအရသာမက ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်စေသည်မှာ အထင်အရှားဖြစ်သည်။

ထို့ကြောင့် ဥပဒေပါအချက်များကို ပြည်သူလူထုအနေနှင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်သဘောပေါက်အောင် ပညာပေးလုပ်ငန်းများကို ထိထိရောက်ရောက် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် လိုအပ်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတကာတွင် ဆောင်ရွက်သကဲ့သို့ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ဥပဒေပါအတိုင်း စည်းကမ်းတကျ လိုက်နာဆောင်ရွက်မှု မရှိသူများကိုလည်း ဥပဒေအရ အရေးယူဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်သွားရန် လိုအပ်နေသေးသည်ကို တွေ့ရသည်။

ထို့ကြောင့် လူမှုပတ်ဝန်းကျင်တစ်ရပ်လုံးကို ကောင်းကျိုးမပေးသော ဆေးလိပ်နှင့်ဆေးရွက်ကြီးသောက်သုံးမှု လျော့နည်းကျဆင်းပြီး စည်းကမ်းတကျဖြစ်စေရေးအတွက် ထိရောက်စွာ ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်၍ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

ရာသီပွဲတော် စက်လှေပြေးခ ဈေးကောင်းရ

ပခုက္ကူ စက်တင်ဘာ ၂၇

မန္တလေးတိုင်းဒေသကြီး ရှေးဟောင်းယဉ်ကျေးမှုမြို့တော် ပုဂံမြို့တွင် တော်သလင်းလဆန်းနှင့် လပြည့်နေ့များ၌ အနယ်နယ်မှ ဘုရားဖူးဧည့်သည်များစွာ လာရောက်ကြောင်း သိရသည်။

"တော်သလင်းလ ပုပ္ပားဘိုးတော် အောင်မင်းခေါင်(ထွက်ပွဲ) လာတဲ့သူတိုင်း ပုဂံကိုလာကြတယ်။ စွယ်တော်လေးဆူဖူးကြတယ်"ဟု ဗူးဘုရားဆိပ် စက်လှေသမားတစ်ဦးက ပြောသည်။ ပုဂံဗူးဘုရားဆိပ်တွင် စက်လှေ ၁၀၀ ဝန်းကျင်ရှိပြီး မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် တန့်ကြည်၊ အရာတော်ကျေးရွာအနီး ကိန်းဝပ်စံပျော်နေသော တန့်ကြည်တောင် စွယ်တော်မြတ်စွာဘုရားသို့ ဘုရားဖူးများ ဧရာဝတီမြစ်ကို စက်လှေစီး၍ လာရောက်ဖူးမြော်ကြည်ညိုကြကြောင်း သိရသည်။

စက်လှေပြေးခသည် ဧည့်သည်နည်းပါးချိန်ကျပ် ၁၅၀၀၀၊ ဧည့်သည်များချိန် ကျပ် နှစ်သောင်း၊ နှစ်သောင်းခွဲရှိသည်။ တန့်ကြည်တောင်ဆိပ်မှ တန့်ကြည်တောင်ထိပ်သို့ လိုက်ထရပ် ကျပ် နှစ်သောင်း၊ ဂျစ် ကျပ် ၁၅၀၀၀၊ ဘင် ကျပ် ၁၇၀၀၀၊ ကက်စတန် ကျပ် ၂၃၀၀၀၊ ဆိုင်ကယ် ကျပ် ၈၀၀၀ နှုန်းရှိသည်ဟု သိရသည်။ စက်လှေသမားအများစုသည် ပုဂံဘက်မှဖြစ်သည်ဟုလည်းသိရသည်။ "လူတစ်ဦး စက်လှေခ ကျပ် တစ်ထောင်နှုန်းဖြစ်ပါတယ်။ ဘိုးတော်ထွက်ပွဲရယ်၊ သင်္ကြန်ပွဲရယ်၊ သီတင်းကျွတ် ကျောင်းပိတ်ချိန်တွေမှာ များတယ်။ အာနန္ဒာပွဲကျတော့ တန့်ကြည်တောင်တက်ကြတာ နည်းတယ်"ဟု ပုဂံစက်လှေသမားတစ်ဦးက ပြောသည်။ ပုဂံစက်လှေသမားများသည် ညီညွတ်မှုအားဖြင့် စုပေါင်း၍ နှစ်စဉ်စက်လှေလေလံကို ရယူထားကြောင်း ဒေသခံများထံမှ စုံစမ်းသိရှိရသည်။

နေဦးမောင် (ပခုက္ကူ)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် စက်တင်ဘာ ၂၇

ရန်ကုန်	ရွှေဈေး	၆၉၃၉၀၀	-	၆၉၄၉၀၀
မန္တလေး	ရွှေဈေး	၆၉၃၉၀၀	-	၆၉၄၉၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၀၉၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၂၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	၉၇၃. ၀၀
(ခ)	ဥရောပ	တစ်ယူရို	၁၃၁၂. ၃
(ဂ)	တရုတ်	တစ်ယွမ်	၁၅၈. ၉၅
(ဃ)	ထိုင်း	တစ်ဘတ်	၃၁. ၁၈၆
(င)	မလေးရှား	တစ်ရင်းဂစ်	၃၀၂. ၄၁
(စ)	အိန္ဒိယ	တစ်ရူပီး	၁၅. ၆၉၆
(ဆ)	ဂျပန်	တစ်ရာယန်း	၉၈၃. ၉၇
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	၉၀. ၃၄၈
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	၉၁၀. ၈၈
(ည)	စင်ကာပူ	တစ်ဒေါ်လာ	၇၇၅. ၃၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

မြန်မာအက္ခရာမှ အင်္ဂလိပ်အက္ခရာသို့ ပြောင်းလဲရာတွင် လာရောက်ထုတ်ယူမှုနည်းပါး

ရန်ကုန် စက်တင်ဘာ ၂၇

မြန်မာအက္ခရာ နံပါတ်ပြားမှ အင်္ဂလိပ်အက္ခရာ နံပါတ်ပြားသို့ ပြောင်းလဲပြုလုပ်ပေးရာတွင် လာရောက်ထုတ်ယူမှု နည်းပါးလျက်ရှိကြောင်း ကညန(မြင်သာ)ရုံးမှ ခရိုင်ဦးစီးအရာရှိ ဦးစန်းယုထံမှ သိရသည်။

"အင်္ဂလိပ်အက္ခရာ ဖောင်းကြွနံပါတ်ပြား ပြောင်းချင်တဲ့သူတွေကို ဩဂုတ် ၂၆ ရက်မှစပြီး လုပ်ဆောင်ပေးနေပါတယ်၊ အခကြေးငွေသွင်းပြီးသားဖြစ်တဲ့အတွက် ဖောင်းကြွနံပါတ်ရရှိတဲ့သူတွေကို လာရောက်ထုတ်ယူစေချင်ပါတယ်"ဟု မြင်သာ(ကညန)ရုံးမှ ခရိုင်ဦးစီးအရာရှိ ဦးစန်းယုက ပြောသည်။

မြန်မာအက္ခရာမှ အင်္ဂလိပ်အက္ခရာသို့ ပြောင်းလဲသည့် ယာဉ်ပိုင်ရှင်များကလည်း ကညနရုံးသို့ တကူးတက သွားပြီး ပြုလုပ်ရာတွင် အချိန်ပေးရသည့်အတွက် လာရောက်ထုတ်ယူမှု နည်းပါးခြင်း၊ ရန်ကုန်မြို့၏ ယာဉ်ကျပ်တည်းမှုအား ကြောက်ရွံ့၍ ကညန(မြင်သာ) ရုံးဘက်သို့သွားသည့် အချိန်မျိုးမှသာ ထုတ်ယူမှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

မြင်သာ(ကညန)ရုံးတွင် တစ်ရက်လျှင် ယာဉ်စီးရေ ၃၀၀ နီးပါး ယာဉ်သက်တမ်းတိုးခြင်းများ လာရောက်ပြုလုပ်လျက်ရှိပြီး ယာဉ်သက်တမ်းတိုးသည့်အချိန်တိုင်း မြန်မာအက္ခရာမှ အင်္ဂလိပ်အက္ခရာသို့ ပြောင်းလဲပြုလုပ်နိုင်ကြောင်း သိရသည်။

မြန်မာအက္ခရာမှ အင်္ဂလိပ်အက္ခရာသို့ ပြောင်းလဲပြုလုပ်ရာတွင် မော်တော်ယာဉ်သက်တမ်း တိုးသည့်အခါတွင် လာရောက်ပြုလုပ်နိုင်ပြီး ဖောင်းကြွနံပါတ်ပြား ရ၊ မရကို ဖုန်း-၅၆၅၃၂၃၊ ၀၉-၇၃၀၉၅၃၉၈ တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(ကေသိန်းဆွေ)

ဇီဝမျိုးစုံမျိုးကွဲတွေကြွယ်စေဖို့ သဘာဝတောတွေထိန်းသိမ်းစို့

ပြည်တွင်းရေးရာ

❖ရှေ့ဖုံးမှ

ရည်ရွယ်ချက်များ၊ ရည်မှန်းချက်များ၊ အစိုးရ၏ မူဝါဒများနှင့် လုပ်နည်းကိုင်နည်းများကို ရှင်းရှင်းလင်းလင်း သဘောပေါက်နားလည်ထားရန် အရေးကြီးပါကြောင်း။

မိမိတို့အစိုးရ၏ ရည်ရွယ်ချက်မှာ သန်း ၆၀ သော ပြည်သူများ၏ တူညီသော ဆန္ဒဖြစ်ပြီး ယင်းဆန္ဒများပြည့်ဝအောင် ဆောင်ရွက်ပေးရေးသည် မိမိတို့အစိုးရ၏ ရည်မှန်းချက်ဖြစ်ပါကြောင်း၊ ပြည်သူများ၏ တူညီသောဆန္ဒမှာ အဓိကအားဖြင့် နှစ်ခုဖြစ်ပြီး တစ်ခုမှာ ပြည်သူများအနေဖြင့် မိမိတို့နိုင်ငံကို တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးသည့်နိုင်ငံ ဖြစ်လိုကြပါကြောင်း၊ နောက်တစ်ခုမှာ အဘက်ဘက်မှ နောက်ကျကျန်နေသည့် လူမှုစီးပွားဘဝမြင့်မားတိုးတက်လိုကြပါကြောင်း၊ ထို့ကြောင့် ပြည်သူများ၏ ယင်းလိုအင်ဆန္ဒများကို အောင်မြင်အောင် ရည်မှန်းချက်ထားပြီး မိမိတို့အစိုးရအနေဖြင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွင် မတည်မငြိမ်ရှိခဲ့သည့် နိုင်ငံရေးအဖွဲ့အစည်းများကို တည်တည်ငြိမ်ငြိမ်ဖြစ်အောင် အစိုးရ၏ နိုင်ငံရေးလုပ်ငန်းစဉ်တွင် နိုင်ငံသားအားလုံး ပါဝင်လာနိုင်ကြအောင်၊ နှစ် ၆၀ ကျော်ကြာညောင်းခဲ့ပြီးဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းအောင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုအပိုင်းတွင် ဆင်းရဲနွမ်းပါးမှုနှုန်း အများဆုံးဖြစ်နေသည့် ကျေးလက်နေပြည်သူများ၏ လူမှုဘဝ တိုးတက်မြင့်မားလာအောင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်နေသကဲ့သို့ တိုင်းပြည်၏စီးပွားရေးကို ပြန်လည်ထူထောင်နိုင်ရန်အတွက် အရင်းအနှီးနှင့် နည်းပညာများရရှိအောင် ပြည်တွင်း၊ ပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များကို ဖိတ်ခေါ်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

ဦးစားပေးလုပ်ငန်းအဖြစ် ပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများများ ရရှိနိုင်မည့် အလုပ်ရုံ၊ စက်ရုံများနှင့် လုပ်ငန်းများ၊ ပြည်တွင်းထွက်ကုန်များကို တန်ဖိုးမြှင့်တင်ပေးနိုင်မည့် အသေးစားနှင့် အလတ်စား SMEs လုပ်ငန်းများ၊ ကျေးလက်အထိ ဆက်သွယ်ရေးလွှမ်းခြုံနိုင်မည့် လုပ်ငန်းများကို အမြန်ဆုံး အကောင်အထည်ဖော်နိုင်အောင် ဆောင်ရွက်နေပါကြောင်း။

အုပ်ချုပ်ရေးအပိုင်းတွင်လည်း ဗဟိုက ဦးစီးချုပ်ကိုင်သည့် အုပ်ချုပ်ရေးစနစ်အစား ပြည်သူကိုဗဟိုပြုသည့် ပြည်သူ့အုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း။

ယင်းပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို ကုန်လွန်ခဲ့သည့် လပေါင်း ၃၀ တွင် မိမိတို့ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ဒီမိုကရေစီအတွေ့အကြုံ၊ ဒီမိုကရေစီအလေ့အကျင့် နည်းပါးကြသေးသည့်အတွက် တချို့လုပ်ငန်းများကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့သည်များရှိသကဲ့သို့ အချို့လုပ်ငန်းများတွင် အားနည်းချို့ယွင်းချက်များလည်း ရှိခဲ့ပါကြောင်း၊ ပြုပြင်ပြောင်းလဲစ နိုင်ငံတိုင်းတွင် တွေ့ကြုံရစမြဲဖြစ်သည့် အခက်အခဲများ၊ စိန်ခေါ်မှုများနှင့်လည်း ရင်ဆိုင်ကြုံတွေ့နေရသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း။

ယင်းအတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များကို သင်ခန်းစာရယူပြီး ကျန်ရှိသည့် လပေါင်း ၃၀ အတွင်း တိုင်းပြည်နှင့်လူမျိုးအတွက် စိတ်စေတနာ မှန်ကန်စွာထားပြီး မိမိတို့အစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ကြမည်ဆိုသည်ကို ပြီးခဲ့သည့် ဩဂုတ် ၉ ရက်က ကျင်းပခဲ့သည့် အစည်းအဝေးတွင် ပြောကြားခဲ့ပြီးဖြစ်ပါကြောင်း။

ယင်းအစည်းအဝေးတွင် ကျန်သည့် လ ၃၀ အတွင်း ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်းပြီး လုပ်ငန်းကဏ္ဍအလိုက် လက်တွေ့အောင်မြင်ပြီးမြောက်သည်အထိ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည့် Delivery Unit/Taskforce များဖြင့် မြေပြင်ကွင်းဆင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု ထည့်သွင်းပြောကြားခဲ့ပြီး ဖြစ်ပါကြောင်း။

ဒုတိယသမ္မတ၊ ဝန်ကြီးများ ဦးဆောင်သည့် Cabinet Committee များ၏ အောက်တွင် Cabinet Sub-committee/Delivery Unit ၂၆ ခု ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုတွေ့ဆုံသည့် ဒုတိယဝန်ကြီးများသည် ယင်းဆပ်ကော်မတီများ၏ အဖွဲ့ခေါင်းဆောင်၊ ဥက္ကဋ္ဌများဖြစ်သည့်အတွက် နိုင်ငံတော်သမ္မတ၏ အထူးတာဝန်ပေး Taskforce လက်ရုံးများအဖြစ် ယုံကြည်အားကိုးစွာ တာဝန်ပေးအပ်လိုသည့်အတွက် ယခုကဲ့သို့ တွေ့ဆုံခြင်းဖြစ်ပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်ကို ခေတ်သစ်၊ စနစ်သစ် ဒီမိုကရေစီနိုင်ငံအဖြစ် ပြုပြင်ပြောင်းလဲပေးရသည့်တာဝန်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအခြေခံအုတ်မြစ်ချပေးရသည့် တာဝန်နှစ်ရပ်ကို ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို ကမ္ဘာကအသိအမှတ်ပြုသည်အထိ သိသိသာသာပြောင်းလဲပေးနိုင်ခဲ့ပြီဖြစ်သော်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားတိုးတက်အောင်ဆောင်ရွက်သည့်အပိုင်းတွင်မူ အရင်းအနှီး၊ နည်းပညာကျွမ်းကျင်မှု၊ စွမ်းဆောင်ရည်များ များစွာလိုအပ်ခြင်းကြောင့် စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲရေး မဟာဗျူဟာအခြေခံမူဘောင် (Framework for Economic and Social Reforms-FESR) နှင့်အညီ ကြိုးပမ်းဆောင်ရွက်နေသော်လည်း အချို့ကဏ္ဍများတွင် သိသိသာသာတိုးတက်သော်ငြား အချို့ကဏ္ဍများကိုမူ ဆက်လက်ကြိုးပမ်းဆောင်ရွက်ရဦးမည့် အနေအထားရှိနေပါကြောင်း။

ဤနေရာတွင် မိမိတို့အစိုးရယန္တရား၏ စွမ်းဆောင်ရည်နှင့် ပုဂ္ဂလိကကဏ္ဍ၏ စွမ်းဆောင်ရည်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသည့်အတွက် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ရှိသည့် သန့်ရှင်းသော အစိုးရယန္တရားဖြစ်အောင် ပြုပြင်ပြောင်းလဲနေသကဲ့သို့ လူမှုအဖွဲ့အစည်းများ အပါအဝင် ပုဂ္ဂလိကကဏ္ဍ အားကောင်းပြီး စွမ်းအားမြင့်မားလာအောင် အားပေးမြှင့်တင်ရေးမူဝါဒကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် အစိုးရပိုင်းက ဦးဆောင်ပြီး ပုဂ္ဂလိကကဏ္ဍ လူမှုအဖွဲ့အစည်းများနှင့်နီးကပ်စွာ ညှိနှိုင်းပူးပေါင်းကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားလိုအပ်ချက်များကို လက်တွေ့အကောင်အထည်ဖော်နိုင်ရေးအတွက် ယခုကဲ့သို့ ဒုတိယဝန်ကြီးများနှင့် ဌာနစုံပါဝင်သောအဖွဲ့က မြေပြင်တွင် အချိန်ပေးညှိနှိုင်းဖြေရှင်းဆောင်ရွက်ရန် စီစဉ်ခြင်းဖြစ်ပါကြောင်း။

ပြည်ထောင်စုဝန်ကြီးများနှင့် ဌာနအသီးသီးသည် မူလပုံမှန်တာဝန်များနှင့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ပြင်ဆင်ပြောင်းလဲရသည့် လုပ်ငန်းတာဝန်များကြောင့် သီးခြားကွင်းဆင်းရန် အချိန်မပေးနိုင်ခြင်း၊ အချိန်ပေးပါကလည်း တစ်ရက်နှစ်ရက်အပြင် ပို၍ အောက်ခြေတွင် ထိတွေ့ဆောင်ရွက်နိုင်သည့် အခြေအနေမပေးခြင်း၊ အစိုးရ၏ ရုံးလုပ်ငန်းစနစ်များကို ခေတ်နှင့်အညီ လျင်မြန်သွက်လက်စွာ ဆောင်ရွက်နိုင်ရန်နှင့် ပြည်သူများ၏ Mind Set နှင့် လုပ်နည်းလုပ်ဟန်များကို အချိန်ယူပြီး ပြုပြင်ပြောင်းလဲရန် လိုအပ်ခြင်းတို့ကြောင့် ဒုတိယဝန်ကြီးများကို Delivery Unit/Taskforce အဖြစ် မူလသမားရိုးကျလုပ်နည်းလုပ်ဟန်မှ ခွဲထွက်ပြီး ပိုမို၍အကျိုးရှိ ထိရောက်အောင် လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဦးတည်တာဝန်ပေးခြင်းဖြစ်ပါကြောင်း။

ထို့ကြောင့် ဒုတိယဝန်ကြီးများအနေဖြင့် မိမိတို့လုပ်နေကျရုံးလုပ်ငန်းသမားရိုးကျပုံစံအစား သွက်သွက်လက်လက်၊ ထက်ထက်မြက်မြက် တီထွင်ကြံဆ၊ တွေးခေါ်မြော်မြင်ပြီး လုပ်ငန်းကဏ္ဍအလိုက် သိသိသာသာ တိုးတက်အောင် ပုဂ္ဂလိကအသင်းအဖွဲ့များ၊ လူမှုအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ ပညာရှင်များ၊ ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ Delivery Unit/Taskforce များနှင့် မြေပြင်ကွင်းဆင်းထိတွေ့ကာ ရလဒ်ကောင်းရရှိမည့် နည်းလမ်းနှင့် အစီအမံများကို ဆောင်ရွက်ကြရန် အလေးထားတိုက်တွန်းမှာကြားလိုပါကြောင်း။

Delivery Unit/Taskforce များကို အစိုးရအဖွဲ့ဆပ်ကော်မတီတာဝန်ကိုပါ ပေးအပ်ရခြင်းမှာ လွှတ်တော်ကော်မတီအသီးသီးက ဆိုင်ရာကဏ္ဍအလိုက် ဥပဒေပြုစုခြင်းနှင့် အစိုးရဌာနများ၏ လုပ်ငန်းကဏ္ဍများ ဆွေးနွေးညှိနှိုင်းခြင်းတို့ ပြုလုပ်ရာတွင် ဌာနကိုယ်စားလှယ်အချို့သာ သွားရောက်ဆွေးနွေးခဲ့ပြီး ပြန်လည်တင်ပြအကောင်အထည်ဖော်မှုအပိုင်းတွင် အားနည်းလျက်ရှိသည့်အတွက် လွှတ်တော်ကော်မတီများက ဆွေးနွေးရန် ဖိတ်ကြားသည့်အခါတွင် ကဏ္ဍအလိုက်ဌာနစုံပါဝင်သည့် အစိုးရအဖွဲ့ဆပ်ကော်မတီများက အဖွဲ့စနစ်ဖြင့် သွားရောက်တွေ့ဆုံခြင်းအားဖြင့် အစိုးရနှင့် လွှတ်တော်ဆက်ဆံဆောင်ရွက်မှု ပိုမိုအဆင်ပြေချောမွေ့စေရန်လည်း ရည်ရွယ်ခြင်းဖြစ်ပါကြောင်း။

လွှတ်တော်ကော်မတီများနှင့် ဆွေးနွေးပြီးသည့်အခါတွင် ပြည်ထောင်စုဝန်ကြီးများ ပါဝင်ဖွဲ့စည်းထားသည့် အစိုးရအဖွဲ့ကော်မတီများထံသို့ ပြန်လည်တင်ပြဆွေးနွေးခြင်းအားဖြင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရမည့်လုပ်ငန်းများ ပိုမိုပီပြင်သွက်လက်လာမည်ဖြစ်ပါကြောင်း၊ အစိုးရအဖွဲ့ဆပ်ကော်မတီများအနေဖြင့် အစိုးရအဖွဲ့တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့် လ ၃၀ အတွင်း လုပ်ငန်းကဏ္ဍအလိုက် သိသာထင်ရှားသည့် တိုးတက်မှုအကျိုးရလဒ်(Result Based Performance) များရရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန်နှင့် ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့နေသည့် လုပ်ငန်းကဏ္ဍများတွင် ပြည်သူများ၏ လူမှုစီးပွားတိုးတက်ရေးကို အဟန့်အတား၊ အခက်အခဲဖြစ်နေသည့် ပြဿနာရပ်များကို ညှိနှိုင်းဖြေရှင်းပေးရန် အလေးအနက်မှာကြားလိုပါကြောင်း။

ယခုဆိုလျှင် ပြုပြင်ပြောင်းလဲရေးဦးဆောင်ကော်မတီ ဖွဲ့စည်းပေးထားပြီး လုပ်ငန်းကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းရေးတာဝန်များကို သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများအား တာဝန်ပေးအပ်ထားပြီးဖြစ်သည့်အတွက် အစိုးရအဖွဲ့ဆပ်ကော်မတီများအနေဖြင့် အစိုးရအဖွဲ့ကော်မတီ၊ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ အသိပေးတင်ပြတိုင်း ပေါင်းစပ်ညှိနှိုင်းရေးတာဝန်ခံ ဝန်ကြီးများထံသို့လည်း အမြဲသတင်းပို့တင်ပြခြင်းဖြင့် နိုင်ငံတော်သမ္မတအနေဖြင့် ချက်ချင်းလမ်းညွှန်စရာရှိသည်ကို လမ်းညွှန်ဆောင်ရွက်ပေးသွားနိုင်မည် ဖြစ်ပါကြောင်း၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပြီး၍ အတည်ပြုထုတ်ပြန်ရန်ရှိသည့် အချို့ကိစ္စရပ်များကိုလည်း အများပြည်သူသိရှိအောင် ထုတ်ပြန်ကြေညာပေးသွားရန် မှာကြားလိုပါကြောင်း။

နိဂုံးချုပ်အားဖြင့် ယခုကဲ့သို့ ဒုတိယဝန်ကြီးများကို အထူးတာဝန်များပေးအပ်ပြီး လွှတ်တော်နှင့်အစိုးရကြား၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုဝန်ကြီးဌာနများအကြား၊ ပြည်တွင်း၊ ပြည်ပပညာရှင်များ၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၊ လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများအကြားတွင် အဓိကနေရာမှ ပင်တိုင်ဦးဆောင်လှုပ်ရှား၊ ညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်သည့်အတွက် မိမိကိုယ်တိုင်နှင့် မိမိအဖွဲ့ဝင် ဌာနဆိုင်ရာပုဂ္ဂိုလ်များ အားလုံး ဘာသာရပ်ကျွမ်းကျင်မှု၊ စွမ်းဆောင်ရည်ပြည့်ဝမှုရှိအောင် လေ့လာကြိုးပမ်းဆောင်ရွက်ကြရန်၊ ပေါင်းစပ်ညှိနှိုင်းဖြေရှင်း ဆောင်ရွက်မှုပြုရာတွင် ဆက်ဆံရေးပြေပြစ်ကောင်းမွန်ပြီး မိမိတို့ကြောင့် အစိုးရတစ်ဖွဲ့လုံး ဂုဏ်သိက္ခာမထိခိုက်စေဘဲ မိမိတို့အစိုးရတစ်ဖွဲ့လုံးအပေါ် ပြည်သူက ယုံကြည်အားကိုးလာအောင် ဆောင်ရွက်ကြရန်၊ မိမိတို့ ဆောင်ရွက်ကြမည့် လုပ်ငန်းကဏ္ဍများအလိုက် လ ၃၀ အတွင်း ဦးစားပေးညှိနှိုင်းဆောင်ရွက်ရမည့် လုပ်ငန်းများသည် မိမိတို့ဝန်ကြီးဌာနများအတွက်သာမက မိမိနိုင်ငံ၊ မိမိတို့ပြည်သူအတွက်ဖြစ်သည်ဟူသော စိတ်စေတနာဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြရန်၊ လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ကြရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများသည် မြေပြင်တွင် လက်တွေ့အကောင်အထည်ဖော်ရန် အခက်အခဲရှိနေပါက ပြန်လည်တင်ပြပြီး ခေတ်စနစ်နှင့်ဆီလျော်၍ မြေပြင်တွင် လက်တွေ့ကျင့်သုံးနိုင်မည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ရန်လိုအပ်ပါက ပြန်လည်တင်ပြဆောင်ရွက်ကြရန်၊ မိမိတို့ ကွင်းဆင်းဆောင်ရွက်ရသည့် ကိစ္စရပ်များသည် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကြောင့် မဟုတ်ဘဲ လူပုဂ္ဂိုလ်များနှင့် အမိန့်ညွှန်ကြားချက်အဟောင်းများကြောင့် အတားအဆီး၊ အခက်အခဲဖြစ်နေပါက သက်ဆိုင်ရာအစိုးရအဖွဲ့ကော်မတီသို့ ချက်ချင်းတင်ပြပြီး လျင်မြန်စွာ ဖြေရှင်းဆောင်ရွက်သွားကြရန်၊ မိမိတို့ဆောင်ရွက်သမျှသည် ပြည်သူများ၏ လူမှုစီးပွားရေးလိုအပ်ချက်များကို ဖြည့်ဆည်းရန်နှင့် ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒများကို အလေးထားဆောင်ရွက်သည့် ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဖြစ်သည့်အားလျော်စွာ ပြည်သူများ၏ အကြံပြုချက်များကိုလည်း အလေးထားလက်ခံပြီး ဖြေရှင်းဆောင်ရွက်ပေးကြရန်၊ ဌာနဆိုင်ရာအချို့တွင် အမိန့်ရမှလုပ်တတ်သည့် အခြေအနေမှ အောက်ခြေတွင် ဆောင်ရွက်သင့်၊ ဆောင်ရွက်ထိုက်သည်များကို ဥပဒေနှင့်အညီ တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ရဲရဲဝံ့ဝံ့ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းကို အစိုးရယန္တရား၊ ဌာနဆိုင်ရာများအကြား အစိုးရအဖွဲ့ဆပ်ကော်မတီများက နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အထူးတာဝန်ပေးအပ်သည့် အဖွဲ့များပီပီ စံနမူနာပြ ဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ပြည်ထောင်စုအစိုးရ ဆပ်ကော်မတီများအဖြစ် နိုင်ငံခြားရေးရာမူဝါဒဆိုင်ရာ ဆပ်ကော်မတီ၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ၊ ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ၊ လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍဆပ်ကော်မတီ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာဆပ်ကော်မတီ၊ ဘဏ္ဍာရေး၊ ငွေရေးကြေးရေး၊ စီးပွားရေး ပူးပေါင်းညှိနှိုင်းရေးဆပ်ကော်မတီ၊ အခွန်အကောက်ဆိုင်ရာဆပ်ကော်မတီ၊ စွမ်းအင်သယံဇာတနှင့် ဓာတ်သတ္တုဆိုင်ရာဆပ်ကော်မတီ၊ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆပ်ကော်မတီ၊ အာဆီယံစီးပွားရေးအသိုက်အဝန်းဆိုင်ရာ ဆပ်ကော်မတီ၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုဆပ်ကော်မတီ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆပ်ကော်မတီ၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဖွံ့ဖြိုးရေးဆပ်ကော်မတီ၊ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာဆပ်ကော်မတီ၊ အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာ ဆပ်ကော်မတီ၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ဆပ်ကော်မတီ၊ ဥပဒေကြမ်းဆိုင်ရာဆပ်ကော်မတီ၊ နိုင်ငံသားများ မူလအခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ဆပ်ကော်မတီ၊ တိုင်းရင်းသားရေးရာနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဆပ်ကော်မတီ၊ ကာကွယ်ရေးဆိုင်ရာ ဆပ်ကော်မတီ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဆပ်ကော်မတီ၊ တိုင်းရင်းသားရေးရာဆပ်ကော်မတီ၊ အလုပ်သမားရေးရာနှင့် တောင်သူလယ်သမားရေးရာဆပ်ကော်မတီ၊ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ ဆပ်ကော်မတီ၊ မြေအသုံးချမှုဆိုင်ရာစီမံခန့်ခွဲမှုဆပ်ကော်မတီ၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ ဟူ၍ ဆပ်ကော်မတီ ၂၆ ခုကို ဖွဲ့စည်းထားရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဘရာဇီးကမ္ဘာ့ဖလားပွဲအလုပ်သမားများ ကျေးကျွန်များကဲ့သို့ နေထိုင်ကြရဟုဆို

ဆွာပေါ်လို စက်တင်ဘာ ၂၇

ဘရာဇီးနိုင်ငံ၌ လာမည့်နှစ်တွင် ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပွဲ မတိုင်မီပြီးစီးရန် အကောင်အထည်ဖော်လျက်ရှိသော ဆောက်လုပ်ရေးစီမံကိန်းတစ်ခုမှ အလုပ်သမားများသည် ကျေးကျွန်များကဲ့သို့ နေထိုင်ရလျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်ဟု စက်တင်ဘာ ၂၆ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဆွာပေါ်လို နိုင်ငံတကာလေဆိပ် တိုးချဲ့ရေးလုပ်ငန်းခွင်သို့ ဝင်ရောက်စစ်ဆေးရာ အလုပ်သမား ၁၁၁ ဦးတို့သည် ယင်းလုပ်ငန်းခွင်အနီး၌ အလွန် ချို့တဲ့သော၊ အလွန်ဆိုးရွားသောနေရာ၌ နေရလျက်ရှိသည်ကို တွေ့ရသည်။

၎င်းတို့နေထိုင်ရသည့် အခြေအနေသည် ယခုထက်ပင် ပိုမိုဆိုးရွားလာဖွယ်ရာရှိနေသည်။ အချို့အလုပ်သမားများသည် အလုပ်အကိုင်ရရှိရေးအတွက် ဒေါ်လာ၂၂၀ကျော်ပေးရသည်ဟု အလုပ်သမားရေးရာရှေ့နေချုပ်ရုံးက ပြောသည်။ ကတိကဝတ်ပေးထားသည့် လုပ်ခလစာမှာ တစ်လလျှင် ၆၂၅ ဒေါ်လာဖြစ်သည်ဟု ဆိုသည်။

အဆိုပါ အလုပ်သမားများတွင် ပန်ကာဒူဒူမျိုးနွယ်စု အင်ဒီယန်းခြောက်ဦးပါဝင်ပြီး ၎င်းတို့ကို ဆွာပေါ်လိုတွင် အလုပ်အကိုင်ရမည်ဟု နိုင်ငံ၏ အရှေ့မြောက်ပိုင်းမှ စည်းရုံးဖြားယောင်း ခေါ်ဆောင်လာခြင်း ဖြစ်သည်ဟု သတင်းများက ဆိုသည်။

အများစုသည် ချက်ချင်းအလုပ်အကိုင်မရရှိဘဲ လေဆိပ်အနီး ယာယီလက်ဖြစ်တဲယ် ၁၁လုံးအနက် တစ်လုံးအတွင်း စုပေါင်းနေထိုင်ကြရသည်။

အလုပ်သမားများသည် ကျွန်များကဲ့သို့ နေထိုင်နေရသည်ကို တွေ့ရှိရသည့်အတွက် ဆောက်လုပ်ရေးကန်ထရိုက်တာများကို ရက်ပေါင်း ၃၀ အတွင်းအရေးယူမည်ဟု အလုပ်သမားရေးရာရှေ့နေချုပ်ရုံးက ပြောသည်။

ကမ္ဘာ့ဖလားပွဲနှင့် ပတ်သက်သော ဆောက်လုပ်ရေးလုပ်ငန်းခွင်များကို စုံစမ်းစစ်ဆေးမှု စတင်နေပြီဖြစ်ကြောင်း ရှေ့နေချုပ်ရုံးက ဘရာဇီးသတင်းစာ ဖော်ဟာဒီအက်စ်ပေါ်လိုသို့ ပြောကြားသည်။

ဘီဘီစီ။

ဆွာပေါ်လို နိုင်ငံတကာလေဆိပ် တိုးချဲ့ရေးလုပ်ငန်းစီမံကိန်း၏ ဆောက်လုပ်ရေးလုပ်သားများကို တွေ့ရစဉ်။

ကင်ညာနယ်စပ်ရှိ လုံခြုံရေးကင်းစခန်းကို အယ်လ်ရှာဘက်သူပုန်အဖွဲ့ ချုံခိုတိုက်ခိုက်

နိုင်ရိုဘီ စက်တင်ဘာ ၂၇

အယ်လ်ရှာဘက်စစ်သွေးကြွအုပ်စုသည် နိုင်ရိုဘီမြို့ရှိ ကုန်တိုက်ကို အကြမ်းဖက် တိုက်ခိုက်ခဲ့ပြီးနောက် ကင်ညာနိုင်ငံနယ်စပ်ဒေသရှိ လုံခြုံရေးကင်းစခန်းတစ်ခုကို စက်တင်ဘာ ၂၆ ရက်ကတိုက်ခိုက်ခဲ့ရာရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်းဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဆိုမာလီနိုင်ငံနှင့် ထိစပ်နေသော နယ်စပ်ဒေသရှိ လုံခြုံရေးကင်းစခန်းကို စစ်သွေးကြွများက ချုံခိုတိုက်ခိုက်ခဲ့ကြောင်း၊ ယင်းစစ်သွေးကြွများမှာ နိုင်ရိုဘီမြို့ရှိ ကုန်တိုက်ကို တိုက်ခိုက်ခဲ့သော အယ်လ်ရှာဘက်အုပ်စုမှဖြစ်ကြောင်း ကင်ညာအာဏာပိုင်များက ပြောကြားကြသည်။

နိုင်ရိုဘီမြို့၌ ရှိသော ဝက်စ်ဂိတ်ကုန်တိုက်ကို စစ်သွေးကြွများက စီးနင်းသိမ်းပိုက်ခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် လေးရက်ကြာမျှ ထိပ်တိုက်တွေ့ခဲ့ရာ လူပေါင်း ၆၇ ဦး ထက်မနည်း သေဆုံးခဲ့သည်။

ဆိုမာလီနိုင်ငံ၌ ကင်ညာတပ်ဖွဲ့ဝင်များ ဆက်လက်ရှိနေမည်ဆိုပါက မိမိတို့ တိုက်ခိုက်သွားမည်ဖြစ်ကြောင်း အယ်လ်ရှာဘက်အဖွဲ့က ခြိမ်းခြောက်ခဲ့သည်။

နယ်စပ်ဒေသရှိ မန်ဒါရာမြို့၌ စစ်သွေးကြွတို့၏ ချုံခိုတိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိခဲ့ပြီး မော်တော်ယာဉ် ၁၁စီးပျက်စီးခဲ့ရသည်။

ပီတီအိုင်။

ဆိုမာလီနိုင်ငံအခြေစိုက် အယ်လ်ရှာဘတ် စစ်သွေးကြွအုပ်စုမှ တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

ပါကစ္စတန် အနောက်မြောက်ပိုင်းတွင် ဘတ်စ်ကားပေါ်၌ ဗုံးပေါက်ကွဲ အလုပ်သမား ၁၇ ဦး သေဆုံး၊ ၃၀ ကျော်ဒဏ်ရာရ

အစ္စလမ္မာဘတ် စက်တင်ဘာ ၂၇

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ပက်ရှ်ဝါမြို့တွင် အစိုးရအလုပ်သမားများ စီးနင်းလိုက်ပါလာသော ဘတ်စ်ကားတစ်စီးပေါ်၌ ဗုံးတစ်လုံးပေါက်ကွဲရာ၁၇ဦးသေဆုံး၍ ၃၀ကျော်ဒဏ်ရာရရှိသွားကြောင်း ဒေသဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ပက်ရှ်ဝါမြို့မှနေ၍ ပက်ရှ်ဝါမြောက်ဘက်မှ ကီလိုမီတာ ၂၀ ကွာဝေးသော ချာဆက်ဒါမြို့သို့ အစိုးရအလုပ်သမားများ စီးနင်းလိုက်ပါလာသည့် ဘတ်စ်ကားတစ်စီးပေါ်တွင် စက်တင်ဘာ ၂၇ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က ဗုံးတစ်လုံး ပေါက်ကွဲခြင်းဖြစ်ကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အဆိုပါဗုံးကို ကတ်ထူဘူးအတွင်း ထည့်သွင်းလာပြီး ကားနောက်ပိုင်းရှိ ထိုင်ခုံအောက်တွင် ထားခြင်းဖြစ်ကြောင်း၊ ယင်းနေရာမှပေါက်ကွဲခြင်းဖြစ်ကြောင်း၊ ခြောက်ကီလိုဂရမ်မှ ရှစ်ကီလိုဂရမ်ခန့်မှန်းခြေ အလေးချိန်ရှိသောပေါက်ကွဲရေးပစ္စည်းများ အသုံးပြုကာ ဗုံးပြုလုပ်ထားခြင်းဖြစ်ကြောင်း ဗုံးရှင်းလင်းရေး ကျွမ်းကျင်ပညာရှင်များက ပြောကြားသည်။ **ဆင်ဟွာ။**

မွမ်ဘိုင်းတွင် လေးထပ်အဆောက်အအုံပြိုကျ လူ ၇၀ ခန့် ပိတ်မိလျက်ရှိပြီး တစ်ဦးသေဆုံး

မွမ်ဘိုင်း စက်တင်ဘာ ၂၇

အိန္ဒိယနိုင်ငံအနောက်ပိုင်း မွမ်ဘိုင်းမြို့တွင် လေးထပ်တိုက်တစ်လုံးပြိုကျရာ လူ ၇၀ ခန့် ပိတ်မိနေကြောင်း၊ လူတစ်ဦးသေဆုံးကြောင်း စက်တင်ဘာ ၂၇ရက် သတင်းတွင် ဖော်ပြသည်။

အဆိုပါအဆောက်အအုံမှာ ဒေါက်ခ်ယတ်ဒ်လမ်းအနီးတွင် ရှိကြောင်း၊ လူနေအဆောက်အအုံဖြစ်ပြီး အိမ်ထောင်စု ၂၀ ကျော် နေထိုင်လျက်ရှိကြောင်း အိန္ဒိယနိုင်ငံ အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့(အင်န်ဒီအမ်အေ)က ပြောကြားသည်။

ပြိုကျသွားသော အဆောက်အအုံအနီး လူအများ စုရုံးရောက်ရှိလာကြောင်း၊ အပြိုအပျက်များအောက်မှ လူတစ်ဦး၏ ရုပ်အလောင်းကိုဆွဲထုတ်နိုင်ခဲ့ပြီး လူခုနစ်ဦးကို ဘေးကင်းစွာ ကယ်တင်နိုင်ခဲ့ကြောင်း သတင်းတွင် ပါရှိသည်။

အိန္ဒိယနိုင်ငံ၌ အဆောက်အအုံများ မကြာခဏ ပြိုကျလေ့ရှိကြောင်း၊ ဆောက်လုပ်ရေး လုပ်ငန်းပိုင်း ကျွမ်းကျင်မှု အားနည်းခြင်းကြောင့်ဖြစ်ကြောင်း၊ ဧပြီလအတွင်းက မွမ်ဘိုင်းမြို့တွင် အဆောက်အအုံတစ်လုံးပြိုကျစဉ် လူ ၇၄ ဦးသေဆုံးခဲ့ကြောင်း၊ ဇွန်လကလည်း ယင်းမြို့တွင်ပင် အဆောက်အအုံတစ်လုံး ပြိုကျခဲ့ရာ လူငါးဦးသေဆုံးခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ဘီဘီစီ။

ခေတ်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ

Ph:01-545531,01-8603141, 09-5008161

Ph : 067-25422, 09-49-210 551, 09-5104455

Ph:02-73191, 09-5140655, 09-402571300

မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်း သစ်သီးအလှပြင်သင်တန်းဖွင့်မည်

သင်တန်းနေ့ရက် - ၇-၁၀-၂၀၁၃ ရက်မှ ၁၇-၁၀-၂၀၁၃ ရက်အထိ

သင်တန်းချိန် - မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ

သင်တန်းကြေး - ၃၀၀၀၀ိ/-

(သင်တန်းအထောက်အကူပစ္စည်းဖိုးမပါ)

သင်တန်းနေရာ - ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်း

[၄-၁၀-၂၀၁၃ ရက် နောက်ဆုံးထားစာရင်းပေးသွင်းရန်]

ဖုန်း- ၀၁-၃၇၉၃၆၁၊ ၀၉-၃၁၅၆၆၉၇၀

"ဂုဏ်ယူဝမ်းမြောက်ပါကြောင်း"

CitiAvenue Travels & Tours ခရီးသွားကုမ္ပဏီတည်ထောင်ဖွင့်လှစ်ခြင်းအတွက်

CitiAvenue

Travels & Tours

ကာန့်ကွက်နိုင်ကြောင်းကြော်ငြာ

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရှစ်ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ်(၂၇/၂၀၁၃)

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်
(၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်)

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရှစ်ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရှစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကစိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၁/၂၀၁၁)၊ ၂၄-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ်(၄/၂၀၁၁)၊ ၂၂-၄-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ်(၂၂/၂၀၁၂)နှင့် ၁၂-၆-၂၀၁၃ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၁၂/၂၀၁၃)တို့တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရှစ်ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

(၁)	ကြည်း ၂၂၆၁၃ ဒုတိယဗိုလ်မှူးကြီး ရဲထွန်း	(အစား)	ကြည်း ၁၇၉၆၉ ဒုတိယဗိုလ်မှူးကြီး ချစ်ဝင်း
(၂)	ကြည်း ၂၀၉၉၁ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ဝင်း	(အစား)	ကြည်း ၂၀၆၆၂ ဒုတိယဗိုလ်မှူးကြီး လွင်ဦး
(၃)	ကြည်း ၂၁၉၀၉ ဒုတိယဗိုလ်မှူးကြီး တင်မိုး	(အစား)	ကြည်း ၂၂၄၈၂ ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ညွန့်
(၄)	ကြည်း ၂၁၄၇၀ ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်	(အစား)	ကြည်း ၂၄၉၂၀ ဒုတိယဗိုလ်မှူးကြီး ကျော်ဇေယျ
(၅)	ကြည်း ၂၃၁၇၄ ဒုတိယဗိုလ်မှူးကြီး ထင်ကျော်စိုး	(အစား)	ကြည်း ၁၉၅၃၆ ဒုတိယဗိုလ်မှူးကြီး စိုးမြင့်အောင်
(၆)	ကြည်း ၁၇၆၇၈ ဒုတိယဗိုလ်မှူးကြီး မြင့်မော်	(အစား)	ကြည်း ၂၇၀၁၅ ဒုတိယဗိုလ်မှူးကြီး အောင်မြတ်သိန်း
(၇)	ကြည်း ၂၇၀၂၅ ဗိုလ်မှူး မိုးသူ	(အစား)	ကြည်း ၃၃၅၀၄ ဗိုလ်မှူး မင်းဇော်လင်း
(၈)	ကြည်း ၂၉၅၁၆ ဗိုလ်မှူး ကျော်မြင့်အောင်	(အစား)	ကြည်း ၃၃၅၀၅ ဗိုလ်မှူး ဇော်လှိုင်ဝင်း

အမိန့်အရ
(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ငါးဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ်(၂၈/၂၀၁၃)

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်
(၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်)

တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ငါးဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ငါးဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကစိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါကော်မရှင်၏ ကြေညာချက်အမှတ်(၂/၂၀၁၁)နှင့် ၁၆-၁၀-၂၀၁၂ ရက်စွဲပါကော်မရှင်၏ ကြေညာချက်အမှတ်(၄၂/၂၀၁၂)တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ငါးဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

(၁)	ကြည်း ၁၄၇၀၈ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်မိုး	(အစား)	ကြည်း ၂၈၁၄၈ ဒုတိယဗိုလ်မှူးကြီး ဇော်လင်း
(၂)	ကြည်း ၂၆၉၈၆ ဗိုလ်မှူး မြင့်စိုး	(အစား)	ကြည်း ၃၃၅၀၉ ဗိုလ်မှူး ရဲဝင့်စိုး
(၃)	ကြည်း ၂၈၂၈၈ ဗိုလ်မှူး မင်းရဲထွေး	(အစား)	ကြည်း ၃၅၃၅၇ ဗိုလ်မှူး သက်ဝင်း
(၄)	ကြည်း ၃၂၃၈၄ ဗိုလ်မှူး နေလင်းအောင်	(အစား)	ကြည်း ၃၁၄၀၁ ဗိုလ်မှူး သန်းထွန်းမြင့်
(၅)	ကြည်း ၃၂၃၆၃ ဗိုလ်မှူး ဇော်နေလင်း	(အစား)	ကြည်း ၂၀၅၉၂ ဗိုလ်မှူးသန်းထိုက်

အမိန့်အရ
(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော်စည်းဝေး

နေပြည်တော် စက်တင်ဘာ ၂၇

ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော် ဆဋ္ဌမအစည်းအဝေး သတ္တမနေ့ကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဟောက်ခင်းခမ်နှင့် လွှတ်တော်ကိုယ်စားလှယ်(၁၈)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက ဆဋ္ဌမနေ့ အစည်းအဝေးတွင် ဆွေးနွေးခဲ့သော ဥပဒေကြမ်း(၂)ခု အတည်ပြုခြင်း၊ ဥပဒေကြမ်း(၁)ခုပြင်ဆင်ရန် အဆိုတင်သွင်းဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

စစ်တောင်းမြစ်နှင့် ဝေါ်မြစ်ရေအခြေအနေ

နေပြည်တော် စက်တင်ဘာ ၂၇

စစ်တောင်းမြစ်ရေသည် တောင်ငူမြို့၌ ယနေ့ နံနက် ၁ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၇ စင်တီမီတာကျော်လွန်နေကာ ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဝေါ်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ စက်တင်ဘာ ၁၆ ရက်နံနက် ၃ နာရီခွဲအချိန်မှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၃၄ စင်တီမီတာ (၁ ပေခန့်) ကျော်လွန်နေကာ နောက်သုံးရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ ၂၀၁၃ ခုနှစ် စက်တင်ဘာ ၂၉ ရက်

ပါမောက္ခနွယ်နွယ်

၂၀၁၃ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့သည် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ ဖြစ်သည်။ ယခုနှစ်ကမ္ဘာ့နှလုံးကျန်းမာရေးနေ့၏ ဆောင်ပုဒ်မှာ အင်္ဂလိပ်ဘာသာဖြင့် 'Take the road to a healthy heart' ဖြစ်ပြီး မြန်မာဘာသာဖြင့် ပြန်ဆိုထားသောဆောင်ပုဒ်မှာ 'နှလုံးကျန်းမာ တစ်ဘဝစာ ကာကွယ်ထိန်းသိမ်းဆောင်ရွက်ပါ' ဖြစ်ပါသည်။

ကမ္ဘာ့နှလုံးအဖွဲ့ချုပ်သည် ကမ္ဘာပေါ်တွင် နှလုံးရောဂါနှင့်လေဖြတ်မှု တိုက်ဖျက်ရေးလုပ်ငန်းများကို အဖွဲ့ဝင် အဖွဲ့အစည်း ၂၀၀ ၏ ညီညွတ်သောအင်အားဖြင့် ဝင်ငွေနည်းသောနိုင်ငံများနှင့်ဝင်ငွေအသင့်အတင့်ရှိသော နိုင်ငံများတွင် အဓိကထားဆောင်ရွက်နေပါသည်။ နှလုံးရောဂါနှင့် လေဖြတ်ရောဂါတို့၏ လူနာနှင့်၎င်း၏မိသားစုအပေါ် ခံစားသက်ရောက်မှုများကို ဖော်ထုတ်ရန်ဖြစ်သည်။ ထိုလှုပ်ရှားမှုများကို နိုင်ငံပေါင်း ၁၀၀ကျော်မှ နှလုံးရောဂါဆိုင်ရာအဖွဲ့ချုပ်များ၏ အင်အားဖြင့်အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ရည်မှန်းချက်ဖြစ်သော ၂၀၂၅ ခုနှစ်တွင် နှလုံးသွေးကြောရောဂါကြောင့် အရွယ်မတိုင်မီ အသက်ဆုံးရှုံးရခြင်းကို ၂၅ ရာခိုင်နှုန်းလျှော့ချရန် ကြိုးပမ်းမှုတွင် ကမ္ဘာ့နှလုံးအဖွဲ့ချုပ်မှပူးပေါင်းပါဝင်ညီညီ ကြိုးပမ်းနေသည်။ ထိုသို့ကြိုးပမ်းနေသော ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၁၉၄ နိုင်ငံတွင် မြန်မာနိုင်ငံလည်းအပါအဝင်ဖြစ်သည်။

နှလုံးသွေးကြောရောဂါ၊ နှလုံးရောဂါနှင့် လေဖြတ်ရောဂါတို့သည် အမျိုးသမီးများနှင့်ကလေးများအပါအဝင် အသက်အရွယ်မရွေးဖြစ်နိုင်သည်။ နှလုံးသွေးကြောရောဂါကြောင့် နှစ်စဉ်လူ ၁၇ ဒသမ ၃ သန်း အသက်ဆုံးရှုံးကြရသည်။ ထိုသူများအနက် ၈၀ ရာခိုင်နှုန်းသည် ဝင်ငွေနည်းသောနိုင်ငံများနှင့် ဝင်ငွေ အလယ်အလတ်ရှိသော နိုင်ငံများမှဖြစ်ပြီး အသက်ဆုံးရှုံးမှုမြင့်မားသောရောဂါများ၏ နံပါတ်တစ်နေရာတွင် ရပ်တည်ဆဲဖြစ်သည်။ သေဆုံးမှုအများစုသည် အလုပ်လုပ်နိုင်ဆဲဖြစ်သော အသက်(၇၀)အောက်ဖြစ်ပြီး ထိုသို့ အရွယ်မတိုင်မီ သေဆုံးမှုများကြောင့် ကျန်ရစ်သော မိသားစုတွင် စီးပွားရေး၊ လူမှုရေးနှင့် စိတ်ဓာတ်ရေးရာ ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်စေပါသည်။

သင်သည် အောက်ပါတို့ကို သတိမူမိပါသလား။

- ကိုယ်လက်လှုပ်ရှားမှုမရှိခြင်းကြောင့် တစ်နှစ်လျှင် လူသုံးသန်းကျော် အသက်ဆုံးရှုံးရသည်။
- ကျန်းမာရေးနှင့်မညီညွတ်သောအစားအစာများကို စားသုံးခြင်းဖြင့် အသက်အန္တရာယ်ပေးသော ကမ္ဘာ့ထိပ်တန်းရောဂါ ၁၀ ခုတွင် ပါဝင်သော သွေးတိုးခြင်း၊ သွေးတွင်းအချိုဓာတ်များခြင်း၊ အဝလွန်ခြင်း၊ သွေးတွင်းအဆီဓာတ်များခြင်းတို့နှင့် ဆက်နွယ်နေပါသည်။
- တစ်နေ့လျှင် လူ ၁၅၀၀၀ သည် ဆေးလိပ်နှင့် ဆေးရွက်ကြီးအန္တရာယ်ကြောင့် သေဆုံးနေသည်။
- ဆေးလိပ်သောက်သူ နှစ်ဦးတွင် တစ်ဦးသည် ဆေးလိပ်နှင့်ဆေးရွက်ကြီး အန္တရာယ်ကြောင့် သေဆုံးနေသည်။
- တစ်ဆင့်ခံ ဆေးလိပ်ငွေ့ရှူရှိုက်ခြင်းကြောင့် နှစ်စဉ် ကလေးများ အပါအဝင် ဆေးလိပ်မသောက်သူ လူဦးရေ ၆၀၀၀၀၀ ကျော် အသက်ဆုံးရှုံးနေရသည်။

ကောင်းသတင်းမှာ နှလုံးသွေးကြောရောဂါ၏ ဖြစ်နိုင်ခြေအန္တရာယ်များကို ကုသခြင်း၊ ထိန်းထားခြင်းတို့ဖြင့် နှလုံးသွေးကြောရောဂါကို ကာကွယ်နိုင်သည်။ နှလုံးသွေးကြောရောဂါအန္တရာယ်ကိုလျှော့ချရန် လူသားတစ်ဦးချင်း၊ အိမ်ထောင်စုတစ်ခုချင်းမှ ကြိုးပမ်းရမည်။ သို့မှသာ ကျန်းမာသော လူ့အသိုင်းအဝိုင်းတစ်ခုကို ဖန်တီးနိုင်ပါသည်။

ကျန်းမာသောနှလုံးဖြင့် အသက်ရှည်ကောင်းမွန်သော ဘဝခရီးတွင် နေထိုင်လျှောက်လှမ်းနိုင်ရန် သင်လိုက်နာဆောင်ရွက်နိုင်မည့်အချက်များကို စဉ်းစားရှာဖွေကြည့်ကြပါစို့။

၁။ သွေးပေါင် မှန်မှန်ချိန်ပါ။

သွေးတိုးရောဂါသည် နှလုံးသွေးကြောရောဂါဖြစ်နိုင်ခြေ အန္တရာယ်များတွင် ထိပ်ဆုံးမှရပ်တည်ဆဲဖြစ်သည်။ သွေးတိုးရောဂါသည် ကြိုတင်သတိပေးသော ရောဂါလက္ခဏာများမပြဘဲ ဝင်ရောက်လာတတ်ပြီး လူအများစုသည် မိမိတွင် သွေးတိုးရောဂါရှိနေကြောင်း သတိမမူတတ်ကြပေ။ ထို့ကြောင့်လည်း သွေးတိုးရောဂါကို တိတ်တဆိတ်လူသတ်သမားဟု တင်စားထားခြင်းဖြစ်သည်။

၂။ ဆေးလိပ်ကို ဝေးစွာရှောင်ကြဉ်ပါ။

ဆေးလိပ်ဖြတ်ပါ။ တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူမိခြင်းမှလည်းရှောင်ကြဉ်ပါ။ နှလုံးသွေးကြောကျဉ်းရောဂါ ဖြစ်နိုင်ခြေအန္တရာယ်သည် ဆေးလိပ်ဖြတ်ပြီး နှစ်နှစ်အတွင်း သိသာစွာ လျော့နည်းလာကြောင်း အထောက်အထားများ ရှိပါသည်။ ဆေးလိပ်ပြတ်ပြီး (၁၅)နှစ်အတွင်းတွင် နှလုံးသွေးကြောရောဂါဖြစ်နိုင်ခြေ အန္တရာယ်သည် ဆေးလိပ် လုံးဝမသောက်သူများနှင့် တန်းတူဖြစ်လာနိုင်ပါသည်။ လိုအပ်ပါက ဆေးလိပ်ဖြတ်ရန်အတွက် ကျွမ်းကျင်သော ဆရာဝန်များထံမှ အကြံဉာဏ်ကောင်းများ ရယူပါ။

၃။ သွေးတွင်းသကြားဓာတ် ပမာဏတိုင်းပါ။

သွေးတွင်းသကြားဓာတ် မြင့်တက်နေခြင်းသည် သွေးချို၊ ဆီးချိုရောဂါရှိနေကြောင်း ညွှန်ပြနေသည်။ ဆီးချိုရောဂါရှိသူများ၏ ၆၀ ရာခိုင်နှုန်းသည် နှလုံးသွေးကြောရောဂါကြောင့်အသက်ဆုံးရှုံးကြရသည်။ ထို့ကြောင့် သွေးချို ဆီးချိုရောဂါရှိကြောင်း မသိရှိခဲ့ခြင်းနှင့် ကုသမှုမခံယူခဲ့ခြင်းတို့ကြောင့် နှလုံးသွေးကြောရောဂါနှင့် လေဖြတ်ခြင်းအန္တရာယ်များ ပိုမိုမြင့်တက်လာနိုင်သည်။

၄။ သွက်လက်စွာ လှုပ်ရှားပါ။

အတန်အသင့်ပြင်းထန်သော လေ့ကျင့်ခန်းများကို တစ်နေ့လျှင် နာရီဝက်၊ တစ်ပတ်လျှင် ငါးရက်လုပ်ခြင်းဖြင့် နှလုံးရောဂါနှင့် လေဖြတ်ခြင်းအန္တရာယ်များကို လျှော့ချနိုင်ပါသည်။ ကိုယ်လက်လှုပ်ရှားခြင်းဆိုသည်မှာ အားကစားလုပ်ခြင်း တစ်ခုတည်းကိုမဆိုလိုပါ။ ခန္ဓာကိုယ်စွမ်းအင်ကို အသုံးချသော မည်သည့် ကိုယ်လက်လှုပ်ရှားမှုမျိုးမဆို ပြုလုပ်နိုင်သည်။ ဥပမာ-ကလေးများနှင့် ပြေးလွှားဆော့ကစားခြင်း၊ လမ်းလျှောက်ခြင်း၊ အိမ်ဝေယျာဝစ္စများ ဆောင်ရွက်ခြင်း၊ ကခုန်ခြင်းတို့သည်လည်း ကိုယ်လက်လှုပ်ရှားခြင်းပင် ဖြစ်သည်။

၅။ အစားအသောက်ဆင်ခြင်ပါ။

ပြည့်ဝဆီ၊ ပုံပြောင်းဆီနှင့် ဆားဓာတ်အများအပြားပါဝင်သော အစားအစာများကို စားသုံးခြင်းကြောင့် နှလုံးသွေးကြောရောဂါနှင့် လေဖြတ်ခြင်းအန္တရာယ်များ ပိုမိုဖြစ်လာနိုင်သည်။ ဆားများများစားပါက သွေးတိုးမည်။ အဆီများများစားပါက သွေးကြောအတွင်း အဆီလွှာများစုပုံလာနိုင်မည်။

အသင့်စားသုံးနိုင်သော အစာများတွင် ဆားဓာတ်ပါဝင်မှုမြင့်မားသည်ကို သတိပြုပါ။ တစ်နေ့တာ ဆားသုံးစွဲမှုသည် ၅ ဂရမ်(လက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့်) ထက်မပိုအောင် သတိထားရပါမည်။

၆။ ကျွမ်းကျင်သောသူများထံမှ အကြံဉာဏ်ရယူပါ။

သင်သည် နှလုံးသွေးကြောရောဂါ သို့မဟုတ် လေဖြတ်ရောဂါခံစားနေရလျှင် ရောဂါကုသရန်နှင့် နောက်တစ်ကြိမ် ထပ်မဖြစ်အောင် ကျွမ်းကျင်သော ကျန်းမာရေးစောင့်ရှောက်မှုကို ပေးနိုင်သောသူများထံမှ အကြံဉာဏ်ကောင်းများ ရယူပါ။

ယခုနှစ် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ အထိမ်းအမှတ်အဖြစ် အမျိုးသမီးထုကြီးထံသို့လည်းအကြံပြု တိုက်တွန်းထားပါသည်။

သင့်နှလုံးကျန်းမာရေးအတွက် ဦးစားပေးပါ။ သင်နှင့်သင့်မိသားစုအတွက် အကျိုးရှိပါလိမ့်မည်။ နှလုံးရောဂါသည် အမျိုးသမီးထုကြီးအတွင်းတွင် နံပါတ်တစ် လူသတ်သမားအဖြစ် ရပ်တည်နေဆဲဖြစ်သည်။ ကမ္ဘာနှင့်တစ်ဝန်း တစ်နှစ်လျှင် အမျိုးသမီး ၈ ဒသမ ၆ သန်းကျော်သည် နှလုံးသွေးကြောရောဂါကြောင့် သေဆုံးနေရသည်။ အမျိုးသမီးများသည် မိမိတွင် ရှိနေသော နှလုံးသွေးကြောရောဂါအန္တရာယ်ကို ကောင်းမွန်စွာသိရှိပြီး ကာကွယ်ရန် ကြိုးစားဆောင်ရွက်ကြရမည်။

သွေးချိုဆီးချိုရောဂါရှိသော အမျိုးသမီးများသည် အမျိုးသားများထက် နှလုံးသွေးကြောရောဂါဖြင့် သေဆုံးရန် အန္တရာယ်ပိုများသည်။ ထို့ကြောင့် သွေးတွင်းအချိုဓာတ်ကို ပုံမှန်ထိန်းသိမ်းခြင်းသည် အလွန်အကျိုးရှိ၍ လိုက်နာရန်လိုအပ်ပါသည်။

နှလုံးသွေးကြောရောဂါအန္တရာယ်သည် မွေးမီသန္ဓေသားဘဝမှ စတင်ပြီး သန္ဓေသားကြီးထွားလာစဉ်ကာလနှင့် မွေးပြီးကလေးဘဝတွင်လည်း ဆက်လက်ရှိနေပါသည်။ အထူးသဖြင့် ကျန်းမာရေးနှင့်မညီညွတ်သော အစားအသောက်များစားသုံးခြင်း၊ ကိုယ်လက်လှုပ်ရှားမှုမရှိခြင်းနှင့် ဆေးလိပ်သောက်ခြင်းတို့ကြောင့်ဖြစ်နိုင်သည်။

သင်ကိုယ်ဝန်ဆောင်နေစဉ်ကာလအတွင်း နှလုံးကျန်းမာရေးအတွက် ကောင်းမွန်စွာ ပြုမူနေထိုင်ခြင်းဖြင့် မွေးဖွားလာမည့် သင့်ရင်သွေး၏ နှလုံးရောဂါဖြစ်နိုင်ခြေအန္တရာယ်ကို ကာကွယ်ပေးနိုင်ပါသည်။ ကိုယ်ဝန်မရှိခင် (သို့မဟုတ်)ရှိပြီးအချိန်တွင် သွေးတိုးပါက အထူးဂရုပြုရန်လိုသည်။ ကိုယ်ဝန်သက် ရက်သတ္တ ၂၀ ပတ်ကျော်ပြီးအချိန်တွင် သွေးတိုးခြင်းနှင့် ဆီးထဲတွင် ပရိုတင်းဓာတ် ပါဝင်ခြင်းသည် ကိုယ်ဝန်ဆိပ်တက်ခြင်းဖြစ်၍ မီးဖွားပြီးချိန်တွင် သွေးပေါင် ပုံမှန်ပြန်ဖြစ်သွားသော်လည်း နောင်တစ်ချိန်တွင် နှလုံးသွေးကြောရောဂါ ဖြစ်နိုင်ခြေအန္တရာယ်များနေဆဲပင်ဖြစ်သည်။ သင့်တွင် ထိုသို့အန္တရာယ်ရှိနေပါက ကျွမ်းကျင်သောသူများနှင့် တွေ့ဆုံဆွေးနွေးပြီး ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူပါ။

သင်ကိုယ်တိုင်၏ နှလုံးကျန်းမာရေးသာမက သင့်မိသားစု၏ နှလုံးကျန်းမာရေးကို ကောင်းစွာဂရုစိုက်ပါ။ ကလေးများသည် သင်လွယ်၊ တတ်လွယ်၊ အတုခိုးလွယ်သည်။ ထို့ကြောင့် နှလုံးကျန်းမာစေသော အပြုအမူ အနေအထိုင်များကို ကလေးဘဝကပင်စတင်၍ သင်ကိုယ်တိုင် လမ်းညွှန်ပြသပါ။ နှလုံးသွေးကြောရောဂါ ဖြစ်နိုင်ခြေအန္တရာယ်များကို သိရှိလာသည်နှင့်တစ်ပြိုင်နက် သင်၏ နှလုံးကျန်းမာရေးကောင်းမွန်လာရန် သင်မည်သို့ နေထိုင်ပြုမူမည်ကို ကြိုတင်ပြင်ဆင်နိုင်မည်ဖြစ်မည်။ သင်လိုက်နာသင့်သည့်အချက်များကို သင့်ပတ်ဝန်းကျင် အလွယ်တကူမြင်နိုင်သော နေရာတွင် သိသာထင်ရှားအောင် ထားပါ။ သင့်ကျန်းမာရေးအတွက် အကြံဉာဏ်ကောင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုကိုရရှိရန် ကျွမ်းကျင်သောသူများနှင့် ဆွေးနွေးတိုင်ပင်ရန် လိုအပ်သည်ဟု အကြံပြုတိုက်တွန်းလိုက်ပါသည်။ ။



မြို့သစ်ရပ်ကွက် လျှပ်စစ်မီးလင်းပြီ

ပုသိမ် စက်တင်ဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့နယ်ခွဲ မြို့သစ်ရပ်ကွက် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးတိုင်များ၊ လျှပ်စစ်မီးကြိုးများသွယ်တန်းခြင်းလုပ်ငန်းကို စက်တင်ဘာ ၁၆ ရက်မှစတင်၍ အနော်ရထာလမ်း လျှပ်စစ်မီးတိုင် ၁၀ တိုင်၊ မီးကြိုးအရှည် ပေ ၁၂၀၀၊ အသောကလမ်း လျှပ်စစ်မီးတိုင် ၁၂ တိုင်၊ မီးကြိုးအရှည် ပေ ၁၄၄၀၊ ဗိုလ်ပန်းလမ်း လျှပ်စစ်မီးတိုင် ၁၀ တိုင်၊ မီးကြိုးအရှည် ပေ ၁၂၀၀၊ ရိပ်သာလမ်း လျှပ်စစ်မီးတိုင် ၁၀ တိုင်၊ မီးကြိုးအရှည် ပေ ၁၂၀၀ စုစုပေါင်း လျှပ်စစ်မီးတိုင် ၃၂ တိုင်၊ မီးကြိုးအရှည် ပေ ၅၀၄၀ စုစုပေါင်း တန်ဖိုး ငွေကျပ် ၈၃၈၃၀၀၀ အကုန်အကျခံကာ ငါးသိုင်းချောင်းမြို့နယ်ခွဲ အုပ်ချုပ်ရေးမှူး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာတို့၏လမ်းညွှန်မှုဖြင့် မြို့သစ်ရပ်ကွက် အုပ်ချုပ်ရေးမှူး၊ ပရဟိတလူငယ်များနှင့် ရပ်မိရပ်ဖများပူးပေါင်း၍ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးကြိုးနှင့် ကွန်ကရစ်လျှပ်စစ်မီးတိုင်များစိုက်ထူ၍ မြို့သစ်ရပ်ကွက် လျှပ်စစ်မီးလင်းရေး ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(၆၉၇)**

တရားမဝင်မြန်မာအလုပ်သမား ထိုင်းနိုင်ငံမှ လွှဲပြောင်းလက်ခံခဲ့ရာ ယနေ့အထိ အလုပ်သမား ၆၀၀၀ ကျော်ရှိ

တာချီလိတ် စက်တင်ဘာ ၂၇

တာချီလိတ်မြို့ မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတား၌ စက်တင်ဘာ ၂၅ ရက် နံနက် ၁၁နာရီ ၅ မိနစ်တွင် ခရိုင်/မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများပါဝင်သော အဖွဲ့သည် ထိုင်းနိုင်ငံ လူဝင်မှုကြီးကြပ်ရေး ဦးစီးအရာရှိ စာစီတွန်၊ မယ်ဆိုင်ခရိုင် လူဝင်မှုကြီးကြပ်ရေးမှူး ဖနော်ကျာလူဖတ်၊ မယ်ဆိုင်ခရိုင် ဒုတိယလူဝင်မှုကြီးကြပ်ရေးမှူး ဆက်ဒါးရန်စုကျမ်းနှင့် ဒုတိယလူဝင်မှုကြီးကြပ်ရေးမှူး ယဆဲန်ခုမ်ဟန်ဆန် တို့က မြန်မာအလုပ်သမား အမျိုးသား ၁၄ ဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း ၁၅ ဦးတို့ကို လွှဲပြောင်းလက်ခံခဲ့ကြောင်း သိရသည်။

လွှဲပြောင်းလက်ခံခဲ့သော မြန်မာနိုင်ငံသား ၁၅ ဦးတို့အား တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက် မဟာမြတ်မုနိဘုရားကျောင်းဝင်းအတွင်း၌ ပူးပေါင်းအဖွဲ့ဖြင့်စစ်ဆေးခဲ့ရာ ထိုင်းနိုင်ငံအတွင်းသို့ တရားမဝင်ရောက်ရှိခဲ့ပြီး နေထိုင်ခွင့်ကတ်များ မရှိခြင်းနှင့် နယ်စပ်ဖြတ်သန်းခွင့် ခုနစ်ရက်ကျော်လွန်ခြင်းတို့ကြောင့် ရှောင်တခင် စစ်ဆေးချက်အရ ဖမ်းဆီးခံရခြင်းဖြစ်ပြီး ၎င်းတို့မှာ လူကုန်ကူးခံရခြင်းမရှိကြောင်း၊ လွှဲပြောင်းအလုပ်သမား ၁၅ ဦးအား မြို့နယ်အုပ်ချုပ်ရေးမှူး၏ အစီအစဉ်ဖြင့် ညနေ ၃ နာရီခွဲတွင် ၎င်းတို့၏ မိဘဆွေမျိုးများထံ ခံဝန်ချက်ဖြင့် အပ်နှံပေးခဲ့ကြောင်း၊ ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၃ ရက်မှ ယခုနှစ် စက်တင်ဘာ ၂၅ ရက်အထိ လွှဲပြောင်းပေးသည့် မြန်မာအလုပ်သမား အမျိုးသား ၄၉၃၁ ဦး၊ အမျိုးသမီး ၁၆၉၉ ဦး စုစုပေါင်း ၆၆၃၀ ရှိကြောင်း သိရသည်။ **မော်ကြီး(တြိဂံနယ်မြေ)**

မြေယာအသုံးချမှု စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ မြေစီမံခန့်ခွဲမှုဆိုင်ရာ သတင်းစာရှင်းလင်းပွဲကျင်းပစဉ်။ (သတင်းစဉ်)

○ ကျောဖုံးမှ

ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများ၏အကျိုးစီးပွားကို ထိရောက်စွာ မြှင့်တင်ပေးနိုင်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းလျက်ရှိပါကြောင်း။

မြေယာအငြင်းပွားမှုကိစ္စများတွင်လည်း ပြည်သူများ၏အကျိုးကို ရှေးရှုပြီးပတ်သက်မှုရှိသည့် ပြည်သူတစ်ဦးချင်း၏ ရပိုင်ခွင့်၊ အခွင့်အရေးများအပေါ် လေးစားခြင်း၊ ကိုယ်ချင်းစာခြင်း အစရှိသည့် စိတ်ကောင်းစေတနာများအပေါ် အခြေခံကာ အမှန်ကိုအမှန်အတိုင်း ဖြစ်သင့်ဖြစ်ထိုက်သည်များကိုလည်း ဖြစ်အောင်၊ လိုက်နာစောင့်ထိန်းရမည့် ပုဒ်မ၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှု မရှိစေရေးအတွက် ပြည်ထောင်စုလွှတ်တော်မှ စုံစမ်းရေးကော်မရှင်ဖွဲ့၍ ကော်မရှင်၏ တွေ့ရှိချက်များအပေါ် အစိုးရအဖွဲ့မှ ဆက်လက်အရေးယူဖြေရှင်းပေးရန် အပိုင်းအားဖြင့် သုံးပိုင်းပါဝင်သည့် သဝဏ်လွှာကို နိုင်ငံတော်သမ္မတထံ ပေးပို့ခဲ့ပါကြောင်း၊ ၎င်းတွေ့ရှိချက်များ၌ စုစုပေါင်းအမှုတွဲ ၇၄၅ မှုပါဝင်ကြောင်း။

ထိုကော်မရှင်၏တွေ့ရှိချက်များကို မပေးပို့မီကတည်းက အစိုးရအဖွဲ့သည် ဝန်ကြီးဌာနအသီးသီးက ပေးပို့လာကြသောတိုင်ကြားစာများ၊သတင်းပေးပို့ချက်များအပေါ် မိမိတို့အစီအစဉ်ဖြင့် စဉ်ဆက်မပြတ် ဖြေရှင်းလျက်ရှိပါကြောင်း၊ စီမံကိန်းကော်မရှင်အစည်းအဝေးပွဲများ ကျင်းပပြီး တိုင်းဒေသကြီး၊ ပြည်နယ်များ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ လျာထားရေးဆွဲစေကာ လယ်မဲ့၊ယာမဲ့များ၊အိမ်နေရာမရှိသူများကိုလည်း တရားဝင်နေရာချထားပေးနိုင်သည်အထိ မျှော်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုကိစ္စတွင်လည်း လွှတ်တော်များအပိုင်းမှရော ပြည်သူများကပါ ဖြစ်စေချင်သည့်ဥပဒေနှင့်ညီ ပြီး ပြည့်စုံမှန်ကန်မှုရှိကာ၊ တရားမျှတစွာ ဖြေရှင်းပေးနိုင်ရေးအတွက် အလေးအနက်ထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မြေယာကိစ္စများကို စနစ်တကျ ကြပ်မတ်ဖြေရှင်းနိုင်ရန် ဗဟိုအဆင့်တွင် ဒုတိယသမ္မတဦးဉာဏ်ထွန်း ခေါင်းဆောင်သည့်မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါဖွဲ့စည်းမှုနှင့်အတူ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊မြို့နယ်အဆင့်၊ ရပ်ကွက်၊ ကျေးရွာအဆင့် စီမံခန့်ခွဲမှု ကော်မတီများကို အဆင့်ဆင့်ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကိုလည်း တိတိကျကျသတ်မှတ်ပေးထားပါကြောင်း။

ယခုဖွဲ့စည်းမှုများတွင် မြို့နယ်အဆင့်၊ ရပ်ကွက်၊ ကျေးရွာအဆင့်များ၌ သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာဖွံ့ ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌများ၊ ရပ်မိရပ်ဖများ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များကို ထည့်သွင်းဖွဲ့စည်းထားသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ရည်ရွယ်ချက်မှာ ပြည်သူထဲက ပြည်သူများကို ကိုယ်စားပြုသူများ၊ ဖြစ်စဉ်ဖြစ်ရပ်အမှန်သိသူများ၊ လူထုသဘောဆန္ဒများကို သိသူများ၊ပကတိအခြေအနေမှန်ကို သိသူများဖြစ်၍ပြည်သူများဘက်မှ ရပ်တည်ပြောဆိုဆွေးနွေးပေးနိုင်ကြစေရန်ဖြစ်ပါကြောင်း။

အစိုးရအနေဖြင့် ယခုမှ ဒုတိယသမ္မတတစ်ဦး ခေါင်းဆောင်သည့် အဖွဲ့ဖွဲ့ပြီး စတင်ဆောင်ရွက်ပေးသည်ဟု မထင်မှတ်စေလိုပါကြောင်း၊မြေနှင့်ပတ်သက်သည့် ကိစ္စများအပေါ် အမြဲတမ်း အလေးအနက်ထား ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ယခုကဲ့သို့ဖွဲ့စည်းရခြင်းသည် ပြဿနာများကို ထိထိရောက်ရောက်နှင့်မှန်မှန်ကန်ကန်၊ မြန်မြန်ဆန်ဆန် ဖြေရှင်းပေးနိုင်ရန်ဖြစ်ပါကြောင်း၊ မြေယာကိစ္စရပ်များအတွက်လိုက်နာရမည့်လုပ်ထုံးလုပ်နည်းများအတိုင်း စနစ်တကျ လိုက်နာဆောင်ရွက်ကြမှသာ ရေရှည်အတွက် ခိုင်မာမည်ဖြစ်ပါကြောင်း၊ အစိုးရအပိုင်းမှ ပြန်လည်စွန့်လွှတ်ပေးမည့် မြေများအပေါ် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းအဆင့်များရှိသကဲ့သို့ တစ်ဖက်မှ တောင်းခံနေသူများနှင့် ပတ်သက်ပြီး တောင်းခံသူတစ်ဦးသည် အမှန်တောင်းဆိုနိုင်ခွင့်ရှိသူဟုတ်၊ မဟုတ်၊ အမွေဆက်ခံပိုင်ခွင့်၊ ဆွေစဉ်မျိုးဆက်၊ မွေးစားခြင်းကိစ္စများ တောင်းခံသူများအတွင်းမှာပင် သူရသင့်၊ ကိုယ်ရသင့် အချင်းများမှုများ၊ ကန့်ကွက်မှုများ ရှိ၊ မရှိစိစစ်ဆောင်ရွက်ရန် လိုအပ်သည်ကို နားလည်ပေးစေလိုပါကြောင်း။

ဥပဒေ၊ လုပ်ထုံးများနှင့်အညီ ဆောင်ရွက်ရာတွင်လည်း လယ်ယာမြေဥပဒေ ၂၀၁၂၊ လယ်ယာမြေ နည်းဥပဒေ ၂၀၁၂၊ မြေလွတ်မြေလပ်နှင့် မြေရိုင်းများဥပဒေ ၂၀၁၂နှင့် နည်းဥပဒေ ၂၀၁၂၊ မြေယာစီမံခန့်ခွဲမှုနှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနများ၏ တည်ဆဲဥပဒေများ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးစသည့် စည်ပင်သာယာရေးကော်မတီများ၏ တည်ဆဲဥပဒေများအတိုင်း အတိအကျ လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

မြို့နယ်အဆင့် မြေအသုံးချမှု စီမံခန့်ခွဲမှုကော်မတီ၏ အစည်းအဝေးများသို့ သက်ဆိုင်ရာမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များအား အခါအားလျော်စွာ ဖိတ်ကြားတက်ရောက်စေပြီး သဘောထားအမြင်အား ဆွေးနွေးညှိနှိုင်းခြင်း၊ ပြည်သူ့ ကိုယ်စားလှယ်များကပါ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြခြင်းဖြင့် ပိုမိုလျင်မြန်အောင်မြင်စွာ ဖြေရှင်းနိုင်ကြမည်ဖြစ်ပါကြောင်း။

မြေယာနှင့်ပတ်သက်သော အငြင်းပွားမှုများ ထပ်မံမဖြစ်ပွားစေရန် မိမိတို့နိုင်ငံတွင် ခေတ်နှင့်လျော်ညီပြီး တိကျသည့် မြေယာအသုံးချမှု မူဝါဒတစ်ရပ် ချမှတ်ရန် မဖြစ်မနေ လိုအပ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းပြည်ပမှ ပညာရှင်များ၊ ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရအဖွဲ့မဟုတ်သော အဖွဲ့အစည်းများ၏ အကူအညီရယူ၍ မူဝါဒရေးဆွဲချမှတ်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူဝါဒရေးဆွဲပြဋ္ဌာန်းပြီးလျှင် အမျိုးသားအဆင့် မြေအသုံးချမှု စီမံချက်ကိုလည်း ဆက်လက်ရေးဆွဲသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က သိမ်းဆည်းမြေများနှင့် ပတ်သက်၍ နိုင်ငံတော် သမ္မတရုံး၏ လမ်းညွှန်ချက်၊ သိမ်းဆည်းမြေများနှင့် ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ညွှန်ကြားချက်၊ မြေအသုံးချမှု စီမံခန့်ခွဲရေးဗဟိုကော်မတီဖွဲ့စည်းဆောင်ရွက်မှု၊ ကော်မတီအဆင့်ဆင့်ဖွဲ့စည်းမှုနှင့် သိမ်းဆည်းမြေများအပေါ် ပြန်လည်စွန့်လွှတ်ခြင်းနှင့် လွှဲပြောင်းခြင်းဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုအတွက် ပြည်သူများနစ်နာမှု မရှိစေရေးအတွက် စုံစမ်းစစ်ဆေးရေးကော်မတီ၏ အစီရင်ခံစာအပေါ် တွင် အစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်ထားရှိမှုနှင့် ဖြစ်စဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသည့် သတင်းမီဒီယာများမှ နိုင်ငံနှင့်အဝှမ်းရှိ လယ်ယာမြေနှင့် အခြားမြေများဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၈-၉-၂၀၁၃ (စနေနေ့)

၅း၄၀ "တရားဦးဓမ္မစကြာ" (အပိုင်း-၉) တရားတော် (ဆရာတော်အရှင်ပညာသီဟာဘိဝံသ)
၁၁း၀၅ သီချင်းကောင်းကောင်း၊ သီချင်းတောင်း
၁၁း၃၅ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ SEA Games အားကစားပြိုင်ပွဲအကြိုဂုဏ်ပြုအစီအစဉ်(အပိုင်း-၄)
၆း၂၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "မျက်နှာဖုံးချစ်သူ" (အပိုင်း-၈၆)
၁၀း၁၅ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးမှုကမ္ဘာ" (အပိုင်း-၆၇)
၁၀း၅၅ **MRTV-4** ကျန်းမာရေးကဏ္ဍ (အရက်သောက်ခြင်းနှင့်ကျန်းမာရေး)(အပိုင်း-၁)
၁၁း၁၀ World of Knowledge(Flight of the Elephant)

Spain Laliga ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၃၀	Valencia - Rayo Vallecano	(Star Sports)
၁၀း၃၀	Almeria - Barcelona	(Star Sports)

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၂း၃၀	Real Sociedad - Sevilla	(Star Sports)
၂း၃၀	Real Madrid - Atletico Madrid	(Star Sports)

*ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

တောင်ညိုတိုက်နယ်အတွင်း ရေနစ်မြုပ်မှုဒဏ်ခံခဲ့ရသည့် သောက်သုံးရေတွင်းများကို ကလိုရင်းပိုးသတ်ဆေးများ လိုက်လံခတ်ပေး

သတင်း၊ဓာတ်ပုံ – အောင်နိုင် (သတင်းစဉ်)

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် တောင်ညိုတိုက်နယ်အတွင်း ယခုလ ၂၃ ရက် ညကရွာသွန်းခဲ့သည့်မိုးကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ တိုက်နယ်အတွင်းကျေးရွာများဖြစ်ကြသည့် ကျောင်းစု၊ ဆယ်သိန်း၊ တောင်ညို၊ ပြည်တော်လင်း၊ သက်မွေးစု၊ ငွေးပင်ရိုး၊ ထန်းတော စသည့်ကျေးရွာများမှအိမ်ခြေများစွာနှင့် သောက်သုံးရေတွင်းများ ရေနစ်မြုပ်မှုဒဏ်ခံခဲ့ရသည်။

ထို့အတွက် နေပြည်တော်ကောင်စီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဒေသခံပြည်သူများအတွက် ကျန်းမာရေး၊ လူမှုရေးစောင့်ရှောက်မှုများကို တာဝန်ရှိအဖွဲ့အစည်းများက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။ ယနေ့တွင်လည်း နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ နေပြည်တော်ကျန်းမာရေးဦးစီးဌာနမှူး ဦးထွန်းမြင့်နှင့်တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ တိုက်နယ်ရှိကျေးရွာများအတွင်း သောက်သုံးရေတွင်းများသို့ သွားရောက်ကာ ရေဆိုးများကို ရေစုပ်စက်များဖြင့် စုပ်ထုတ်ပေးခြင်း၊ သောက်သုံးရေသန့်ပြန်လည်ရရှိရေးအတွက် ကလိုရင်းဆေးခတ်ပေးခြင်းများကို ဆောင်ရွက်ပေးကြသည်။

တိုက်နယ်အတွင်း သောက်သုံးရေတွင်းပေါင်း ၃၅၈ တွင်းရှိရာ၌ ယနေ့အထိ ၂၅၅ တွင်းကို ကလိုရင်းဆေးများ လိုက်လံခတ်ထည့်ပေးပြီးဖြစ်ပြီး ကျန်ရှိသည့် ရေတွင်းများကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တိုက်နယ်အတွင်းကျေးရွာများတွင် ရေလွှမ်းမိုးခံအိမ်ခြေ ၉၀၄ လုံးရှိခဲ့ပြီး နိုင်ငံတော်အပိုင်းမှ လိုအပ်သည်များအပေါ် အချိန်နှင့်အမျှ ကူညီဆောင်ရွက်ပေးလျက်ရှိသည်ကို သိရှိရသည်။

ရေလွှမ်းမိုးမှု ဖြစ်ပွားခဲ့သည့် အဆိုပါ ညဖြစ်စဉ်တွင် ကိုယ်တိုင်တွေ့ကြုံခံစားခဲ့ရသူ ကျောင်းစုကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးဖြစ်သော ဦးလှဝေက အောက်ပါအတိုင်းရင်ဖွင့်စကားပြောကြားခဲ့သည်။

"အဲဒီညက ၇ နာရီလောက်မှာ မိုးကပြင်းပြင်းထန်ထန်ရွာချကာ ရေတွေက ကားလမ်းနဲ့အညီ တဖြည်းဖြည်းတက်လာတာ မကြာခင်မှာပဲ ကားလမ်းပေါ် နှစ်ပေလောက်ရေလျှံနေပြီ၊ ကျွန်တော့်အိမ်ထဲမှာဆိုရင် ပေါင်ရင်းထိအောင်ရေတွေရောက်တယ်။ နံနက် ၅ နာရီလောက်မှ ရေပြန်ကျတာ။ပြောရရင်တော့ ဒီလိုမျိုးအတွေ့အကြုံတွေခံစားရတာ (၁၉) နှစ်လောက်ရှိပြီ။ ဆေးရုံတံတားအောက်က ရေပိုက်ပြွန်က ရေထွက်အားမကောင်းဘူး။ ဒိုက်ပုံတွေကပါ ပိတ်ဆို့နေတော့ ပိုဆိုးတာပေါ့။ နှစ်တိုင်းလိုလို ကျွန်တော့်အိမ်က ရေမြုပ်တဲ့ထဲမှာပါတယ်။

နောက်တစ်ခုက တောင်ညိုကားလမ်း အရှေ့ဘက်ခြမ်းတွေဟာ နှစ်တိုင်းလိုလို ရေနစ်တယ်။ နှစ်ပေါင်း ၅၀ အတွင်း အခုလို ပြင်းပြင်းထန်ထန် ရေကြီးရေလျှံမှုဖြစ်တာ သုံးကြိမ်ရှိပြီ။ ဒီတစ်ကြိမ်က ဆိုးတယ်ဆိုပေမယ့် ပထမဆုံးစဖြစ်ခဲ့တဲ့ လွန်ခဲ့တဲ့ နှစ် ၅၀က အဖြစ်လောက်တော့ မဆိုးသေးဘူးလို့ ဆိုရမယ်။ ၁၉၄၅-၁၉၄၆ ခုနှစ် ဝန်းကျင်လောက်ကပေါ့။ ပျဉ်းမနား ရွာကောက်တံတားပေါ်မှာ ကျောင်းဆင်းချိန်နဲ့ တိုးပြီး ကျောင်းသားတွေနဲ့ ဆရာဆရာမတွေက ရေကြီးနေတဲ့ ချောင်းရေစီးမှုကို ငုံ့ကြည့်နေတုန်း တံတားကျိုးကျလို့ အသက်ဆုံးရှုံးခဲ့ရဖူးတယ်။ အခုက အဲဒီလောက်တော့ မဆိုးဘူးလို့ ဆိုရမယ်။ ဒါပေမယ့် အနည်းနဲ့ အများတော့ ထိခိုက်တာပါပဲ"

အလားတူ ကျောင်းစုကျေးရွာနေ ကိုဇော်မင်းထွေးက သူ၏ အတွေ့အကြုံများကို ပြောပြရာ၌ "အဲဒီညက ချောင်းရေတွေ ရွာထဲကိုစဝင်တော့ အိမ်တွေထဲထိရောက်တယ်။ ပထမတော့ နည်းသေးတယ်။ ဘာမှမဖြစ်လောက်ပါဘူးဆိုပြီး ကျွန်တော်တို့ ထိုင်ကြည့်နေကြတာ။ နောက်တော့ တဖြည်းဖြည်းနဲ့ များလာတယ်။ အဲဒါနဲ့ မဖြစ်တော့ဘူးဆိုပြီး ပစ္စည်းတွေသိမ်းသင့်တာသိမ်း။ မိသားစုတွေကို ရေလွတ်ရာနေရာကို သွားပို့ကြတယ်။ ပြီးတော့ လူငယ်တွေစုစည်းပြီး ရွာထဲမှာ ရေဘေးကြောင့် မပြေးမလွှားနိုင်တဲ့ သက်ကြီးရွယ်အိုတွေကို ကူညီဖို့နဲ့ အရေးကြုံလာရင် ဝိုင်းဝန်းလုပ်ဆောင်နိုင်အောင် အဆင်သင့်စောင့်နေခဲ့ကြပါတယ်"

ရေကြီးရေလျှံမှုအပြီး နောက်တစ်နေ့ နံနက်တွင် နေပြည်တော်ကောင်စီမှ ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် တာဝန်ရှိသူများ ရောက်ရှိလာချိန်နှင့် ပတ်သက်၍ ၎င်းက အောက်ပါအတိုင်း ဆက်လက်ပြောပြသည်။

"ပထမကတော့ ရွာထဲကလူတွေ တော်တော်များများက အံ့သြနေကြတယ်။ တချို့အိမ်တွေက ရေတွင်းတွေကို ရေစုပ်စက်နဲ့ ရေဆိုးတွေစုပ်ထုတ်ပေးတော့ သူတို့စိတ်ထဲမှာ အခကြေးငွေပေးရမယ်လို့ ထင်ကြပြီး တစေ့တစောင်း အကဲခတ်နေကြတာ။ နောက်ကျတော့မှ ပိုက်ဆံမပေးရဘူးဆိုတာသိတော့ ဝမ်းသာသွားကြတာ။ လူတွေက ငွေကြေးလည်း သိပ်မချောင်လည်တော့လေ။ နောက်ပြီး သောက်သုံးရေနဲ့ပတ်သက်လို့ အခက်အခဲရှိမယ်မှန်း လူကြီးတွေက ကြိုတင်တွက်ဆထားပြီး လာတာဆိုတော့ ရေဘောက်ဆာကားတွေလည်း ပါလာတယ်။ ရေကို ခွဲတမ်းကျပေးတာမျိုးတောင်မဟုတ်ဘူးဗျ။ အိမ်ပေါက်စေ့ လိုသလောက်၊ အိမ်မှာရှိတဲ့ ထည့်စရာ ပုံး၊ ခွက်၊ဇလုံကအစ ပြည့်အောင်ထည့်ပေးတာ။ လူတွေက အလွန်ကျေးဇူးတင်နေကြတယ်။ နောက်တစ်ခုက ဖြစ်တဲ့ညမှာ နယ်မြေခံတပ်ရင်းက တပ်မတော်သားတွေလာပြီး လုံခြုံရေးနဲ့ ကာကွယ်စောင့်ရှောက်ရေးတွေ၊ အကူအညီပေးမှုတွေ ပြုလုပ်ပေးခဲ့တာ ကျွန်တော်တို့အားလုံး ကျေးဇူးတင်လို့မဆုံးပါဘူး"

ရေလွှမ်းမိုးခံ အဆိုပါ တိုက်နယ်အတွင်း ကျေးရွာများ၏ လိုအပ်ချက်များအတွက် တာဝန်ရှိသူများက စဉ်ဆက်မပြတ်ကူညီပံ့ပိုးမှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ကြားသိခဲ့ရသည်။ ။

☆ **မြန်မာနိုင်ငံမှ**

ယခုနှစ်အတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့က ချမှတ်ထားသည့် ဆောင်ပုဒ်မှာ "ကျွန်ုပ်တို့၏ အနာဂတ်ကို ကာကွယ်ဖို့ ခရီးသွားလုပ်ငန်းနှင့် ရေအရင်းအမြစ်ကို ထိန်းသိမ်းစို့" ဖြစ်ပါကြောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်အနေဖြင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အခမ်းအနားကို မော်လဒိုက်နိုင်ငံတွင် ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ရေအရင်းအမြစ်သည် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှု၊ အထူးသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တည်တံ့ခိုင်မြဲမှု၊ ဆင်းရဲနွမ်းပါးမှုနှင့် ငတ်မွတ်ခေါင်းပါးမှုတို့ ပပျောက်အောင် ဆောင်ရွက်နိုင်ရန် ၂၀၁၃ ခုနှစ်ကို "အပြည်ပြည်ဆိုင်ရာ ရေအရင်းအမြစ် ပူးပေါင်းဆောင်ရွက်ရေးနှစ်"အဖြစ် ကုလသမဂ္ဂအဖွဲ့ကြီးမှ ထုတ်ပြန်ကြေညာချက်မှာ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အတွက် ချမှတ်ထားသည့် ဆောင်ပုဒ်နှင့် ကိုက်ညီနေသည်ကို သတိပြုမိပါကြောင်း၊ ထို့ပြင်ရေအရင်းအမြစ်သည် ကမ္ဘာ့လူသားအားလုံး၏ ကျန်းမာခြင်း၊ ချမ်းသာခြင်းများအတွက် အရေးပါပြီး ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ အောင်မြင်ရန်အတွက် အခြေခံလိုအပ်ချက်တစ်ရပ် ဖြစ်ပါကြောင်း။

ရေအရင်းအမြစ်သည် ခရီးသွားလုပ်ငန်းကဏ္ဍ၏ အဓိက စီးပွားရေးလုပ်ငန်းများဖြစ်သည့် ဟိုတယ်နှင့် စားသောက်ဆိုင်များမှသည် အားလပ်ရက် အပန်းဖြေခရီးစဉ်များနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအထိ လွန်စွာအရေးပါသော တန်ဖိုးကြီးမားသည့် ပိုင်ဆိုင်မှုတစ်ရပ်အဖြစ် တည်ရှိနေသည်ကို ယခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့၏ဆောင်ပုဒ်က ဖော်ညွှန်းလျက်ရှိပါကြောင်း။

နှစ်စဉ်နှစ်တိုင်း ကမ္ဘာပေါ်ရှိ လူပေါင်းသန်းတစ်ထောင်ကျော်သည် နိုင်ငံတကာမှ ခရီးသွားလာလျက်ရှိကြသဖြင့် ခရီးသွားလုပ်ငန်းနယ်ပယ် [illegible] ဖြစ်လာပါကြောင်း၊ ခရီးသွားလုပ်ငန်းသည် [illegible] ကမ္ဘာလုံးဆိုင်ရာ GDP ၏ ၅ ရာခိုင်နှုန်း၊ [illegible] ခရီးသွားလုပ်ငန်းကဏ္ဍသည် ထင်ထားသည်ထက်ပို၍ ကြီးမားကျယ်ပြန့်နေသည်ကို သတိပြုမိပါကြောင်း။

မြန်မာနိုင်ငံသည် [illegible] ထွက်ပေါ်လာခဲ့ပါကြောင်း။

အကျိုးဆက်အနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံတကာခရီးသည်ရောက်ရှိမှုမှာ အချိန်တိုအတွင်း သိသိသာသာ တိုးတက်လာသည်ကို တွေ့ရပါကြောင်း၊ ယခုနှစ် ပထမရှစ်လအတွင်း ဧည့်သည် တစ်သန်းကျော်ဝင်ရောက်ခဲ့ပြီး ပြီးခဲ့သည့်နှစ် အလားတူ ကာလထက် ၅၈ ရာခိုင်နှုန်း တိုးတက်မှုရရှိခဲ့ပါကြောင်း၊ ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်မှာ နိုင်ငံတကာခရီးသည် ၁ ဒသမ ၀၆ သန်း ရောက်ရှိခဲ့ပြီး တိုးတက်မှု မှတ်ကျောက်တင်နိုင်ခဲ့ပါကြောင်း၊ ယခု ၂၀၁၃ ခုနှစ်မှာ နိုင်ငံတကာခရီးသည် ၁ ဒသမ ၈ သန်းမှ နှစ်သန်းအထိ လာရောက်လည်ပတ်နိုင်မည်ဟု ခန့်မှန်းထားပါကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် သိသာထင်ရှားသည့် ဖွံ့ဖြိုးတိုးတက်မှုရှိသည်ကို ဖော်ပြနေပြီး ဆက်လက်ပြီး သိသိသာသာ တိုးတက်လာနိုင်မည်ဟု ယုံကြည်ပါကြောင်း။

"ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တိုးတက်ခြင်းဖြင့် မြန်မာနိုင်ငံအား ယခုထက်ပို၍ လည်ပတ်လေ့လာဖွယ်ရာ နေရာတစ်ခုအဖြစ် ဖန်တီးရန်၊ နိုင်ငံသားများအားလုံးအတွက် ပိုမိုကောင်းမွန်သောစီးပွားရေးအခွင့်အလမ်းသစ်များ ပေါ်ထွန်းလာစေရန်၊ သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို အများနှင့်မျှဝေခံစားရန်" စသော မျှော်မှန်းချက်များထားရှိ၍ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် ပင်မစီမံကိန်းပေါ်ထွက်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

လက်ရှိအနေအထားအရ အထက်ပါမျှော်မှန်းချက်များကို အထောက်အကူပြုရေးနှင့် အချိန်မီအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးသည် လွန်စွာအရေးကြီးလှပါကြောင်း၊ ယခုလက်ရှိအချိန်သည် ဖွံ့ဖြိုးတိုးတက်မှုကို အတူတကွ ဖော်ဆောင်လိုကြသည့် အလှူရှင်အဖွဲ့အစည်းများထံမှ ငွေကြေးနှင့်နည်းပညာအထောက်အပံ့များ ရယူနိုင်ရန်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍကို မြှင့်တင်နိုင်ရန်အတွက် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲတစ်ရပ်ကျင်းပရန် အချိန်ကောင်းပင်ဖြစ်ပါကြောင်း၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) နှင့် ဂျာမနီအခြေစိုက် Hanns Seidel Foundation တို့၏ အထောက်အပံ့တို့ဖြင့် ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနတို့ ယနေ့ ဆွေးနွေးပွဲကို ပူးပေါင်းကျင်းပခြင်းဖြစ်ပါကြောင်း။

ယခုကျင်းပပြုလုပ်မည့် ဆွေးနွေးပွဲ၏ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းပင်မစီမံကိန်း၊ တာဝန်သိခရီးသွားလုပ်ငန်း မူဝါဒနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့အစည်းများပါဝင်ဆောင်ရွက်ရေးမူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ ခရီးသွားလုပ်ငန်း အရင်းအမြစ်များကိုအသုံးပြုပြီး ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ စွမ်းဆောင်ရည်များကို မြှင့်တင်ရန်နှင့် မြန်မာနိုင်ငံခရီးသွား လုပ်ငန်း ပင်မစီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်မှာ လိုအပ်သော အကူအညီအထောက်အပံ့များ ရရှိရေးအတွက် အထောက်အပံ့ပေးမည့် အဖွဲ့အစည်းများကို စည်းရုံးဆွဲဆောင်နိုင်ရေးတို့ဖြစ်ပါကြောင်း။

ယနေ့ဆွေးနွေးပွဲသည် နိုင်ငံ၏ ခရီးသွားလုပ်ငန်းစနစ်တကျနှင့် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများရရှိစေမည့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပင်မစီမံကိန်းတွင်ပါရှိသော မဟာဗျူဟာစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရှေ့ဆက်လုပ်ဆောင်သွားရမည့် ခြေလှမ်းများထွက်ပေါ်လာစေမည်ဆိုသည်ကို ခိုင်မာစွာ ယုံကြည်မိပါကြောင်း။

အနာဂတ်ကို မျှော်မှန်းကြည့်ခြင်းအားဖြင့် အစိမ်းရောင်စီးပွားရေးစံနှုန်းများအရ အရင်းအမြစ်များကို မိမိတို့အနေဖြင့် ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်မည်ဆိုပါက ခရီးသွားလုပ်ငန်းမှ အကျိုးအမြတ်များစွာ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းတစ်ရပ်ကို ဆောင်ရွက်ရာတွင် ၎င်း၏ သဘာဝဝန်းကျင်ပေါ် သက်ရောက်မှု၊ လက်ခံနိုင်သော ကန့်သတ်မှုပမာဏအတွင်း ရှိနေစေရေးကို မိမိတို့အလေးထား ဆောင်ရွက်ရန်လိုပါကြောင်း၊ သို့ဖြစ်၍ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးပေးရေး၊ ဒေသခံပြည်သူများ၏ စီးပွားရေးကို အထောက်အကူပြုရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့နည်းပပျောက်ရေးတို့ကို ခိုင်မာစွာမြှင့်တင်ပေးမည့် အစိမ်းရောင် ခရီးသွားလုပ်ငန်းကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

ယခုကျင်းပသည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အခမ်းအနားမှာ ခရီးသွားလုပ်ငန်းနယ်ပယ်အတွင်း ရင်ဆိုင်ကြုံတွေ့နေရသည့် ရေအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရန်နှင့် ရေနှင့် ဆက်နွယ်နေသော ခရီးစဉ်ဒေသများရှိ ဒေသခံလူထုများအတွက် အကျိုးကျေးဇူးများ ဖန်တီးနိုင်ရန်အတွက် ရေအရင်းအမြစ် ထိန်းသိမ်းရေးလုပ်ငန်းအစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အတွက် ပေးပို့သည့် သဝဏ်လွှာကို မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေကိုယ်စားလှယ် Mr. Ashok Nigam ကလည်းကောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်း အထွေထွေအတွင်းရေးမှူးချုပ်က ပေးပို့သည့် သဝဏ်လွှာကို ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အမှုဆောင်ဒါရိုက်တာ Mr. Zoltan Somogyi ကလည်းကောင်း ဖတ်ကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ခရီးစဉ်ဒေသနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသူတို့အား လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် တိုင်းရင်းသားဟိုတယ်များ၊ ဖက်စပ်နှင့် တိုင်းရင်းသားပိုင် ခရီးသွားကုမ္ပဏီများ၏ ဝန်ဆောင်မှုစွမ်းရည်တို့တွင် အကောင်းဆုံးဆုရရှိကြသည့် ဟိုတယ်များနှင့် ခရီးသွားလုပ်ငန်းများအားလည်းကောင်း ဂုဏ်ပြုဆုများကိုပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် တက်ရောက်လာကြသူများသည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှု မှတ်တမ်းဓာတ်ပုံများ၊ ဆုရမှတ်တမ်းဓာတ်ပုံများအား ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

● **သမိုင်းဝင်မှ**

ပွဲကိုင်တစ်ဦး စုစုပေါင်း အသင်းသား ၁၁ ဦးတို့နှင့် ဝင်ရောက်လှော်ခတ် ယှဉ်ပြိုင်ကြရခြင်းဖြစ်သည်။ ပြိုင်ပွဲစတင်တာလွှတ်ရာ"လွှတ်မုန်း"ကို ငါးဆူကျောင်းတိုက်အနီးတွင် သတ်မှတ်ထားပြီး ပန်းဝင်သည့်"ဆွတ်မုန်း" ကို ရွှေကြက်ကျဘုရားအနီး မြစ်ပြင်ရေလယ်တွင် ထားရှိကာ ဘုရားကို ဦးတိုက်ပြု၍ လှော်ခတ် ပြိုင်ပွဲဝင်ကြရခြင်းဖြစ်သည်။ ပြိုင်ပွဲဝင်လှော်ခတ်ကြရသည့် ခရီးတာ အကွာအဝေးမှာ မီတာ ၂၀၀၀ ခန့်ကွာဝေးကြောင်း သိရသည်။

လှေလှော်ပြိုင်ပွဲ ပထမနေ့တွင် ပတ္တမြား၊ ရွာသစ်၊ သပြေတန်း၊ ရွှေလောင်း၊ ကိုးသင်း၊ ရွှေဒင်၊ ရွှေဟသာ၊ စိန်တုံး၊ မိုးကောင်း၊ ရွှေလေး၊ ခဝါတော်၊ သက္ကယ်တော်၊ ရွှေလေးကွက်သစ် စသည့် ရွှေကြက်ယက်တိုက်နယ် ကျေးရွာ၊ရပ်ကွက်များက ပြိုင်ပွဲဝင် ငှက်လှေအသင်းပေါင်း ၁၃ သင်းတို့သည် မဲကျရာ ငှက်လှေလှော်အသင်းနှင့် နှစ်သင်းတွဲစီ သုံးချီသုံးလား ယှဉ်ပြိုင်လှော်ခတ်သည့် စနစ်ဖြင့် အကြိတ်အနယ်ယှဉ်ပြိုင်ကြသည်။ ပထမနေ့မှ ယှဉ်ပြိုင်အနိုင်ရ၍ ဗိုလ်လုပွဲသို့ တက်ရောက်လာသည့် အသင်းလေးသင်းတို့သည် ဒုတိယနေ့တွင် နောက်ဆုံး ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်လှော်ခတ်ကြရပြီး အနိုင်ရသော အသင်းများအား ဆုချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

"သမိုင်းဝင် ရွှေကြက်ယက်၊ ရွှေကြက်ကျဘုရား လှေဦးတိုက်ပွဲကို ရိုးရာမပျက် ကျင်းပလာတာ နှစ်ပေါင်း ၂၀၀ ကျော်လာခဲ့ပါပြီ။ လှေဦးတိုက်ပွဲ မကျင်းပရင် ဘုရားအနီးက ဧရာဝတီမြစ်ရေပြင်မှာ မိကျောင်းပေါ်လေ့ရှိတယ်လို့ အစဉ်အဆက်ပြောဆိုယုံကြည်ထားကြပါတယ်။ ဒါကြောင့် လှေဦးတိုက်ပွဲကို ရိုးရာအစဉ်အလာမပျက် နှစ်စဉ် ကျင်းပကြတာပါ။ ရွှေကြက်ယက်၊ ရွှေကြက်ကျဘုရားမှာ အထူးထင်ရှားတဲ့ပွဲတော်နှစ်ပွဲ ရှိပါတယ်။ ကဆုန်ညောင်ရေသွန်းပွဲတော်နဲ့ လှေဦးတိုက်ပွဲတော်တို့ ဖြစ်ပါတယ်။ မန္တလေးဝန်းကျင်မှာ ထူးထူးခြားခြား စည်ကားတဲ့ပွဲတော်တွေပါ။

"ယခုနှစ်မှာ ဂေါပကအဖွဲ့အနေနဲ့ ပထမရရှိတဲ့ အသင်းကို ကျပ်တစ်သိန်း၊ ဒုတိယရရှိတဲ့အသင်းကို ကျပ်ခုနှစ်သောင်း၊ တတိယရရှိတဲ့အသင်းနှစ်သင်းကို ကျပ်နှစ်သောင်းငါးထောင်စီ၊ ပြိုင်ပွဲဝင်အသင်းအားလုံးကို ကျပ်တစ်သောင်းစီ ချီးမြှင့်ပေးအပ်ပါမယ်။ ရွှေလောင်းရွာက ဦးလူလေး-ဒေါ်စန်းစန်းမြင့်(ထက်မြက်ကျော်မိသားစု)က ပြိုင်ပွဲဝင်အသင်း ၁၃ သင်းကို ကျပ်တစ်သောင်းငါးထောင်စီနဲ့ အချိုရည်တစ်ကတ်စီ ချီးမြှင့်ပါတယ်။ သူတို့မိသားစုက ဒီနှစ်ထည့်သွင်းကျင်းပတဲ့ အသင်းပေါင်း ၁၉ သင်းပါဝင်တဲ့ အလှခတ်ခြင်းပွဲကိုလည်း ကုန်ကျစရိတ်တာဝန်ယူလှူဒါန်းကြပါတယ်။ "ထူး" ဆီကုမ္ပဏီကလည်း ပထမဆုရအသင်းနဲ့ ဒုတိယဆုရအသင်းတို့ကို ကျပ်နှစ်သောင်းစီ၊ တတိယဆုရအသင်းနှစ်သင်းကို ကျပ်တစ်သောင်းစီ ချီးမြှင့်ပါတယ်။ ဆုချီးမြှင့်ငွေတွေက ပြိုင်ပွဲလုပ်နေဆဲမှာ သူ့အသင်း ကိုယ့်အသင်း အပြန်အလှန်ဆုတွေချီးမြှင့်ကြတာက အများကြီးပါ။ ပထမရတဲ့ အသင်းက ဆုငွေ ကျပ်ခုနစ်သိန်းလောက်ထိ ရလေ့ရှိတယ်။ လှေပြိုင်ပွဲက အကြိတ်အနယ်ရှိလွန်းလို့ တစ်ရွာနဲ့တစ်ရွာခိုက်ရန်ဖြစ်ပွားမှုမရှိအောင် ဒီနှစ်လုံခြုံရေးကို စနစ်တကျစီမံထားပါတယ်"ဟု လှေဦးတိုက်ပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဆွေက ပြောသည်။

ယခုနှစ် ရွှေကြက်ယက်၊ရွှေကြက်ကျလှေဦးတိုက်ပွဲတော်တွင် နေ့ပိုင်းတွင် ငှက်လှေလှော်ပြိုင်ပွဲနှင့် အလှခတ်ခြင်းပွဲတို့ ထည့်သွင်းကျင်းပပြီး ညပိုင်းတွင် ဝေယံဦးဇာတ်ပွဲဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပကြောင်း သိရသည်။ ရွှေကြက်ယက်၊ရွှေကြက်ကျလှေဦးတိုက်ပွဲ၏ ထူးခြားချက်မှာ လှေပြိုင်ပွဲကို ရိုးရာမပျက် ငှက်လှေများဖြင့်လှော်ခတ်ပြိုင်ပွဲဝင်ကြရခြင်းဖြစ်သည်။တော်သလင်းလပြည့်ကျော် ၇ ရက်နေ့ ညနေပိုင်းတွင် ဘုရားဆွမ်းတော်ကြီး ကပ်လှူခြင်း၊ ဆီမီးပူဇော်ခြင်း၊ ဝတ်အသင်းများက ဝတ်တက်ဝတ်ကပ်ပူဇော်ခြင်းပြုလုပ်ကြသည်။ လပြည့်ကျော် ၈ ရက် နံနက်ပိုင်းတွင် သံဃာတော်များအား ဆွမ်းလောင်းလှူကြသည်။ သံဃာတစ်ပါးနှင့်ညီမျှသော ဆွမ်းခဲဖွယ်တို့ကိုခံယူပြီး လှေဦးတွင် ကန်တော့ပွဲနှင့် လှေလယ်တွင် ဆွမ်းခဲဖွယ်တို့တင်ဆောင်ကာ လှေကို အထက်အောက် ဘုရားအား ဦးသုံးကြိမ်တိုက်၍ ရေစာကျွေးခြင်း ပြုလုပ်ကြရကြောင်းသိရသည်။ **(နန္ဒာမင်းလွင်)**

❐ **ဆီးဂိမ်းပြိုင်ပွဲမှ**

ဒီဇင်ဘာ ၁၀ ရက်အထိ မန္တလေး-ရှမ်းပြည်နယ်-နေပြည်တော် ခရီးစဉ်ကို တစ်ကိုယ်တော်ခရီးရှည် စက်ဘီးစီးနင်းမည်ဖြစ်သည်။

၂၀၀၈ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ မြန်မာနိုင်ငံအနှံ့အပြားသို့ တစ်ကိုယ်တော်စက်ဘီးစီးခရီးစဉ်များကို သွားရောက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံစက်ဘီးစီးအဖွဲ့ချုပ်မှ ပြုလုပ်သော ရန်ကုန်-မော်လမြိုင်-ရန်ကုန်ပြိုင်ပွဲနှင့် ၂၀၁၂ ခုနှစ် နေပြည်တော်တွင်ကျင်းပခဲ့သော ဖိတ်ခေါ်တာဝေးစက်ဘီးပြိုင်ပွဲများတွင် ပန်းတိုင်ရောက်သည်အထိ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ (၈-၁၁-၁၂)မှ (၂၉-၁၁-၁၂) အထိ ချင်းပြည်နယ်တောင်ပိုင်းခရီးစဉ်နှင့် (၁၉-၃-၁၃) မှ (၆-၄-၁၃)အထိ ချင်းပြည်နယ်မြောက်ပိုင်း ရက်ရှည်ခရီးစဉ်များကို တစ်ကိုယ်တော် စက်ဘီးစီးပြီး သွားရောက်ခဲ့ကြောင်း ဦးအေးကြူက ၎င်း၏အတွေ့အကြုံများကို ပြောပြခဲ့သည်။

ရှမ်းပြည်နယ်ခရီးစဉ်(၁) (ပြည်ထောင်စုလမ်းမ AH-14)အဖြစ် နိုဝင်ဘာ ၄ ရက်မှ စတင်၍ မန္တလေး-လားရှိုး-မူဆယ် ၄၅၃ ကီလိုမီတာ၊ မူဆယ်-လားရှိုး-သီပေါ ၂၅၂ ကီလိုမီတာကိုလည်းကောင်း၊ ခရီးစဉ်(၂)အဖြစ် သီပေါ-မိုင်းကိုင်-လွိုင်လင်(AH-11) ၂၃၉ ကီလိုမီတာ၊ လွိုင်လင် -ဟိုပုံး-တောင်ကြီး (AH-2) ကီလိုမီတာ ၁၀၀ ကို လည်းကောင်း၊ ခရီးစဉ် (၃) အဖြစ် တောင်ကြီး-ဟိုပုံး-လွိုင်လင်-နမ့်စန် ၁၂၀ ကီလိုမီတာ၊ နမ့်စန် -ဆိုင်းမွန်-ကွန်ဟိန်း-တာကော ၁၅၄ ကီလိုမီတာ (ပြည်ထောင်စုလမ်းမကြီး AH-2)၊ တာကော-မိုင်းပြင်း-ကျိုင်းတုံ ၁၉၅ ကီလိုမီတာ၊ ကျိုင်းတုံ-မိုင်းလား (AH-3) ၉၃ ကီလိုမီတာကိုလည်းကောင်း၊ ခရီးစဉ် (၄) မဟာမဲခေါင်လမ်းမကြီး(AH-3+AH-2) အဖြစ် မိုင်းလား-ကျိုင်းတုံ ၉၃ ကီလိုမီတာ၊ ကျိုင်းတုံ-မိုင်းဖြတ် ၈၂ ကီလိုမီတာ၊ မိုင်းဖြတ်-တာချီလိတ် ၈၂ ကီလိုမီတာ၊ တာချီလိတ်-မိုင်းဖြတ် ၈၂ ကီလိုမီတာကို လည်းကောင်း၊ ခရီးစဉ် (၅) အဖြစ် မိုင်းဖြတ်-မိုင်းဆတ်-မိုင်းတုံ-မိုင်းပန်-လင်းခေး-မိုးနဲ-နမ့်စန်-လွိုင်လင်-တောင်ကြီး(သို့မဟုတ်) မိုင်းဖြတ်-မိုင်းဆတ်-မိုင်းတုံ-မိုင်းပန်-လင်းခေး-မောက်မယ်-ဆီဆိုင်-ဘန်းယဉ်-ဟိုခို-နောင်ကား-တောင်ကြီးသို့လည်းကောင်း၊ ခရီးစဉ်(၆)အဖြစ် တောင်ကြီး-အောင်ပန်း-ပင်လောင်း-သပြေကုန်း-နေပြည်တော်သို့ လည်းကောင်း ဒီဇင်ဘာ ၁၀ ရက် အတွင်း အရောက် တစ်ကိုယ်တော်ခရီးရှည် စီးနင်းမည်ဖြစ်ကြောင်း သိရသည်။

ခင်မောင်ဝင်း(ကြေးမုံ)

❖ **ကမ္ဘာ့ပထမဆုံးမှ**

အဆိုပါခန်းမဆောင်သည် အမြင့် ၁၈ မီတာနှင့် အကျယ် ၃၅ မီတာရှိကာ ပရိသတ် ၅၀၀ ဝင်ဆံ့နိုင်မည်ဖြစ်သည်။ ထို့ပြင် ယင်းခန်းမဆောင်၏ ထိုင်ခုံများကိုလည်း သစ်ကတိုးသားများဖြင့် ပြုလုပ်ထားသည်ဟု သိရသည်။

အဆိုပါ ကမ္ဘာ့ပထမဆုံးသော ယာယီဖျော်ဖြေပွဲခန်းမသည် ရေပေါ်တွင် ပေါလောပေါ်နေနိုင်မည်ဖြစ်ပြီး ခန်းမအတွင်း၌ ဖျော်ဖြေပွဲအခမ်းအနားများကို အလွယ်တကူ ကျင်းပနိုင်မည်ဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့က ကြေညာချက်တစ်စောင် ထုတ်ပြန်ထားသည်။ ထို့ပြင် ယင်းခန်းမ၏ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာ ၁၄ ရက် အထိ အဆိုပါခန်းမတွင် ဂျပန်ရိုးရာအတီးအမှုတ်များဖြင့် ဖျော်ဖြေသွားမည်ဖြစ်ပြီး အဆိုပါ ဖွင့်ပွဲအခမ်းအနားကို ဆွစ်ဇာလန်နိုင်ငံ၏ နွေရာသီဂီတပွဲတော်တစ်ခုဖြစ်သည့် Lucerne Festival မှ အဓိက ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(မေစန္ဒာ)

ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ ပထမအကြိမ် မြန်မာ-ထိုင်း-ဂျပန် သုံးပွင့်ဆိုင် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၇

ထားဝယ် အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ ပထမအကြိမ် မြန်မာ-ထိုင်း-ဂျပန် သုံးပွင့်ဆိုင် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် ရန်ကုန်မြို့၌ကျင်းပရာ **(ယာပုံ)** မြန်မာကိုယ်စားလှယ်အဖွဲ့မှ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးအထူးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်စိန်နှင့် သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ဆပ်ကော်မတီဥက္ကဋ္ဌများ၊ ထိုင်းကိုယ်စားလှယ်အဖွဲ့မှ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Niwattunrong Boonsong Paisan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဂျပန်နိုင်ငံကိုယ်စားလှယ်အဖွဲ့မှ Mr. Hidenao Yanagl, Deputy Director General, Southeast and Southwest Asian Affairs Department, Ministry of Foreign Affairs ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေး၌ မြန်မာကိုယ်စားလှယ်အဖွဲ့၊ ထိုင်းကိုယ်စားလှယ်အဖွဲ့နှင့် ဂျပန်ကိုယ်စားလှယ်အဖွဲ့တို့မှ ခေါင်းဆောင်များက အဖွင့်အမှာစကား ပြောကြားကြသည်။ ထို့နောက် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ကျေးရွာများ ပြန်လည်နေရာချထားရေးကိစ္စများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်စိန်က အခြေခံအဆောက်အအုံများ တည်ဆောက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ကဏ္ဍဆိုင်ရာ ဆပ်ကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်က ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရည်မှန်းချက်၊ လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍လည်းကောင်း ပြောကြားကြကာ ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဘက်မှ သိရှိလိုသည်များကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းတွင် မြန်မာ-ထိုင်း-ဂျပန်သုံးနိုင်ငံအမြန်ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မြန်မာ-ထိုင်း-ဂျပန် သုံးနိုင်ငံမှခေါင်းဆောင်များက အသေးစိတ် ဖြည့်စွက်ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

နေပြည်တော် စက်တင်ဘာ ၂၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် စက်တင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် တောင်ညိုကျေးရွာအုပ်စု ပေတောဘုန်းတော်ကြီးကျောင်း၌ ရေဘေးသင့် ပြည်သူများအား တွေ့ဆုံအားပေးပြီး**(ယာပုံ)** ငွေကျပ် တစ်သိန်းနှင့် ၁ ဒသမ ၅ သိန်းခန့် တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်း ရှစ်မျိုး၊ အဝတ်အထည်များ၊ ရေသန့်ဆေးပြားများ၊ ဆန်ရိက္ခာ သုံးရက်စာနှင့် အိမ်ဆောက်ပစ္စည်းများအတွက် ထောက်ပံ့ငွေများကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်သည်။

ထို့အတူ လယ်ဝေးမြို့ ဖောင်တော်ချက်မကျောင်း၌ ခရမ်းကိုင်းကျေးရွာအုပ်စုနှင့် ဆင်ဆိပ်ကျေးရွာမှ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးပြီး အဝတ်အထည်များ၊ ရေသန့်ဆေးများ၊ ဆန်ရိက္ခာ သုံးရက်စာအတွက် ထောက်ပံ့ငွေကျပ် ၁ ဒသမ ၃ သိန်းတို့ကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဘာဝဓာတ်ငွေ့ယိုစိမ့်မှု ပြင်ဆင်ပြီးစီး

နေပြည်တော် စက်တင်ဘာ ၂၇

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မကွေး-ပျော်ဘွယ်-ပြည်ညောင်-ပင်းပက် ပိုက်လိုင်း၏ ပျော်ဘွယ်-ပြည်ညောင် ၁၂ လက်မ ပိုက်လိုင်းအပိုင်း၏ ကြံ့ခိုင်မှုအား စက်တင်ဘာ ၂၄ ရက်တွင် သဘာဝဓာတ်ငွေ့ဖြည့်သွင်း၍ စစ်ဆေးခဲ့ရာ သာစည်မြို့နယ် ကုက္ကိုကန်ကျေးရွာအနီး ခန့်မှန်းမြေပုံညွှန်း (KC-0793)နေရာ၌ သဘာဝဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားနေကြောင်း စက်တင်ဘာ ၂၅ ရက်တွင် သိရှိခဲ့သဖြင့် တီတွတ်ပိုက်လိုင်းစခန်းမှ အင်ဂျင်နီယာ ဦးဌေးဝင်းနှင့်အဖွဲ့က အဆိုပါနေရာအား သွားရောက်ပြုပြင်ခဲ့ရာ ယနေ့ညနေပိုင်းတွင် ပြီးစီးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၄၆) သင်တန်းဆင်းအခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၇

ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ်(၄၆) သင်တန်းဆင်း အခမ်းအနားကို စက်တင်ဘာ ၂၇ ရက် နံနက် ၇ နာရီခွဲတွင် နဝရတ်ခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဦးအောင်တင်စိုး တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ထူးချွန်ဆုများနှင့် သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာနအသီးသီးမှ သင်တန်းသူ ၄၅ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ပြင်ဦးလွင်မြို့နယ် တောင်ပြုံကြိုးဝိုင်းအတွင်း တရားမဝင် ဝင်ရောက်ကျူးကျော်သူများအား အမှုဖွင့်အရေးယူရေး ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၇

ပြင်ဦးလွင်မြို့နယ် ငါးရံ့ချောင်းကျေးရွာအနီး တောင်ပြုံကြိုးဝိုင်း အကွက်အမှတ်(၈)အတွင်း ကျူးကျော်သူများအား အမှုဖွင့်အရေးယူရန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ပြင်ဦးလွင်မြို့နယ် နယ်မြေခံ တောအုပ်ကြီးနှင့်အဖွဲ့သည် ၂၀၁၃ ခုနှစ် မတ် ၁၄ ရက်တွင် တောင်ပြုံကြိုးဝိုင်း အကွက်အမှတ်(၈)အတွင်း ကွင်းဆင်းစစ်ဆေးရာ ကျူးကျော်သူ ၁၃ ဦးက ဝင်ရောက်တဲထိုးနေထိုင်သည်ကို တွေ့ရှိရသဖြင့် အမြန်ဆုံး ထွက်ခွာရန် တားမြစ်ခဲ့ကြောင်း၊ ထို့နောက် မတ် ၂၂ ရက်တွင် ထပ်မံ ကွင်းဆင်းစစ်ဆေးရာ ကျူးကျော်သူများမှာ ထွက်ခွာမှုမရှိသေးသည့်အပြင် အခြားသူများက ဘေးပတ်ဝန်းကျင်တောင်ကုန်းတစ်လျှောက် ထပ်မံ ကျူးကျော်ထားသည်ကို တွေ့ရှိရသဖြင့် ကျူးကျော်သူများအား အမြန်ဆုံးထွက်ခွာရန် နောက်ဆုံးအကြိမ်အဖြစ် သတိပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ပြင်ဦးလွင်မြို့နယ် သစ်တောဦးစီးအရာရှိနှင့် အဖွဲ့သည် မတ် ၂၅ ရက်တွင် သွားရောက်စစ်ဆေးပြီး ကျူးကျော်နေထိုင်သူ ၁၀၄ ဦးတို့အား ကြိုးဝိုင်းအတွင်း ကျူးကျော်နေထိုင်ခြင်းနှင့် နေထိုင်မည့်မြေနေရာတွင် သစ်ပင်ခုတ်ထွင်ရှင်းလင်းခြင်းတို့အတွက် သစ်တောဥပဒေပုဒ်မ ၄၀(က)၊ ၄၂(က)တို့ဖြင့် အမှုဖွင့်အရေးယူခဲ့ကြောင်း၊ ပြင်ဦးလွင်မြို့နယ် တရားရုံးက ဒဏ်ငွေကျပ် ၅၀၀၀ စီ ပေးဆောင်ရန်နှင့် ဒဏ်ငွေမဆောင်လျှင် ထောင်ဒဏ်တစ်လ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ကျူးကျော်နေထိုင်သူများအား ကြိုးဝိုင်းအတွင်းမှ တစ်ပတ်အတွင်း ထွက်ခွာပေးရန် နှိုးဆော်စာများထုတ်ပြန်ပြီး သတိပေးဆိုင်းဘုတ်များ စိုက်ထူခဲ့သော်လည်း ပြန်လည် ထွက်ခွာခြင်းမရှိသည့်အပြင် ထပ်မံကျူးကျော်ဝင်ရောက်နေထိုင်သူများပါ များပြားလာခဲ့ရာ ၂၀၁၃ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် ကောက်ယူသည့် စာရင်းအရ ကျူးကျော်သူ ၂၆၆ ဦးအထိ ရှိလာခဲ့သည်။

သစ်တောဦးစီးဌာန အနေဖြင့် အဆိုပါကျူးကျော်နေထိုင်သူများအား တရားဥပဒေနှင့်အညီ ဆက်လက် အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

တောင်ပြုံကြိုးဝိုင်းရှိ အဆိုပါ ကျူးကျော်နေရာသည် ငါးရံ့ချောင်း-ပန်းဦးတောင်လမ်းဘေး ငါးရံ့ချောင်းကျေးရွာမှ နှစ်ဖာလုံခန့် အကွာတွင်တည်ရှိပြီး ပြင်ဦးလွင်မြို့ လမ်းဆုံအဝိုင်းမှ တစ်မိုင်ကျော် ကွာဝေးသည့်နေရာတွင် တည်ရှိသည်။ ယခင်ကကျူးကျော်နေထိုင်သည့် ဧရိယာမှာ သုံးဧကခန့်သာရှိသော်လည်း ယခုအခါ ဧက ၄၀ ခန့်တွင် ကျူးကျော်နေထိုင်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

စေတနာ့ဝန်ထမ်းများ ပြည်သူလူထုအခြေပြု တီဘီရောဂါတိုက်ဖျက်ရေးသင်တန်းဖွင့်

နေပြည်တော် စက်တင်ဘာ ၂၇

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန အမျိုးသား တီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် စေတနာ့ဝန်ထမ်းများ ပြည်သူလူထုအခြေပြု တီဘီရောဂါတိုက်ဖျက်ရေး သင်တန်းကို ယနေ့နံနက် ၉ နာရီတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး တိုင်းဒေသကြီး/ပြည်နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်မြမြက နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး တီဘီရောဂါသံသယလူနာများအား ကျန်းမာရေးဌာနများသို့ ညွှန်းပို့ခြင်းနှင့်တီဘီလူနာများအား ဆောလျင်စွာ ရှာဖွေဖော်ထုတ်ရန်၊ တိုက်ရိုက်ကြည့်ရှု အချိန်တိုကုထုံးဖြင့် စေတနာ့ဝန်ထမ်း တီဘီဆေးတိုက်ကျွေးသူများအဖြစ် ဆောင်ရွက်ရန်နှင့် သင်တန်းကာလပြီးပါက စေတနာ့ဝန်ထမ်း တီဘီရောဂါတိုက်ဖျက်ရေး အမျိုးသမီးရေးရာအဖွဲ့ဝင်များအနေဖြင့် မိမိတို့ဒေသအတွင်း တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများအား ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ၏ တီဘီရောဂါအခြေအနေ၊ တီဘီရောဂါအကြောင်းကို WHO Consultent ဒေါက်တာဝင်းမောင်၊ တီဘီရောဂါရှာဖွေဖော်ထုတ်ခြင်းကို ဒေါက်တာဦးဘိုမြင့်နှင့် တီဘီရောဂါဝေဒနာရှင်များအား ဆေးကုသမှုပေးခြင်းနှင့် တီဘီဆေးတိုက်ကျွေးသူများ၏ အခန်းကဏ္ဍကို အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းမှ ဒေါက်တာချိုချိုစမ်းတို့က သင်ကြားပို့ချခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာခင်မာထွန်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးများဖြစ်သည့် ဒေါက်တာဒေါ်ခင်မေအုန်း၊ ဒေါ်ကြည်ကြည်မြနှင့် ဒေါက်တာဝေဝေလွင်၊ အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်းမှ ဒေါက်တာသင်းသင်းနွယ်၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့မှ အမျိုးသမီးရေးရာအဖွဲ့ဝင် သင်တန်းသူ ၅၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ စက်တင်ဘာ ၂၇ ရက်မှ ၂၈ ရက်အထိ နှစ်ရက်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နည်းပညာသတင်း ALEZ

ခြောက်ဘီးယက်စနစ်ဖြင့် ခရီးကြမ်းနှင်မည့် Mercedes-Benz G63

အရှေ့အလယ်ပိုင်းဒေသတွင် ကန္တာရခရီးကြမ်းများအတွက် ကုလားအုတ်များအသုံးပြုသွားလာလျက်ရှိနေခြင်းကို လျှော့ချပေးနိုင်ရန် ဂျာမန်နာမည်ကျော်ကားလုပ်ငန်း မာစီဒီးစ်မှ ခရီးကြမ်းသုံးခြောက်ဘီးယက်စနစ် (6 Wheels Drive-6x6) ပါဝင်သော ကားတစ်မျိုးကို အာရပ်ပြည်ထောင်စုနိုင်ငံများမှ ရေနံသန်းကြွယ်သူဌေးများအတွက် ထုတ်လုပ်လိုက်သည်ဟု သိရသည်။ အဆိုပါ မော်တော်ကားကို ခရီးကြမ်းသုံးထရပ်ကားများ စိတ်ကြိုက်ဝယ်ယူနိုင်ရန်လည်း ဂီယာစနစ်နှစ်မျိုးစလုံးကို သက်ဆိုင်ရာအလိုက် ရွေးချယ်နိုင်သည်ဟု Benz လုပ်ငန်းစာမျက်နှာတွင် တွေ့ရှိရသည်။ နာမည်ကျော် V-8 အမျိုးအစားအင်ဂျင်စနစ်ဖြစ်ပြီး မြင်းကောင်ရေ 530 အင်ဂျင်စွမ်းအင်ရှိကာ ရှေ့ဘီးအတွက် ၃၀ ရာခိုင်နှုန်း၊ အလယ်ဘီးအတွက် ၄၀ ရာခိုင်နှုန်း၊ နောက်ဆုံးဘီးအတွက် ၃၀ ရာခိုင်နှုန်း အင်ဂျင်စွမ်းအင်ရှန်းကန်နိုင်ရန် ဖြန့်ဝေပေးနိုင်သည်ဟု သိရသည်။ ကြီးမားသောတာယာအမျိုးအစားနှင့် တာယာပန်းတုံးထူထဲပြီး မည်ကဲ့သို့သောမြေပြင်ခရီးကြမ်းကိုမဆို ဖြတ်ကျော်မောင်းနှင်နိုင်ပြီး အကြမ်းခံနိုင်မှု၊ စွမ်းအင်ထူးခြားမှုနှင့်အတူ အဆိုပါကား၏ တန်ဖိုးမှာလည်း အမေရိကန်ဒေါ်လာ၅၂၅၀၀၀ အထိဈေးရှိနိုင်ကြောင်း Benz ပရိသတ်အချို့၏ စာမျက်နှာများတွင် ရေးသားမှုများ တွေ့ရှိရသည်။ ကားအတွင်းပိုင်းတွင် ခရီးကြမ်းသွားလာမှုအတွက် လိုအပ်သော ပစ္စည်းများထည့်သွင်းသိမ်းဆည်းထားနိုင်ရန် အံသေတ္တာကဲ့သို့ အကြမ်းခံနိုင်ရည်ရှိစေရန် ဖန်တီးထားကာ ကိုယ်ထည်ပိုင်း အထူးတောင့်တင်းခိုင်မာပြီး လမ်းကြမ်းများ၊ တောင်တက်ခရီးများနှင့် ရွှံ့နွံများအတွင်း ဝင်ရိုးခြောက်ခု၊ ဘီးခြောက်ဘီးဖြင့် ရုန်းကန်မောင်းနှင်နိုင်မည်ဖြစ်သည်။ ဂီယာခုနစ်ချက်ပါဝင်ပြီး အလိုအလျောက်စနစ် (Auto Gear)၊ အသုံးပြုသူကိုယ်တိုင် ထိန်းချုပ်မောင်းနှင်မှုစနစ် (Manual Gear) စနစ်နှစ်မျိုးစလုံးကို အသုံးပြုသူများပါဝင်ပြီး ထိန်းချုပ်ရေးခလုတ်အစုံနှင့် သပ်ရပ်ခန့်ညားသည့် ဒီဇိုင်းသွင်ပြင်ရှိသည်ဟု သိရသည်။ အရှေ့အလယ်ပိုင်းဒေသများအတွင်း ယုံကြည်စိတ်ချစွာ မောင်းနှင်ခရီးသွားလာနိုင်ပြီး အင်ဂျင်စွမ်းအားကြီးမားကာ တားဆီးရုန်းကန်နိုင်မှု ထူးခြားချက်ဖြင့် ရေနံတွင်းမြောက်မြားစွာပိုင်ဆိုင်သော အာရပ်သန်းကြွယ်သူဌေးများက ဝယ်ယူရန် စောင့်ဆိုင်းလျက်ရှိနေပြီဖြစ်သည်ဟု သိရသည်။ ။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၈-၉-၂၀၁၃ (စနေနေ့)

၆း၀၀	တောင်တန်းသာသနာပြုဆရာတော်ကြီး၏ပရိတ်တရားတော်
၁း၀၀	မြန်မာနိုင်ငံရဲတပ်ဖွဲ့ဂုဏ်ပြုဇာတ်လမ်း"မိုးမြင့်ထက်မှလင်းယုန်များ" (နေမျိုးအောင်၊ကျော်ဇောဟိန်း၊ ဘုဏ်းမြတ်၊ မင်းထက်၊ နေရဲလင်း၊ မေကဗျာ၊ ပပဝင်းခင်၊ ထက်အိကလျာ)(ဒါရိုက်တာ-ရဲဝန်ထမ်းဟောင်းတစ်ဦး)
၄း၄၅	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)
၇း၁၅	"ကျေးဇူးကြီးလှမိနှင့်ဖ" (ရဲအောင်၊ဇော်ဦး၊ကျော်ဇေယျ၊ မြတ်ကေသီအောင်၊ မျိုးစန္ဒီကျော်၊ စိုးမိုးကြည်)(ဒါရိုက်တာ-ခတ်ပုံရဲမြင့်လွင်)
၉း၀၀	ပြည်တွင်းသတင်း -ပျော်ရွှင်စေသောနေ့ရက်များ "နိုင်ငံကျော်ရုပ်ရှင်မင်းသမီးယောကျ်ား" (အပိုင်း-၆) (နေတိုး၊ စိုးမြတ်သူဇာ၊ အေးမြတ်သူ) (ဒါရိုက်တာ-မီးပွား)

မီးဘေးကာကွယ်ရေး ပညာပေးဟောပြော

နေပြည်တော် စက်တင်ဘာ ၂၈

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် မြို့မဈေးကြီးမီးဘေးကာကွယ်ရေး ပညာပေးဟောပြောခြင်းနှင့် သရုပ်ပြသခြင်းကို စက်တင်ဘာ ၂၇ ရက်က တပ်ကုန်းမြို့မဈေးဓမ္မာရုံ၌ ပြုလုပ်ရာ နေပြည်တော်မီးသတ်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်က မီးဘေးကာကွယ်ရေးပညာပေးဟောပြောပြီး မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှူး လက်ထောက်ညွှန်မှူး ဦးလွင်မောင်မောင်နှင့် ဈေးအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးစိန်မိုးတို့က မီးဘေးလုံခြုံရေးအတွက် ပညာပေးဟောပြောကြသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှူးနှင့် သန္ဓေ၊ မီးသတ်တပ်ဖွဲ့ဝင်များက အပေါ့စားမီးသတ်စက်၊ မီးသတ်ယာဉ်ကြီးများဖြင့် မီးငြိမ်းသတ်စွမ်းရည်သရုပ်ပြသခြင်း၊ မီးသတ်ဆေးဘူးများဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်းတို့ကို သရုပ်ပြသခဲ့ကြောင်း သိရသည်။**(ဓဝိပုံ)**

(၀၉၂)

ရိုးသားကြိုးစားစွာ လုပ်ကိုင်နေသည်မှာ ဂုဏ်ယူစရာ

စစ်ကိုင်း စက်တင်ဘာ ၂၇

စက်တင်ဘာ ၂၆ ရက် မွန်းလွဲ ၂ နာရီက စစ်ကိုင်းမြို့ ဈေးအနီး မင်းရာဇာ လက်ဖက်ရည်ဆိုင်ရှေ့တွင် ထူးဆန်းစွာ ထီရောင်းချနေသည်ကို တွေ့ရသဖြင့် စာရေးသူစပ်စုကြည့်ရာ ဘဝပေးကုသိုလ်လို့ ပြောရမလား၊ လူ့ဘဝတွင် သမုဒ္ဒရာဝမ်းတစ်ထွာအတွက် ရှာဖွေလုပ်ကိုင်ရင်းကြောင့်လားတော့မသိ စာရေးသူမမေးရက်သဖြင့် မမေးခဲ့မိခြင်းပါ။ မေးခဲ့သည့်အကြောင်းအရာကတော့ အမရပူရမြို့နယ် ရွှေဂုံရပ်က အများအခေါ် မောင်စိုး အမည်ရင်း ဦးမြင့်မောင်စိုးမှာ လူ့ဘဝခန္ဓာတွင် ပြည့်စုံမှုမရှိသော်လည်း တစ်ဖက်တစ်လမ်းမှ မိမိ၏ ဘဝပေးကုသိုလ်နှင့် ကိုးနှစ်အရွယ်သမီးငယ်တစ်ဦးရှိပြီး ကျောင်းထားပေး၍ ယောက္ခမကြီးနှင့်အတူ မိသားစုလေးဦးအတူနေထိုင်ကြောင်း၊ မိမိမှာ လစဉ်နိုင်ငံတော်မှ ရောင်းချသည့် အောင်ဘာလေထီကို ယခုကဲ့သို့ တွန်းလှည်းကို လက်နှင့်လှည့်ပြီး ရွေ့လျားထီရောင်း၍ မိမိတို့မိသားစုဘဝရပ်တည်ခဲ့ကြောင်းနှင့် နိုင်ငံတော်မှ ရောင်းချသည့် ထီကို ဝယ်ယူပြီး ပြန်လည်ရောင်းချရသည့်အတွက် မိမိတတ်နိုင်သည့်နည်းလမ်းဖြင့် နိုင်ငံတော်ကို အကျိုးပြု၍ ဂုဏ်ယူကြောင်းပြောပြသဖြင့် ရိုးသားကြိုးစားစွာ လုပ်ကိုင်နေသည်မှာ ဂုဏ်ယူအတုယူစရာပင်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ **(မိုးကြိုး-စစ်ကိုင်း)**

နာရီဆိုင်နှင့်အထည်ဆိုင်ဖောက်ထွင်းမှု တစ်နာရီအတွင်း ဖော်ထုတ်နိုင်

ဘားအံ စက်တင်ဘာ ၂၇

ကရင်ပြည်နယ် ဘားအံမြို့အမှတ်(၆)ရပ်ကွက် သီရိဈေးအတွင်း မိုးမောက်နာရီဆိုင်နှင့် အထည်ဆိုင်တစ်ဆိုင်တို့တွင် ဖောက်ထွင်းမှုတစ်ခု စက်တင်ဘာ ၂၂ရက်တွင် ဖြစ်ပွားခဲ့ကြောင်းသိရသည်။

ဘားအံမြို့အမှတ်(၆)ရပ်ကွက်သီရိဈေးအတွင်းရှိ ဆိုင်အမှတ်(က/၉)တွင် ဖွင့်လှစ်ရောင်းချလျက်ရှိသော နာရီအရောင်းဆိုင်တစ်ဆိုင်၏ ဆိုင်ခန်းတံခါးမှာ ပွင့်နေကြောင်း ဘားအံမြို့မရဲစခန်းသို့ လာရောက်အကြောင်းကြားရာ ဘားအံမြို့မရဲစခန်းမှူး ဒုရဲမှူးစိုးဝင်း၏ စီစဉ်ညွှန်ကြားမှုဖြင့် ဘားအံမြို့မ နယ်ထိန်းအဖွဲ့ခေါင်းဆောင် ဒုရဲအုပ် မြင့်ဦးခေါင်းဆောင်သော နယ်ထိန်းရဲတပ်ဖွဲ့ဝင်များ အခင်းဖြစ်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ စစ်ဆေးတွေ့ရှိချက်အရ ဆိုင်ခန်းအတွင်း ခင်းကျင်းထားသော နာရီမျိုးစုံ ၇၃ လုံး၊ မှန်ဗီရိုအပေါ်ထပ်တွင်နာရီမျိုးစုံ ၄၇ လုံး၊ ရေဒီယိုအကြီးစား သုံးလုံးနှင့် ဆိုင်တွင်းပစ္စည်းမျိုးစုံ ပျောက်ဆုံးနေရာ နယ်မြေအလိုက်ခိုးဆိုးနှိုက်တရားခံ ဖမ်းဆီးရမိနိုင်ရေးအတွက် စုံစမ်းဆောင်ရွက်နေစဉ် ခံဝန်ချုပ်ပြုလုပ်ထားသူ တချို့မှ ချစ်ကို(၁၇)နှစ်အား ရဲစခန်းသို့ခေါ်ယူစစ်ဆေးရာ ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံထွက်ဆိုသည့်အပြင် ပြစ်မှုကျူးလွန်ရာတွင် ၎င်းနှင့်အတူ မျိုးနိုင်ထွန်းနှင့် လင်းထက်ဆွေ ဘားအံမြို့နေသူတို့ပါဝင်ပြီး ၎င်းတို့နှင့်အတူ ပြည်ထောင်စုရပ်ကွက်အမှတ် (၆) ရပ်ကွက် သီရိဈေးအတွင်းရှိနာရီဆိုင်တစ်ဆိုင်နှင့်အထည်ဆိုင်တို့အား တံခါးသော့များကို ဖျက်ဆီးပြီး ပြစ်မှုကျူးလွန်ခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။

(ထွန်းထွန်းထွေး-ဘားအံ)

ကျောင်းသားလူငယ်နှင့် လျှပ်စစ်အန္တရာယ်

ကိုရွှေသိမ်းအေး (ငါးသိုင်းချောင်း)

ယခုနှစ်မိုးကာလတွင် ကျောင်းသားလူငယ်များ ဓာတ်လိုက်သေဆုံးမှုများကို သတင်းစာများ၌ ဖတ်ရှုရပါသည်။ ပုသိမ်မြို့ အမှတ်(၁)ရပ်ကွက် ရွှေတစ်ဆုပ်လမ်းသွယ်(၁၂)နေ အ. ထ. က(၅)မှ ကိုးတန်းကျောင်းသား မောင်ကျော်ရဲဟန် အသက်(၁၅)နှစ်သည် လမ်းဘေးရေမြောင်းတွင် ငါးဆင်းဖမ်းရာ လျော့ကျနေသည့် ဓာတ်ကြိုးဖြင့် ထိမိကာ သေဆုံးခဲ့သည်။ တစ်ဖန် ဒလမြို့နေ မောင်အောင်ဇင်ထွေး(၆)နှစ်မှာလည်း ရေချိုးနေစဉ် အနီးရှိတုတ်ချောင်းကို လှမ်းဆွဲရာ ပြုတ်ကျနေသော ဓာတ်ကြိုးပါလာသဖြင့် ဓာတ်လိုက်ကာ မှောက်လျက်သား သေဆုံးသွားရသည်။ အလားတူဖြစ်ရပ်မျိုး မကြာခဏဖြစ်ပေါ်လေ့ရှိသဖြင့် အသိမကြွယ်သေးသည့် ကျောင်းသားလေးများ လျှပ်စစ်အသိပညာဗဟုသုတ သိရှိကြစေရန် လိုအပ်ပါသည်။ သို့ဖြစ်၍ လျှပ်စစ်ဝန်ထမ်းဟောင်း တစ်ဦးအနေဖြင့် ရေးသားတင်ပြရန် စိတ်ကူးမိပါသည်။

လျှပ်စစ်ကြောင့် ဓာတ်လိုက်မှုများဖြစ်ပေါ်ရခြင်းတို့မှာ-

(၁) ဆားဗစ်ကြိုး(Service)
(၂) ဓာတ်တိုင်မှ ဓာတ်ကြိုးပြုတ်ကျခြင်း
(၃) ဓာတ်ကြိုးနှင့်ထိစပ်နေသော သစ်ပင်သစ်ကိုင်းများကို ထိမိ၊ ကိုင်မိခြင်း
(၄) ဓာတ်အားလိုင်းပြုပြင်နေစဉ် လူဝင်/လူထွက်ပြုခြင်း
(၅) မြေအောက်ကြိုးများ ပေါက်ပြဲနေမှုကို ထိမိခြင်း
(၆) ပုဂ္ဂလိကမီးစက်များနှင့် စက်ရုံ၊ အလုပ်ရုံများ
(၇) လျှပ်စစ်ပစ္စည်းများကြောင့် ဓာတ်လိုက်မှုများ ဖြစ်ပေါ်တတ်ပါသည်။

ဆားဗစ်ကြိုး(Service)ဆိုသည်မှာ ဓာတ်တိုင်နှင့် အိမ်သို့ သွယ်တန်းထားသော ကြိုးဖြစ်ပါသည်။ အဆိုပါ ဆားဗစ်ကြိုးမှာ ဟောင်းနွမ်းပေါက်ပြဲနေပါက ပူးတွဲထားသော ဝန်ထမ်းကြိုး(သွပ်ကြိုး)သို့ ဓာတ်အား စီးဝင်နေပါမည်။ ထိုအခါ အိမ်တံစက်မြိတ်သွပ်စပ်နှင့်လည်းကောင်း၊ အိမ်အဝင်သံဆန်ခါ၊ သံပန်းများနှင့် ထိစပ်နေပါက ကိုင်တွယ်မိသူအား ဓာတ်လိုက်သေဆုံးတတ်ပါသည်။ ဆားဗစ်ကြိုးပေါ်သို့ အဝတ်လှန်းခြင်း၊ ကိုင်တွယ်ခြင်းများ မပြုလုပ်ရပေ။ ဆားဗစ်ကြိုးပြတ်ကျ၊ ပြုတ်ကျလျှင် လျှပ်စစ်ဌာနသို့ သတင်းပို့၍စံချိန်မီသော ကြိုးဖြင့် တပ်ဆင်ရပေမည်။

ကားလမ်းဘေးဓာတ်တိုင်များတွင် တပ်ဆင်ထားသော ဓာတ်ကြိုးများသည် ဗို့အား ၄၀၀ နှင့် ၁၁၀၀၀ ဗို့အားအထိ ဗို့အားမြင့်မားလှသဖြင့် ကျောင်းသားကျောင်းသူများ ကျောင်းသွားလျှင် ဓာတ်တိုင်များအနီးနှင့် ဓာတ်အားလိုင်းများအောက်မှမသွားကြရန် သတိပြုရပေမည်။ ဆွေးမြည့်နေသော ဓာတ်တိုင်ကျိုးကျသဖြင့် ကျောင်းသားလူငယ်သေဆုံးမှုမျိုး ကြုံဆုံဖူးပါသည်။ လမ်းသွားလျှင် ဓာတ်တိုင်များကို ကိုင်တွယ်ဆော့ကစားခြင်း မပြုလုပ်ရပါ။ လမ်းတွင် အမှတ်မထင် ဓာတ်ကြိုးပြတ်ကျနေလျှင် ကိုင်တွယ်ဖယ်ရှားခြင်းမပြုဘဲ လွတ်ကင်းရာမှ ရှောင်ရှားသွားရပေမည်။ သက်ဆိုင်ရာ လျှပ်စစ်ဌာနသို့ သတင်းပေးပို့ရန် လိုအပ်ပါသည်။ ဓာတ်တိုင်၊ ဓာတ်ကြိုးများနှင့်ထိစပ်နေသော သစ်ပင်သစ်ကိုင်းများပေါ်သို့ တက်ရောက်ခြင်းမပြုရပါ။ ဓာတ်အားလိုင်းအောက်မှ စတီးပိုက်၊ ဒန်သံပိုက်ချောင်းများနှင့် ဓာတ်လိုက်လွယ်သော သတ္တုပစ္စည်းကို သယ်ဆောင်ခြင်းမပြုရန် သတိပြုရပေမည်။ လမ်းဌာနလမ်းဆာဗေးတိုင်းတာရာတွင် ဒန်သံပိုက်(ဆာဗေးတိုင်)နှင့် ဓာတ်အားလိုင်းထိမိ၍ ဓာတ်လိုက်သေဆုံးမှုများ မကြာခဏဖြစ်ပေါ်ကြပါသည်။

လယ်ကွင်းများတွင်ရှိတတ်သော လျှပ်စစ်တာဝါတိုင်များသည် လေ့ကားပမာ တက်ချင်စရာဖြစ်နေ၍ စိတ်မနှံ့သူများနှင့် နွားကျောင်းသားများ တက်ရောက်ကြသဖြင့် မီးလောင်ပြာကျသေဆုံးရပါသည်။ သို့ဖြစ်၍ ကျောင်းသားလူငယ်များ တက်ရောက်ဆော့ကစားခြင်းမပြုကြရန် အထူးသတိပြုရပေမည်။ လျှပ်စစ်ဓာတ်အားလိုင်းများ ပြုပြင်နေသော လုပ်ငန်းခွင်ကိုမြင်လျှင် ဝေးဝေးကရှောင်ရှားသွားရပေမည်။ မြို့ကြီးများတွင် ကောင်းကင်ဓာတ်အားလိုင်းသာမက မြေအောက်ကြိုးများပါ တည်ဆောက်ထားသဖြင့် မြေအောက်ကြိုးများကို တွေ့လျှင် လွတ်ရာမှ သွားရပေမည်။ မြေအောက်ကြိုးပေါက်ပြဲနေလျှင် ထိမိပါက (Flash Over)ဖြစ်၍ ဓာတ်လိုက်သေဆုံးတတ်ပါသည်။

"မြွေကိုမြင်လျှင် အဆိပ်ရှိမည်"ဟု သိနိုင်သလို လမ်းမပေါ်တွင် တွယ်တာမဲ့သည့် ဝါယာကြိုးပြတ်တွေ့လျှင် လျှပ်စစ်ဓာတ်အားရှိသည်ဟု သဘောထားရှောင်ရှားသွားရပေမည်။

ပုဂ္ဂလိက မီးစက်များ၊ စက်ရုံ၊ အလုပ်ရုံများတွင် ဝါယာကြိုးများရှုပ်ထွေးနေတတ်သဖြင့် အတွင်းသို့ မဝင်သင့်ပေ။ ဓာတ်လိုက်သေဆုံးမှုများကို ကြည့်လျှင် လျှပ်စစ်ပစ္စည်းများကို ကိုင်တွယ်မိရာမှ သေဆုံးမှုအများဆုံး တွေ့ရပေသည်။ သို့ဖြစ်၍ ပျက်စီးချွတ်ယွင်းနေသော ဝါယာကြိုးများ၊ မီးခလုတ်၊ ပလပ်ပေါက်များကို အချိန်မီပြုပြင်ထားရပေမည်။ သံထည်များဖြစ်သော လျှပ်စစ်မီးပူ၊ မီးဖို၊ ရေမော်တာများကို သတိထားကိုင်တွယ်ရမည်။ ရေစိုသော လက်ဖြင့် လျှပ်စစ်ပစ္စည်းများ ကိုင်တွယ်ခြင်း၊ မြေကြီးနှင့်အင်္ဂတေပေါ်တွင် ဖိနပ်မစီးဘဲ မီးခလုတ်များ၊ လျှပ်စစ်ပစ္စည်းများကို အဖွင့်/အပိတ်မလုပ်ရပါ။ ယခုလို စွတ်စိုသော မိုးကာလတွင် လျှပ်စစ်ကြိုးများတပ်ဆင်ထားသော အင်္ဂတေအဆောက်အအုံများကို အထူးသတိပြုရပေမည်။

မိုးကာလများတွင် ဓာတ်ကြိုးများပြတ်ကျတတ်သဖြင့် ကျောင်းသားလူငယ်များအနေဖြင့် ကျောင်းဆင်းချိန်တွင် ကြုံရာရေမြောင်း၊ ရေအိုင်များတွင် ရေဆင်းချိုးခြင်းမှ ရှောင်ရှားရပေမည်။ မိုးသည်းထန်စွာ ရွာသွန်း၍ လေပြင်းများတိုက်ခြင်း၊ လျှပ်စီးများလက်၍ မိုးခြိမ်းခြင်း၊ မိုးကြိုးပစ်ခြင်းများဖြစ်ပေါ်ပါက လျှပ်စစ်ဓာတ်တိုင်များနှင့် ဓာတ်အားလိုင်းများ လွတ်ကင်းရာသို့ အလျင်အမြန် ရှောင်တိမ်းနေရမည်။

အထူးသဖြင့် လက်ကိုင်ဖုန်းကိုင်ဆောင်သူများသည် မိုးခြိမ်းခြင်း၊ လျှပ်စီးလက်ချိန်တွင် ဖုန်းကိုပိတ်ထားရမည်။ စက်သုံးဆီအရောင်းဆိုင်များသို့ ဝင်ရောက်မိလျှင် "လက်ကိုင်ဖုန်းမပြောကြရန်နှင့် ဖွင့်ထားခြင်းမပြုကြရန်" မော်တော်ယာဉ်ထိန်းသိမ်းမှုကြီးကြပ်ရေး ဗဟိုကော်မတီမှ အထူးသတိပေးတားမြစ်ထားပါသည်။ ဆီဖြည့်စဉ် လက်ကိုင်ဖုန်း ပြောခြင်း၊ ဖွင့်ထားခြင်းတို့ကြောင့် မီးထတောက်ခြင်း၊ မီးလောင်ခြင်းတို့ဖြစ်ပေါ်ကာ အသက်ဆုံးရှုံးရသည်အထိ ဖြစ်ရပ်မျိုး ကြုံဆုံဖူးပါသည်။

ယခုအခါ ဓာတ်လိုက်မှုများမှာ အတိုင်းအတာတစ်ခုအထိ တိုးမြင့်လာနေပါသည်။ ရန်ကုန်တိုင်းဒေသကြီးမှာပင် တစ်လလျှင် ပျမ်းမျှဓာတ်လိုက်မှု ရှစ်ခုရှိရာ ခုနစ်ဦးခန့် သေဆုံးလျက်ရှိပါသည်။ လျှပ်စစ်ဓာတ်လိုက်မှုများမှာ အသက်အန္တရာယ်ဆုံးရှုံးရသည်က များလှပေသည်။ သို့ဖြစ်၍ ကျောင်းသားလူငယ်လေးများ လျှပ်စစ်အန္တရာယ်မှ ကင်းဝေးစေရန် အထူးသတိပြုသွားလာနေထိုင်စေလိုကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မွေးနေ့မင်္ဂလာဆုတောင်း

၂၈-၉-၂၀၁၃ရက်တွင် ကျရောက်သော ချစ်သားလေး မောင်နိုင်ဝေယံ **1st year Y.U.F.L (German)** ၏ (၁၇) နှစ်မြောက် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကိုယ်၏ကျန်းမာခြင်း စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံလျက် အများအကျိုးသယ်ပိုး နိုင်သည့် သားကောင်းရတနာ ဖြစ်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက်-

ပါပါ-ဦးတင်နိုင်စိုး

မေမေ-ဒေါ်အေးအေးသင်း

ပျောက်ဆုံးကြောင်း ကျွန်တော်မြင့်ရှမ်း၏ နိုင်ငံကူးလက်မှတ် PP.129864သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

မြင့်ရှမ်း ၀၉-၄၂၀၀၉၇၄၇၆

ရောင်းမည်(သုဝဏ္ဏVIP)

(သုဝဏ္ဏ VIP)၊ သစ်ရာပင်လမ်းသွယ်၊ ပေ(၇၈×၈၀)၊ ၂ထပ် RC၊ MB ၄ခန်း၊ မီတာ(၂)လုံး၊ Ph(၂)လုံး ပိုင်ရှင်အမည်ပေါက် ကိုယ်တိုင်ရောင်းမည်။

Ph:09-5003026, 09-420702880, 01-579126

ကားရောင်းမည်

- Toyota Camry 1 B/ ၈၄ သိန်း
- Nissan မှန်လုံဒီဇယ် ၁ခ/၈၅သိန်း
- Light Truck ၈ဏ/၇၂သိန်း

ဖုန်း-၀၉-၄၂၈၀၂၁၃၉၉၊ ၀၉-၃၁၀၀၄၉၄၆

အိမ်ရောင်းမည် (ပိုင်ရှင်ကိုယ်တိုင်)

ပေ(၄၅×၆၀)(၂၇၀၀စ/ပေ) (လမ်းကျယ်နှစ်လမ်း ထောင့်ကွက်) 1 RC, 3BR, 3 A/C ခြံပတ်လည် အုတ်ခတ်ပြီး၊ ခြံဝင်းကွန်ကရစ်ခင်းပြီး၊ ရတနာလမ်းမကြီး၏ လမ်းသွယ်၊ ကမ္ဘာ့ဇဘက်(မလိခ)နှင့် နီး၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပ။

ဖုန်း-၀၉-၅၁၄၀၆၃၀၊ ၀၉-၂၅၀၀၀၄၁၃၄

ဗိုလ်အောင်ဒင် ဖန်တီးရှင်

တင့်လွင်ဦး (စီးပွားရေးတက္ကသိုလ်)

ကမ္ဘာကြီးရဲ့ တိုးတက်ပြောင်းလဲမှုတွေက ယနေ့ခေတ် ၂၁ ရာစုမှာ ကြောက်ခမန်းလိလိ၊ စက္ကန့်နှင့်အမျှ အသစ်အသစ်သော ထူးချွန်ထက်မြက်သူတွေကလည်း အနန္တ၊ လောကနိယာမအရ ယနေ့အသစ်သည် မနက်ဖြန် အဟောင်း။ ယနေ့အဟောင်းသည် မနေ့ကအသစ်။ အကြောင်းနှင့်အကျိုး။ အဟောင်းရှိ၍ အသစ်ဆိုတာလည်း ဖြစ်လာရသည်။ အသစ်ရှိလျှင် အဟောင်းဆိုတာလည်း ရှိနေဦးမည်။ သစ်ခြင်း၊ ဟောင်းခြင်းသည် အဓိကမဟုတ်၊ ကောင်းခြင်းဖြစ်ဖို့သာ လိုသည်။ ဟောင်းသည်ဆို၍လည်း မေ့ထားလို့မရ၊ နှစ်ပေါင်း သန်းနှင့်ချီသော အဟောင်းများကို တန်ဖိုးထား၍ ပြန်လည်တူးဆွနေကြသည်။

စာရေးသူလည်း အားကျ၍ မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်ထဲက အဟောင်းများကို တူးဆွကြည့်မိသည်။ မြန်မာ့ရုပ်ရှင်ချစ်သူများအတွက် ရတနာသိုက်ကြီးပမာ ကောင်းပေ့၊ ညွှန့်ပေ့ ဆိုတာတွေကို ရှာဖွေတွေ့ရှိခဲ့သည်။ အဲဒီအထဲက စာဖတ်သူတို့၊ ရုပ်ရှင်ချစ်သူတို့ သိသင့် သိထိုက်သည် ထင်သော ရွှေပေလွှာတစ်ချပ်ကို ဖွင့်ပြလိုက်ပါသည်။

“ဒါရိုက်တာအကယ်ဒမီ ရွှေဒုံးဘီအောင်” ကို ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့၌ အဖ ဦးဖိုးလှ (ခ) ဦးဖိုးရွှေလှ၊ အမိဒေါ်လှကေသီတို့က ၁၇-၂-၁၉၀၆ တွင် မွေးဖွားခဲ့သည်။ ငယ်နာမည် နေမျိုးကျော်သူအောင်ဖြစ်ပြီး ကြီးပြင်းလာသောအခါ ကိုဘအောင်၊ ဦးဘအောင် အဖြစ် အမည်တွင်သည်။ မွေးချင်းနှစ်ယောက်အနက် အကြီးဖြစ်သည်။

ငယ်စဉ်က ညောင်တုန်းမြို့ ဟိုက်စကူးကျောင်း၌ ပညာသင်ခဲ့၍ ကျောင်းသားဘဝတွင် သူ့ကျွန်မခံ ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော်ကို ရည်ညွှန်း၍ ဂုဏ်ပြုစပ်ဆိုသော သေလုဆဲအာဇာနည် (Dying Ahzarni) ကဗျာကို အင်္ဂလိပ်လိုရေးစပ်ပြီး ပြိုင်ပွဲဝင်ခဲ့ရာ ရွှေတံဆိပ်ဆုရရှိခဲ့သည်။ ၁၉၂၇ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီး ညောင်တုန်းမြို့ မြူနီစပယ်ရုံး (ယခုအခေါ် မြို့တော်စည်ပင်သာယာရုံး)တွင် စာရေးဝင်လုပ်ရင်း စာပေများကို လေ့လာလိုက်စားခဲ့ရာ ၁၉၃၂ ခုနှစ်တွင် ဒဂုန်မဂ္ဂဇင်း၌ “ကံထူး” ဝတ္ထုကို စတင်ရေးသားခဲ့သည်။

ထို့နောက် ဒဂုန်မဂ္ဂဇင်းတိုက်နှင့် အဆက်အသွယ်ရရှိကာ ညောင်တုန်းမြို့မှ ရန်ကုန်မြို့သို့ ပြောင်းရွှေ့ခဲ့ပြီး ဒဂုန်မဂ္ဂဇင်း၌ အယ်ဒီတာ ဒဂုန်ဦးလှဖေထံတွင် လက်ထောက်အယ်ဒီတာအဖြစ် တာဝန်ထမ်းဆောင်ရင်း မွေးရပ်ဇာတိကို အမှတ်တင်ကာ ရွှေဒုံးဘီအောင်ကလောင်အမည်ဖြင့် သုယောနန္ဒီ၊ ရေနန်းသူဇာ၊ ကာသီယောပီယ၊ လေးတော်ရှင်စသော ရှေးဟောင်းဒဏ္ဍာရီဆန်ဆန် ဝတ္ထုရှည်ကြီးများ ရေးသားခဲ့သည်။ စာဖတ်ပရိသတ်လက်က မချချင်လောက်အောင် စွဲလမ်းခဲ့သည်အထိ ဆရာ့ဝတ္ထုများက ဖမ်းစားလွှမ်းမိုးခဲ့သည်။

စစ်ပြီးခေတ်တွင် “ပြောက်ကျား(၉)”၊ “ဗိုလ်အောင်ဒင်ပြန်လာပြီ”၊ “စိုးပါနဲ့မေ” လုံးချင်းဝတ္ထုများ ရေးသားခဲ့သည်။ ၁၉၃၄-၃၅ ခုနှစ်တွင် “ဗမာတာရာ” ကိုယ်ပိုင်စာပေတိုက်တည်ထောင်ခဲ့ပြီး “သုံးရောင်ခြယ်” လုံးချင်းဝတ္ထုကို ထုတ်ဝေခဲ့သည်။

ထို့နောက် စာပေနယ်မှ ရုပ်ရှင်နယ်သို့ ကူးပြောင်းကာ ဗြိတိသျှဘားမားရုပ်ရှင် (ညွှန့်မြန်မာရုပ်ရှင်)၌ ဇာတ်ညွှန်းရေးဆရာအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး “သူပုန့်သွေး”၊ “ရီရီ့ကုသိုလ်”၊ “ရွှေဘုန်းတော်” စသော အသံတိတ်ဇာတ်ကားများနှင့် “အပျိုစင်”၊ “အချစ်ဆုံးသူဇာ”၊ “ဒေဝီမေတ္တာ” နှင့် “ဂုဏ်” အသံထွက်ဇာတ်ကားများအတွက် ဇာတ်ညွှန်းများ ရေးသားပေးခဲ့သည်။

စစ်ကြိုခေတ် ၁၉၄၀-၄၁ ခုနှစ်တွင် ဗြိတိသျှဘားမားရုပ်ရှင်အတွက် ခင်မောင်ရင်၊ ဘချစ်၊ မေမေဝင်းတို့ ပါဝင်သော “ဗိုလ်အောင်ဒင်” အသံထွက်ဇာတ်ကားကို ကိုယ်တိုင်ဝတ္ထုဇာတ်ညွှန်းရေးသားပြီး ပထမဦးဆုံး ကိုယ်တိုင်ဒါရိုက်တာအဖြစ်နှင့် စတင်ရိုက်ကူးခဲ့ရာ အထူးပင်အောင်မြင်ကျော်ကြားခဲ့ပြီး မြန်မာ့ရုပ်ရှင်လောက၌ သမိုင်းတွင်ကျန်ရစ်ခဲ့သော ဇာတ်ကားဖြစ်ခဲ့သည်။ စစ်တွင်းကာလဖြစ်သော ဂျပန်ခေတ်၌ ကန်တော်ကြီး “မြိုင်” ရုံတွင် “တကယ့်စစ်သား” ပြဇာတ်၊ စစ်ကြီးပြီးစတွင် ရန်ကုန်အနောက်ပိုင်း “ကာဌေး” ရုံ၌ “အသွင်မတူ” ပြဇာတ်များ တင်ဆက်ခဲ့သည်။

စစ်ပြီးခေတ်တွင် မဟာဗန္ဓုလ(အပြီးမသတ်ခဲ့)၊ ခုနစ်စင်ကြယ်၊ လောဘမုန်တိုင်းစသော အသံတိတ်ဇာတ်ကားများ ရိုက်ကူးခဲ့ပြီး ၁၉၄၈ ခုနှစ်နောက်ပိုင်းကာလများတွင် မာလာရီ၊ ပွဲပွဲခါညောင်ရေ၊ ဒေါက်တာအောင်ကျော်ဦး၊ သားဗိုလ်အောင်ဒင်၊ ဤလူ့ဘောင်တွင်၊ ပတ္တမြားမယ်၊ ဘလက်ဆောင်၊ အတွေ့၊ မောင့်ဂရုဏာ၊ တိမ်ညိုနှင့် စန္ဒာစသော အသံထွက်ဇာတ်ကားများ ရိုက်ကူးခဲ့သည်။

ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့သောဇာတ်ကားများအနက် “မာလာရီ” ဇာတ်ကားတွင် မင်းသားကျော်ဝင်း (မင်းသမီးအကယ်ဒမီတင်တင်မူ၏ ခင်ပွန်း၊ မင်းသမီးအကယ်ဒမီ ဒေစီကျော်ဝင်း၏ဖခင်)သည် အကောင်းဆုံးအမျိုးသားဇာတ်ဆောင် အကယ်ဒမီရွှေစင်ဆုနှင့် ‘အတွေ့’ ဇာတ်ကားတွင် မင်းသမီးသီသီက အကောင်းဆုံးရွှေစင်ဆု ရရှိခဲ့ကြသည်။

ဒါရိုက်တာ ရွှေဒုံးဘီအောင်သည် ကိုယ်တိုင်လည်း ၁၉၅၇ ခုနှစ်တွင် ဒေါက်တာအောင်ကျော်ဦး ဇာတ်ကားဖြင့် အကောင်းဆုံးဒါရိုက်တာဆုရရှိခဲ့သည့်အပြင် ဒေါက်တာအောင်ကျော်ဦးဇာတ်ကားသည်လည်း အကောင်းဆုံးရုပ်ရှင်ဇာတ်ကား အကယ်ဒမီရွှေစင်ရုပ်ဆု ရရှိခဲ့သည်။

ကိုယ်ပိုင် “ရွှေဥဒေါင်း” ရုပ်ရှင်ကို တည်ထောင်ခဲ့ရာ မောင့်ဂရုဏာ၊ တိမ်ညိုနှင့်စန္ဒာဇာတ်ကားများမှာ ရွှေဥဒေါင်းရုပ်ရှင်မှထုတ်လုပ်သော ဇာတ်ကားများဖြစ်ကြသည်။ ၁၉၆၈ ခုနှစ်တွင် “ရုပ်ရှင်ပညာအမြုတေ” ရုပ်ရှင်ပညာပေးစာအုပ် ထုတ်ဝေခဲ့သည်။

ဆရာသည် မိမိကိုယ်တိုင်လည်း အကောင်းဆုံး ဒါရိုက်တာဆု ရရှိခဲ့သလို မင်းသား၊ မင်းသမီးနှင့် ဇာတ်ကားများကိုလည်း ရရှိအောင်ဖန်တီးနိုင်ခဲ့သည့်အတွက် လက်နဲ့ထိရင် ရွှေဖြစ်သူဟု တင်စားပြောပြရင် လွန်အံ့မထင်။

ဆရာသည် တိုင်းသိ၊ ပြည်သိ နိုင်ငံကျော်အနုပညာရှင်တစ်ဦးအဖြစ် ထင်ပေါ်ကျော်ကြားခဲ့သော်လည်း မိမိမွေးရပ်မြေကို မမေ့သူ၊ ဂုဏ်တင့်စေသူပါ။ ညောင်တုန်းမြို့ကို အမှတ်တင်ပြီး “ရွှေဒုံး” ဆိုသည့်အမည်ကို သုံးထားသည့်အတွက် ညောင်တုန်းမြို့သားတစ်ဦးအနေဖြင့် အထူးပင်ကြည်ညိုလေးစားမိပါသည်။ နိုင်ငံတော်မှ တာဝန်ပေးချက်အရ တော်လှန်ရေးကောင်စီလက်ထက်တွင် ၁၉၆၂ ခုနှစ် မြန်မာနိုင်ငံရုပ်ရှင်ကောင်စီဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဆရာ၏ လက်ရာများထဲက “ဗိုလ်အောင်ဒင်” ဇာတ်ကားအကြောင်း ကောက်နုတ်တင်ပြပါရစေ။

ဗိုလ်အောင်ဒင်ဇာတ်ကားသည် ဘယ်အခါကြည့်ကြည့် မရိုးနိုင်ပါ။ လူတန်းစားမရွေး နှစ်သက်စွဲလမ်းခဲ့ကြပါသည်။ ဇာတ်လမ်း၊ ဇာတ်ကွက်သွက်လက်ထူးခြားမှု၊ ဇာတ်ကောင်၊ ဇာတ်ဆောင်များ၏ သဏ္ဍာန်လုပ်သရုပ်တူမှု၊ အဆက်အစပ်နှင့် ဇာတ်ရှိန်အတတ်အကျမြင့်မားမှု၊ ဇာတ်ကားကောင်းတစ်ကားတွင် ရှိအပ်သော ဝိသေသဂုဏ်အင်ဖြင့် မြန်မာ့ရုပ်ရှင်သမိုင်းတွင် “စွဲတင်” ရသည့် ဂန္ထဝင်မြောက် ဇာတ်ကားဖြစ်ပေသည်။

မင်းသား ခင်မောင်ရင်သည် အဆိုပါဇာတ်ကား၌ ဗိုလ်အောင်ဒင်သည် ကံကြမ္မာအလှည့်အပြောင်းအရ မလွဲသာ၍ ဒုစရိုက်လောကထဲ ရောက်ခဲ့ရသော်လည်း ပင်ကိုယ်စရိုက်ကြမ်းတမ်း၊ နိမ့်ကျသူမဟုတ်၊ ရာဇဝတ်သား ဒုစရိုက်သမားဇာတ်ရုပ်ကို ဖော်ထုတ်ရာတွင် သာမန်လူဆိုး၊ ဓားပြမျိုးမဟုတ်ဘဲ စတိုင်ကျကျ၊ စမတ်ကျကျ အထက်တန်းလွှာ စာရင်းဝင်လူဆိုးခေါင်းဆောင်အသွင်မှာ ပေါ်လွင်လှသည်။ ဒုစရိုက်သမားက အထက်တန်းစားလူကြီးလူကောင်းအသွင်ဆောင်ထားသည့် သရုပ်ဆောင်ချက်မှာ ပီပြင်လှသည်။

ပိုးပုဆိုး၊ ‘ဘလေဇာ’ ကုတ်အင်္ကျီဖြင့် တည်ကြည်ခံ့ညားသည့် ဥပမိရုပ်တွင် ရွှေကိုင်းမျက်မှန်အဝိုင်းကိုတပ်၊ စီးကရက်လက်ကြားညှပ်၊ မခိုးမခန့်ရယ်သံဖြင့် အမိန့်မနာခံသည့် တပည့်ကိုဆုံးမပုံမှာ အကဲပါလှသည်။ “ရာမ. . ရာမ၊ ဖားတုလို့ ခရုခုန် အိုင်ပျက်ရုံရှိတော့မပေါ့” ဆိုသည့် ဗိုလ်အောင်ဒင်၏ ရယ်သံ့သံ့အပြောလေးသည် ပရိသတ်နားထဲက မထွက်နိုင်. . .

ဗိုလ်အောင်ဒင်ဇာတ်ကား၏ အောင်မြင်မှုမှာ နှစ်ကာလကြာမြင့်ခဲ့သော်လည်း အဆုံးမသတ်နိုင်၊ မြန်မာ့ရုပ်ရှင်တည်မြဲနေသရွေ့ ဆက်လက်ရှင်သန်သမိုင်းတွင် ကျန်ရစ်နေဦးမည်သာ။

ဆရာရွှေဒုံးဘီအောင်သည် စာရေးဆရာဘဝ၊ ရုပ်ရှင်ဇာတ်ညွှန်းရေးဆရာဘဝ၊ ဒါရိုက်တာဘဝ စသည့် ဘဝများစွာဖြင့် မြန်မာစာပေနှင့် မြန်မာ့ရုပ်ရှင်အဆင့်မြင့်စေရန် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ဆင့်ခဲ့သော ဆရာတစ်ဆူဖြစ်ခဲ့သော်လည်း မရဏသဘောမလွန်ဆန်နိုင်သည့်အတွက် ၁၀-၃-၁၉၈၆ နေ့တွင် ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ရင်မေ၊ ဒေါ်တင်ရွှေနှင့် သားတစ်ယောက် ကျန်ရစ်ခဲ့သည်။ ဆရာကတော့မရှိတော့ပေ။ ဆရာမရှိတော့ပေမယ့် ဆရာ့ပုံရိပ်ကတော့ မြန်မာ့စာပေသမိုင်းမှာ၊ မြန်မာ့ရုပ်ရှင်သမိုင်းမှာ၊ မွေးရပ်ဇာတိမြေမြို့လေးမှာ ထင်ကျန်နေဆဲ၊ ဆရာ့ဂုဏ်သတင်းကတော့ နိုင်ငံနှင့်အဝှမ်း သင်းပျံ့နေဆဲ။ ။

Win & San
Since 1983
Diamonds & Fine Jewelry

သီတင်းကျွတ်ပွဲတော်အရောင်းမြှင့်တင်ခြင်းမိတ်ကြားလွှာ

Win & San Diamonds and Fine Jewelry မှ "သီတင်းကျွတ်ပွဲတော်" အတွက် အထူးအစီအစဉ်အဖြစ် မြွေသန့်စိန်များဖြင့်ပြုလုပ်ထားသော စက်ထည်၊ လက်ထည် ဒီဇိုင်းအသစ်အဆန်းများ၊ မြွေသန့်စိန်အကြွေဆိုဒ်မျိုးစုံနှင့်အတူ မြန်မာ့တွင်းထွက် ကျောက်မျက်ရတနာမျိုးစုံဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာများ၊ နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ပါ တစ်ပွင့်စိန်များကို မိတ်ဟောင်း မိတ်သစ်များအတွက် အထူးလျှော့ဈေး (Discount 12% to 30%) ဖြင့် ရောင်းချမည့်ပွဲသို့ (28.9.13 မှ 30.9.13) (၃) ရက်တိုင်တိုင် ရောင်းချပေးသွားမည်ဖြစ်ပါသဖြင့် ကြွရောက်ချီးမြှင့်အားပေးပါရန် ခင်မင်လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

❖ ဖိတ်စာမရောက်ရှိသော မိတ်ဟောင်း မိတ်သစ်များလည်း လာရောက်ကြည့်ရှုအားပေးနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ❖

Show Room (1) ◆ အမှတ် (၃၆-C) အောင်မင်္ဂလာဘုရားလမ်း ၁၀-ရပ်ကွက် ကမာရွတ်မြို့နယ် ရန်ကုန်မြို့
Ph : 502977, 504679 , 525257, 09-500-6685, 09-506-2773

နာမည်ကျော်လက်ဝှေ့သမားနှစ်ဦးဖြစ်သည့် ဒေးဗစ်ဟေးနှင့် တိုင်ဆန်ဖာရီတို့၏ချန်ပီယံလုပွဲ ရက်ရွှေ့ဆိုင်း

ငွေကြယ်

စက်တင်ဘာ ၂၈ ရက်တွင် မန်ချက်စတာ အရီနာလက်ဝှေ့ရုံ၌ ယှဉ်ပြိုင်ထိုးသတ်ရန် စီစဉ်ထားခဲ့သော နာမည်ကျော်လက်ဝှေ့သမားနှစ်ဦးဖြစ်သည့် ဒဗလျူဘီအေဟဲဗီးဝိတ်ချန်ပီယံဟောင်း ဒေးဗစ်ဟေးနှင့် အိုင်ယာလန် ဟဲဗီးဝိတ်ချန်ပီယံ တိုင်ဆန်ဖာရီတို့၏ ပြည်တွင်းဟဲဗီးဝိတ်ချန်ပီယံလုပွဲကို လာမည့်နှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ယှဉ်ပြိုင်ထိုးသတ်ရန် ပြောင်းလဲစီစဉ်လိုက်ကြောင်း သိရသည်။

ပရော်ဖက်ရှင်နယ်လက်ဝှေ့သမားဒေးဗစ်ဟေးသည် ဒဗလျူဘီအေ၊ ဒဗလျူဘီစီနှင့် ဒဗလျူဘီအို ပြိုင်ပွဲများတွင် အပျော်တမ်းဝိတ်တန်းလက်ဝှေ့သမားတစ်ဦးအဖြစ် ယှဉ်ပြိုင်ခဲ့သည့်အပြင် ဥရောပ အပျော်တမ်းဝိတ်တန်းချန်ပီယံဆုရှင်အဖြစ်လည်း ရပ်တည်ခဲ့ဖူးသူဖြစ်သည်။

ဒေးဗစ်ဟေးသည် ၎င်း၏ အသက်(၁၈)နှစ်အရွယ်ဖြစ်သည့် ၁၉၉၉ ခုနှစ်တွင် ဟောက်စတန်၌ ကျင်းပခဲ့သည့် ကမ္ဘာ့အပျော်တမ်းချန်ပီယံရှစ်ပြိုင်ပွဲတွင် ပါဝင်ထိုးသတ်ခဲ့ပြီး အမေရိကန်ဝါရင့်လက်ဝှေ့သမား မိုက်ကယ်ဆင်းမ်ကို ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခဲ့ရပြီးသည့်နောက်ပိုင်း ၂၀၀၂ ခုနှစ် ဒီဇင်ဘာလတွင် ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားဘဝသို့ ကူးပြောင်းခဲ့သည်။

ထို့နောက် အလဲထိုးပြိုင်ပွဲအားလုံးကို အနိုင်ရရှိကာ ကမ္ဘာ့ချန်ပီယံဟောင်း အာသာဝီလျံကိုပင် သုံးချီအတွင်း အလဲထိုးနိုင်ခဲ့ခြင်းကြောင့် လူသိများသော လက်ဝှေ့သမားတစ်ဦးဖြစ်လာခဲ့သည်။

ဒေးဗစ်ဟေးသည် လက်ရှိ အချိန်အထိ စိန်ခေါ်ပွဲ ၂၈ ပွဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီးနောက် ၂၆ ပွဲနိုင်ပွဲရရှိကာ ၂၄ ပွဲမှာ အလဲထိုးအနိုင်ယူခဲ့ပြီး နှစ်ပွဲသာ ရှုံးနိမ့်ထားခဲ့သည်။

ဗြိတိန်ပရော်ဖက်ရှင်နယ် လက်ဝှေ့သမား တိုင်ဆန်ဖာရီသည်လည်း ၂၀၀၈ ခုနှစ်က ပါဝင်ယှဉ်ပြိုင်ခဲ့သော အေဘီအေချန်ပီယံရှစ်ပြိုင်ပွဲတွင် အနိုင်ရရှိခဲ့ပြီး ပရော်ဖက်ရှင်နယ်လက်ဝှေ့သမား ဘဝသို့ ကူးပြောင်းကာ လက်ရှိတွင် ဗြိတိန်နှင့် ခနသဟာယဟဲဗီးဝိတ်ချန်ပီယံဟောင်းတစ်ဦးအဖြစ် ရပ်တည်လျက်ရှိသည်။ တိုင်ဆန်ဖာရီသည် ၎င်း၏ လက်ဝှေ့သမားဘဝတွင် ၂၁ ပွဲယှဉ်ပြိုင်ခဲ့ရာ ၂၁ ပွဲစလုံးအနိုင်ရရှိခဲ့ပြီး ၁၅ ပွဲမှာ အလဲထိုးနိုင်ပွဲရယူနိုင်ခဲ့သူဖြစ်သည်။

ထို့ကြောင့် ဒေးဗစ်ဟေးနှင့် တိုင်ဆန်ဖာရီတို့၏ ဟဲဗီးဝိတ်ချန်ပီယံလုပွဲသည် လက်ဝှေ့ပရိသတ်များကို ဆွဲဆောင်မှုအပြည့်ပေးစွမ်းနိုင်မည့် ပြိုင်ပွဲဖြစ်ပြီး ဒေးဗစ်ဟေး၏ ဘယ်မျက်ခုံးအပေါ်၌ ပြဲရှအက်ကွဲဒဏ်ရာရရှိထားခဲ့ခြင်းကြောင့် ၎င်းတို့နှစ်ဦး၏ ပြိုင်ပွဲကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ယှဉ်ပြိုင်ထိုးသတ်ရန် ပြန်လည်စီစဉ်ခဲ့ခြင်းဖြစ်သည်။

ပရီမီယာလိဂ် ရင်ခုန်သံ (၆)

ပရီမီယာလိဂ်ပွဲစဉ်(၆)မှာ စပါးနဲ့ချယ်လ်ဆီးဆုံပြီ။ ဒါ့အပြင် အာဆင်နယ်ကလည်း ဆွမ်ဆီးရဲ့အိမ်ကွင်းမှာ သွားပြီးရင်ဆိုင်ရမယ်။ ပွဲစဉ်(၅)တုန်းကမန်စီးတီးကို ဂိုးပြတ်ရှုံးခဲ့ရတဲ့ မန်ယူအသင်းအနေနဲ့ ဝက်စ်ဘရွန်းနဲ့ပွဲမှာ အနိုင်ပြန်ရပ့ါမလား ဆိုတာလည်း စောင့်ကြည့်ရမယ်။

စပါး - ချယ်လ်ဆီး ည ၆း၁၅ (၂၈-၉-၂၀၁၃)

လန်ဒန်ဒါဘီဖြစ်လို့ အကြိတ်အနယ်ရှိမှာမှန်တယ်။ ဒါပေမယ့် နှစ်သင်းစလုံးရဲ့တိုက်စစ်ပိုင်းကအားပျော့တယ်။ ဆိုဒါဒို၊ တောရက်စ်၊ အီတိုး တိုက်စစ်မှူးတွေအားလုံး ဂိုးပေါက်ပျောက်နေတယ်။ ဒီတော့ သွင်းဂိုးနည်းဖို့များတယ်။ နှစ်သင်းစလုံးရဲ့အသင်းလိုက်ဟန်ချက်ကလည်း မကွာဘူး။

ဗီလာ - မန်စီးတီး ည ၈း၃၀ (၂၈-၉-၂၀၁၃)

ဗီလာကနိုင်ပွဲပြန်ရလာပြီ။ ဒါပေမယ့် ဘန်တီကီ ပါဝင်ဖို့မသေချာဘူး။ လက်ရှိတိုက်စစ်ကလည်း ဂိုးသွင်းအားနည်းတယ်။ မန်စီးတီးက မန်ယူကိုနိုင်ခဲ့လို့ စိတ်ဓာတ်ပိုင်းအားကောင်းနေနိုင်တယ်။ ခြေကလည်းတည်ငြိမ်မှုရှိပြီး အဂူရို၊ နာဆရီတို့ ခြေစွမ်းပြနေလို့ တိုက်စစ်အားလည်းကောင်းတယ်။

ဖူလ်ဟမ် - ကာဒစ်ဖ် ည ၈း၃၀(၂၈-၉-၂၀၁၃)

ကာဒစ်ဖ်က တစ်ပွဲတည်းနိုင်သေးတယ်ဆိုပေမယ့် ခံကစားပုံကကောင်းတယ်။ ဒီပွဲမှာတွက်ရမှာက ဖူလ်ဟမ်ရဲ့ခြေ။ ဖူလ်ဟမ်က လေးပွဲဆက်အနိုင်ပျောက်မှုကို ရပ်တန့်ဖို့ကြိုးစားမှာတော့မှန်တယ်။ ဒါပေမယ့် ငါးပွဲမှာ သုံးဂိုးရထားတဲ့ တိုက်စစ်ကအားရဖွယ်မရှိဘူး။

ဟားလ် - ဝက်စ်ဟမ်း ည ၈း၃၀(၂၈-၉-၂၀၁၃)

ဝက်စ်ဟမ်းက အဲဗာတန်ကိုရှုံးတယ်။ ဒီအတွက်နိုင်ပွဲပြန်ရှာမယ်။ ဒါပေမယ့် ခြေက အဝေးကွင်းဆိုစိတ်မချရဘူး။ ဟားလ်ကကာဆယ်ကိုနိုင်တယ်။ အိမ်ကွင်းအားရှိတယ်။ အထူးသဖြင့် အိမ်ကွင်းမှာအရှုံးမရှိသလို တစ်ဂိုးသာပေးရတာကို သတိပြုရမယ်။ ဟားလ်နဲ့ အရဲစွန့်ချင်တယ်။

မန်ယူ - ဝက်စ်ဘရွန်း ည ၈း၃၀(၂၈-၉-၂၀၁၃)

မန်စီးတီးနဲ့ပွဲမှာမန်ယူရဲ့ခြေမကောင်းဘူး။ ဒါပေမယ့် အိမ်ကွင်း နိုင်ပွဲရဖို့အတွက်လည်း အားစိုက်လာမယ့်အချက် ရှိတယ်။ အထူးသဖြင့် ဆန်းဒါးလန်းကို နိုင်ခဲ့တယ်ဆိုပေမယ့် ဝက်စ်ဘရွန်းရဲ့ခြေကမငြိမ်သလို အဝေးကွင်းမှာခြေပိုကျတတ်တာကို သတိပြုရမယ်။ မန်ယူရဲ့ရှုန်းအားကိုနှစ်သက်တယ်။

ဆောက်သမ်တန် - ပဲလေ့စ် ည ၈း၃၀(၂၈-၉-၂၀၁၃)

ဆောက်သမ်တန်ကအိမ်ကွင်းအရှုံးမရှိတဲ့အသင်း။ တိုက်စစ်ကဂိုးသွင်းခြေမငြိမ်ပေမယ့် အိမ်ကွင်းခံစစ်အားက ကျစ်လျစ်မှုရှိတယ်။ ပဲလေ့စ်က အဝေးကွင်းပွဲတိုင်းရှုံးထားတယ်။ တိုက်စစ်ကသွင်းဂိုးတစ်ဂိုး၊ ခံစစ်ကပေးဂိုးလေးဂိုး ဆောက်သမ်တန်နဲ့သွင်းဂိုးအနည်းကိုပဲ ရွေးချယ်ရမယ်။

ဆွမ်ဆီး - အာဆင်နယ် ည ၁၁း၀၀(၂၈-၉-၂၀၁၃)

အာဆင်နယ်နိုင်ပွဲဆက်နေတာမှန်တယ်။ ရမ်ဆေး၊ ဂီရောက်ဒ်၊ အိုဇေးလ်၊ အတွဲအဖက်က ကွင်းလယ်နဲ့တိုက်စစ်ကို အားကောင်းနေစေတယ်။ ဒါပေမယ့် ကစားရမှာကဆွမ်ဆီးကွင်း။ ဆွမ်ဆီးကလည်း အခုနောက်ပိုင်း ခြေငြိမ်လာသလို မီချူးလည်းဂိုးသွင်းခြေပြန်ရလာတယ်။ အာဆင်နယ်နိုင်ပွဲရပ်သွားမလား။

စတုတ် - နော့ဝှစ်ချ် ည ၇း၀၀(၂၉-၉-၂၀၁၃)

အာဆင်နယ်ကိုရှုံးပေမယ့် စတုတ်ကအိမ်ကွင်းမာတယ်။ ဒါပေမယ့် တိုက်စစ်ပိုင်းမှာဂိုးသွင်းခြေပျောက်နေတယ်။ နော့ဝှစ်ချ်ကအဝေးကွင်းမှာ နိုင်ပွဲမရှိ။ ပွဲတိုင်းရှုံး၊ ရဂိုးမရှိ။ ဒီတော့ စတုတ်ရဲ့အခြေအနေက ပွဲရဲ့အဖြေ။ ပြောရရင်ဂိုးနည်းကိုကြိုက်တယ်။ တစ်သင်းရွေးရရင်တော့ စတုတ်ပဲ။

ဆန်းဒါးလန်း - လီဗာပူး ည ၉း၃၀(၂၉-၉-၂၀၁၃)

ဆောက်သမ်တန်ကိုရှုံးခဲ့တဲ့အတွက် လီဗာပူးအားစိုက်လာမှာပါ။ ဆွာရက်ဇ်လည်း ပြန်လည်ပါဝင်ခွင့်ရပြီဖြစ်လို့ တိုက်စစ်ကစားပုံပိုကောင်းလာနိုင်တယ်။ ဆန်းဒါးလန်းက ဒီကာနီယိုကိုထုတ်ပယ်ခဲ့တဲ့အတွက် ခြေစွမ်းပိုင်းအပြောင်းအလဲရှိလာနိုင်သလို လက်ရှိခြေကလည်းတည်ငြိမ်မှုအားနည်းတယ်။ လီဗာပူးကိုပဲ နှစ်သက်တယ်။

ရှိုင်းမင်းမင်း

မာကိုဗန်ဂင်ကယ် ခြောက်လကြာအနားယူရမည်

ချယ်လ်ဆီးကွင်းလယ်ကစားသမား ဗန်ဂင်ကယ်သည် စက်တင်ဘာ ၂၄ ရက်က ဆွင်ဒန်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲ တတိယအဆင့်တွင် ဒူးဒဏ်ရာရခဲ့သဖြင့် ခြောက်လကြာအနားယူရမည်ဖြစ်ကြောင်း သိရသည်။

နယ်သာလန်ကွင်းလယ်ကစားသမား မာကိုဗန်ဂင်ကယ်သည် ကက်ပီတယ်ဝမ်းဖလားတတိယအဆင့် ပြိုင်ပွဲတွင် ဒူးဒဏ်ရာရရှိခဲ့ခြင်းကြောင့် ချယ်လ်ဆီးအသင်း၏ ယခုနှစ်ရာသီအတွက် အရေးကြီးသော ပွဲစဉ်များနှင့် လွဲချော်ရတော့မည်ဖြစ်ပြီး ဧပြီလမတိုင်မီ အသင်းတွင်ပွဲထွက်ကစားရန် မျှော်လင့်ထားကြောင်း သိရသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၊ မြေကွက်အမှတ်-၁/က-၁၅၊ မြေကွက်တည်နေရာအမှတ်(၁၀)၊ ဇီဇဝါလမ်း၊ ၃ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဦးကိုကိုလေး)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကိုကိုလေးနှင့် ဇနီးဒေါ်တင်တင်မေ ကွယ်လွန်သဖြင့် ဒေါ်မူမူဝင်း[၁၂/ကမရ(နိုင်)၀၄၃၀၅၈]၊ ဦးဇော်ထွန်း[၉/မမန(နိုင်)၀၃၀၀၅၃]၊ ဦးမျိုးထွန်း[၁၂/ဒဂန(နိုင်)၀၁၈၂၉၀]၊ ဦးထွန်းအောင်[၁၂/ရကန(နိုင်)၀၃၀၆၃၄]၊ ဦးတင်မောင်ထွေး[၁၂/ဒဂန(နိုင်)၀၂၂၈၂၂]၊ ဒေါက်တာအေးအေးထွန်း[၁၂/ရကန(နိုင်)၀၂၉၇၅၇]၊ ဒေါ်တင်တင်ထွန်း[၁၂/ဒဂန(နိုင်)၀၁၈၅၄၃]၊ ဦးတင်မောင်ထွန်း[၁၂/မရက(နိုင်)၁၀၅၈၃၉]၊ ဦးတင်အောင်ထွန်း[၁၂/ဒဂန(နိုင်)၀၂၂၈၂၃]တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကိုန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝမ်းမြောက်ဝမ်းသာစွာဖြင့် သာဓုခေါ်ဆိုအပ်ပါသည်

ရန်ကုန်မြို့နေ ဦးမောင်မောင်စိန် (မန်နေးဂျင်း ဒါရိုက်တာ ဂရိတ်ဝေါ ဆေးဝါးနှင့် ဆောက်လုပ်ရေး)တို့က ထာဝရအထွေထွေ ပဒေသာပင်အတွက် ငွေကျပ်ငါးသိန်းနှစ်သောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးသို့ ပေးအပ်လှူဒါန်းမှုအတွက် ဝမ်းမြောက်ဝမ်းသာစွာဖြင့် သာဓုခေါ်ဆိုအပ်ပါသည်။

ဘိုးဘွားရိပ်သာ

ကျေးဇူးဆပ်ပါမည်

၂၅-၉-၂၀၁၃ ရက် နံနက် ၈ နာရီတွင် ကြည့်မြင်တိုင်၊ ညဈေးသို့ Taxi ကားဖြင့်သွားရာ ဒင်္ဂါး(အရှေ့)မြေချပါမစ် (ကျွတ်ကျွတ်အိပ်အနက်)ရောင် ကျန်ခဲ့ပါသဖြင့် တွေ့ရှိက ဆက်သွယ်ပါ။ ဖုန်း-၀၉-၄၃၁၆၀၄၄၄၊ ၀၉-၅၀၃၅၉၂၀

ပဲခူးတွင်ယာဉ်နှစ်စီးမျက်နှာချင်းဆိုင်တိုက်

ပဲခူး စက်တင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း) ပဲခူးမြို့တွင်စက်တင်ဘာ ၂၆ ရက်နံနက် ၁၁နာရီခန့်က ၂၂ ဘီးယာဉ်နှင့်ဟိုင်းလပ်ကိုယ်ပိုင်ယာဉ်ငယ်တို့ မိုးရွာနေစဉ်ဘီးချော်ပြီး မျက်နှာချင်းဆိုင်တိုက်မိခဲ့သည်။ ဖြစ်စဉ်မှာ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ ယာဉ်မောင်း ဘိုဘိုကျော်(၂၆)နှစ် မောင်းနှင်လာသည့် ယာဉ်အမှတ် ၅၈/--- ၂၂ ဘီး ကျောက်တင်ယာဉ်နှင့် ရန်ကုန်မှမန္တလေးသို့ ယာဉ်မောင်း ဦးမျိုးမြင့်(၄၈)နှစ် မောင်းနှင်လာသည့် ဟိုင်းလပ်ယာဉ်တို့သည် ရန်ကုန် -မန္တလေး အဝေးပြေးလမ်း မိုင်တိုင်အမှတ် (၄၈/၅) မဟာမြိုင်မီးပွိုင့်အနီး မြသန္တာလမ်းထိပ်၌ မိုးရွာနေစဉ် ယာဉ်ဘီးများချော်ကာ မျက်နှာချင်းဆိုင် တိုက်မိခဲ့သည်။

ယာဉ်မဆင်မခြင် မောင်းနှင်မှုကြောင့် ယာဉ်မောင်းနှစ်ဦးစလုံးကို ပဲခူးမြို့ အမှတ်(၃)ရဲစခန်းက အမှုဖွင့် အရေးယူထားသည်။

(မင်းစစ်သူ)

လမ်းဘေးဓာတ်တိုင်နှင့် မိတ်ဆက်သည့်ယာဉ်

ရန်ကုန် စက်တင်ဘာ ၂၇

ရန်ကုန်ပြည်လမ်း (၆)မိုင်ခွဲ၌ TownAce ၇ခ/---- အဖြူရောင်ယာဉ် မောင်း ကျော်ဇေယျလင်း မောင်းနှင်လာသောယာဉ်သည် စက်တင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီခန့်က လမ်းဘေးဓာတ်တိုင်အား ဝင်တိုက်မိရာ ဒဏ်ရာများရရှိခဲ့သည်။ အဆိုပါယာဉ်တိုက်မှုဖြစ်ပွားရာသို့ အချိန်အနည်းငယ်ခန့်တွင် အရေးပေါ် လူနာတင်ယာဉ်ဌာနမှ ရဲအုပ် မိုးကျော်ကျော် ရောက်ရှိလာပြီး လူနာအား ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်ရန်ကားမရရှိသဖြင့် လှိုင်မီးသတ်ဌာနသို့ အကူအညီတောင်းရာ လှိုင်မီးသတ်ဌာနမှ မီးသတ်ယာဉ်နှစ်စီး ရောက်ရှိလာပြီး မီးသတ်ဦးစီးမှူး ဦးကျော်နိုင်ဦးစင်း၍ လှိုင်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရဲအုပ် မိုးကျော်ကျော်တို့ ပူးပေါင်းဆောင်ရွက်ပြီး လူနာအား ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့သည်။ ယင်းလူနာ၏ ခြေထောက်တွင် ထိခိုက်ဒဏ်ရာရရှိသွားကြောင်း သိရသည်။

(ရန်နိုင်ဝင်း-လှိုင်)

ကန်သာယာကားမှတ်တိုင်တွင် ခါးပိုက်နှိုက်များ ဖမ်းဆီးရမိ

ရန်ကုန် စက်တင်ဘာ ၂၇

စက်တင်ဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ အကူတပ်ဖွဲ့ခွဲ၊ လုံခြုံရေးတပ်ခွဲ(၂)မှ တပ်ဖွဲ့ဝင်များသည် ခါးပိုက်နှိုက်များဖမ်းဆီးရမိရေးအတွက် ရွှေပြည်သာမြို့နယ် လှော်ကားလမ်း ကန်သာယာ ကားမှတ်တိုင်၌ သတင်းစုံစမ်းဆောင်ရွက်နေစဉ် အမှတ်(၇၉) ယာဉ်လိုင်းခရီးသည်တင်ယာဉ်ပေါ်မှ ဆင်းလာသော ခါးပိုက်နှိုက်ပြစ်ချက်ဟောင်းရှိသူများဖြစ်သည့် ဇင်ဘို(ခ)စိုးမင်း လှိုင်သာယာမြို့နယ်နေသူ၊ ခေါင်မှူး(ခ)စိုးမင်းအောင် အင်းစိန်မြို့နယ်နေသူနှင့် ကျော်သူ(ခ) စိုးသိန်းဦး လှိုင်သာယာမြို့နယ်နေသူတို့ သုံးဦးအား တွေ့ရှိရသဖြင့် စစ်ဆေးရှာဖွေရာ ဇင်ဘို(ခ)စိုးမင်းထံမှ ငွေကျပ် ၃၅၀၀၀ တွေ့ရှိရမိကြောင်း သိရသည်။

အဆိုပါငွေများနှင့်ပတ်သက်၍ စစ်ဆေးရာ အသက် (၃၅)နှစ်ခန့်ရှိ အမျိုးသားတစ်ဦး၏ အင်္ကျီအိတ်ကပ်အတွင်းမှ ကျော်သူ(ခ)စိုးသိန်းဦးနှင့် ခေါင်မှူး(ခ) စိုးမင်းအောင်တို့က ဘေးလွယ်အိတ်များဖြင့် လူကာပေးပြီး ဇင်ဘို(ခ)စိုးမင်းက နှိုက်ယူရရှိခဲ့သောငွေများဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့သုံးဦးအား ရွှေပြည်သာမြို့မရဲစခန်းက (ပ)၆၈၅/ ၂၀၁၃၊ ပုဒ်မ ၃၇၉(နှိုက်)/၅၄ ဖြင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(စိုးဝင်း-MLA)

ဆင်ဆာမဲ့ခွေ ကူးယူရောင်းချသူ ဖမ်းဆီးအရေးယူ

ရန်ကုန် စက်တင်ဘာ ၂၇

ရွှေပြည်သာမြို့နယ်အတွင်း ဆင်ဆာမဲ့ခွေ ကူးယူဖြန့်ချိရောင်းချသူကို စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက ဖမ်းဆီးအရေးယူလိုက်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၆ ရက် နံနက် ၈ နာရီခွဲက ရွှေပြည်သာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဆင်ဆာမဲ့ခွေများဖြန့်ချိရောင်းချနေကြောင်း သတင်းအရ ရွှေပြည်သာမြို့နယ် (၃)ထိပ် ကားမှတ်တိုင်တွင် စောင့်ဆိုင်းနေစဉ် ဖြိုးဝင်းအောင် (၆)ရပ်ကွက် ရွှေပြည်သာမြို့နယ်နေသူအား ဆင်ဆာမဲ့ဒီဗွီဒီခွေအချပ် ၄၂၀ နှင့် အတူတွေ့ရှိဖမ်းဆီးရမိသဖြင့် စစ်ဆေးရာ ၎င်း၏နေအိမ်တွင် ခွေကူးစက်များဖြင့် ကူးယူဖြန့်ချိရောင်းချကြောင်းပေါ်ပေါက်၍ နေအိမ်အားဆက်လက်ရှာဖွေရာ နောက်ဖေးခန်းအတွင်းမှ Liteom စာတန်းပါ ဒီဗွီဒီခွေ ၁၀ ချပ်၊ ကူးစက်နှစ်လုံး၊ ခွေကူးစက်တွင် တပ်ဆင်အသုံးပြုသည့် Liteom စာတန်းပါ အခွေဘောက်အပို ၁၆ လုံး၊ နိုင်ငံခြားဇာတ်လမ်းဒီဗွီဒီခွေအချပ် ၁၀၀၀၊ ဒီဗွီဒီခွေလွတ်အချပ် ၃၀၀၊ဘက်ထရီအိုးနှစ်လုံး၊ ကာဗာစာရွက်များ၊ဆက်စပ်ကြိုးနှင့်ပစ္စည်းများအား တွေ့ရှိသိမ်းဆည်းရမိသဖြင့်ရွှေပြည်သာမြို့မရဲစခန်းမှ(ပ)၆၉၀/ ၂၀၁၃၊ ဗီဒီယိုဥပဒေပုဒ်မ၃၂(က)(ခ)ဖြင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

(ဝ၄ဝ)

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများဆက်လက်ဖြစ်ပေါ်နေမည်

နေပြည်တော် စက်တင်ဘာ ၂၇

ယနေ့နံနက်၉ နာရီခွဲအထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့်ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင် မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက် ဖြစ်ပေါ်နေမည်။



ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

TAXI BB KIA 2009 G grade 1.0 ဆီစားအလွန်သက်သာ (၉၅)သိန်း BLACK။

ဖုန်း-၀၉-၇၃၁၁၉၆၃၂

ရောင်းမည်

မြောက်ဒဂုံ၊ (၃၂)ရပ်ကွက်၊ ပေ (၄၀×၁၁၀) 1RC (၇၅၀) သိန်း(ညှိ) (ပွဲစားမလို) ဖုန်း-၀၉-၅၀၁၈၀၇၆၊ ၀၉-၃၁၅၄၈၃၄၈

မော်လူးမြို့နယ်၌ ကျေးရွာချင်းဆက်လမ်း စုပေါင်းလုပ်အားဖြင့်ပြုပြင်

မော်လူး စက်တင်ဘာ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးဒေသသည် ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးဖြစ်သန်းဖောက်လုပ်ထားသောဒေသဖြစ်၍ စတင်ဖောက်လုပ်သည်မှာ နှစ်ကာလကြာမြင့်ပြီဖြစ်သဖြင့် အင်းတော်-မော်လူးလမ်းပိုင်းသည် ပျက်စီးယိုယွင်းလျက်ရှိသည်။ နဘားနှင့် မော်လူးကြားလမ်းပိုင်းကို ယခု ပွင့်လင်းရာသီတွင် သက်ဆိုင်ရာက ပြုပြင်ပေးမည်ကို မျှော်လင့်လျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

ထိုပြည်ထောင်စု လမ်းမကြီး၏ ဝဲ၊ ယာတွင်အင်းတော်မြို့နယ်မော်လူးဒေသ မော်လူးအုပ်စုတွင် ကျေးရွာပေါင်း ၄၃ ရွာရှိရာ ထိုရွာများရှိ ကျေးရွာချင်းဆက်လမ်းများမှာ ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်ထားရသော မြေသားလမ်းများ ဖြစ်သည်။ နေ့စဉ် ကား၊ ဆိုင်ကယ်စသော ယာဉ်များအသွားအလာများခြင်းကြောင့်လည်းကောင်း၊ မိုး သည်းထန်မှုကြောင့်လည်းကောင်း၊ ရေကြီးရေလျှံမှုများကြောင့် လည်းကောင်း ကျေးရွာချင်းဆက်လမ်းများ ပျက်စီးရသည်။ ထို့ကြောင့် ဒေသခံများကနှစ်စဉ် လုပ်အားဒါနဖြင့် မော်လူးအနောက်ဘက် သုံးမိုင်ခန့်ဝေးသော ထုံးကျောက်တောင်မှ မြေများကို ထော်လာဂျီများ၊ တုံဖုံးများဖြင့် လူလုပ်အားနှင့် တူးဆွသယ်ယူ၍ ခင်းကြရသည်။ စက်တင်ဘာ ၂၀ ရက်မှစ၍မော်လူးစံပြကျေးရွာ၏ အနောက်သက်ရင်းတာ၊ ပဲခူး၊ ရွာရှည်၊ မလူး၊ ငွေ့ကြီး၊ နန့်ရှုံ၊ ကူးဆိပ်၊ ခိုးကောင်စသော ရွှေလေးတန်ချောင်းရိုးရှိ ခုနစ်ရွာဆုံလမ်း အရှည်လေးမိုင်ကျော်ကို ကျေးလက်နေပြည်သူအင်အား ၁၀၀ ကျော်ဖြင့် လေးရက်တိုင်လုပ်အားဒါနပြုလမ်းဖို့ပြုပြင်ကြသည်ကို တွေ့ရသည်။

"ဒီလေးတန်ရိုးလမ်းဟာ အစိုးရဘတ်ဂျက်နဲ့ ပြုလုပ်ထားတာမဟုတ်ပါဘူး၊ ဒေသခံခုနစ်ရွာက ရွာသူရွာသားတွေရဲ့လုပ်အားစေတနာနဲ့ ဖောက်လုပ်ထားတဲ့လမ်းဖြစ်ပါတယ်၊ ရေကျော်တံတားတွေဆိုရင်လည်း ခုနစ်စင်းရှိပြီး မိရိုးဖလာတံတားအဖြစ် ဆောက်ထားရတာပါ၊ ဆောက်လုပ်ရေးက သံကူကွန်ကရစ်တံတားအဖြစ်ဆောက်လုပ်ပံ့ပိုးပေးရင် အားလုံးဝမ်းသာပျော်ရွှင်ကြပြီး လမ်းပန်းဆက်သွယ်ရေးလည်း ပိုကောင်းလာမှာပါ" ဟု ပဲခူးရွာမှပြည်သူတစ်ဦးက ပြောသည်။

(စစ်ကိုင်းဝင်းရွှေ)

ကလောမြို့နယ်ဟိုတယ်နှင့် ခရီးသွားဧည့်လမ်းညွှန်အသင်း ဖွဲ့စည်း

ကလော စက်တင်ဘာ ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဧည့်လမ်းညွှန်များအစည်းအဝေးကို စက်တင်ဘာ ၂၅ရက်က ကလောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ကလောမြို့သည် နိုင်ငံခြားသားခရီးသွား အများဆုံးလာရောက်လည်ပတ်ကြရာဒေသဖြစ်ပြီး သွားလာရေး၊ စားသောက်နေထိုင်ရေး၊ တည်းခိုရေး၊ အဆင်ပြေ ချောမွေ့စိတ်ချမ်းသာကျေနပ်မှု အပြည့်အဝရစေရေး၊ ခရီးသွားလုပ်ငန်းစနစ်တကျ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး၊ မိမိနိုင်ငံ၏ ပုံရိပ်များ မညှိုးနွမ်းစေရန် စည်းကမ်းပြည့်ဝပြီးကျွမ်းကျင်သော အသိပညာရှင် အတတ်ပညာရှင်များ၏ ကူညီဆောင်ရွက်မှုဖြင့် နိုင်ငံဂုဏ်တက်စေရေး၊ တိုင်းပြည်ဝင်ငွေခွန်များရရှိပြီး အားလုံးတန်းတူအကျိုးခံစားခွင့်ရကြစေရေးအတွက် ရည်ရွယ်ညှိနှိုင်း၍ ကလောမြို့ ဧည့်လမ်းညွှန်များအသင်းကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ကလောမြို့ဧည့်လမ်းညွှန်အသင်းကိုဥက္ကဋ္ဌဦးဒိုစိုးဝင်း၊ ဒု-ဥက္ကဋ္ဌ ဦးထွန်းတီး၊ အတွင်းရေးမှူး ဦးရဲဖုန်းပိုင်၊ စည်းကမ်းထိန်းသိမ်းရေး ဦးဆန်းလင်း၊ ဘဏ္ဍာရေး ဒေါ်ယဉ်ယဉ်သက်၊ စာရင်းစစ်ဦးမင်းနိုင်ဦး၊ အဖွဲ့ဝင် ဒေါ်နော်ဒက်ဖနီထူး၊ ဒေါ်သင်းဂျူလိုင်ထွန်းတို့ကို ရွေးချယ်ဖွဲ့စည်းခဲ့ကြသည်။ **(ဇော်သိန်းရည်)**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန နန်းထိုက်ရတနာ မူလတန်းကြိုကျောင်း (နေပြည်တော်)တွင် ရင်သွေးငယ်လေးများ၏ကျောင်းတွင်း ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားတွင် မိဘဆရာအသင်းက ဆုများချီးမြှင့်စဉ်။ (ဟုသ)

ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ရှင်းလင်းဆွေးနွေး

ပင်လောင်း စက်တင်ဘာ ၂၇

ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် မင်းဘူးကျေးရွာအုပ်စု မင်းဘူးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာလုပ်ငန်းများ ရှင်းလင်းဆွေးနွေး ပွဲကို စက်တင်ဘာ ၂၄ ရက်က ကျင်းပရာ ပင်လောင်းမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မင်းဘူးကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာ ၁၈ ရွာမှ ပြည်သူများ တက်ရောက်ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒု-မြို့နယ်အုပ်ချုပ်ရေးမှူးက ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုရေး၊ စီးပွားရေး၊ ဒေသဖွံ့ဖြိုးရေး တိုးတက်မြင့်မားလာစေရန် ဌာနဆိုင်ရာများနှင့် ပြည်သူလူထုပူးပေါင်း တိုင်ပင်ဆောင်ရွက်ကြမှသာ ဖွံ့ဖြိုးတိုးတက်မည် ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး မြို့နယ်ရဲတပ်ဖွဲ့ ဒု-မြို့နယ်မှူးက ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်မှုခင်းကျဆင်းရေးအကြောင်းကို လည်းကောင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်အခွန်ဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက ဌာနနှင့် သက်ဆိုင်သည့် ကဏ္ဍအသီးသီးကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက ၂၀၁၄ ခုနှစ် မတ်လတွင်ပြုလုပ်မည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူမည့်အကြောင်းနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ ခေါင်းစဉ် ဖြင့်လည်းကောင်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူးက နွေရာသီတွင် တိရစ္ဆာန်များ အစာရှားပါးသည့် ပြဿနာများ မကြုံတွေ့အောင် နွားစာချဉ်ဖတ်ပြုလုပ်နည်းအကြောင်းကို လည်းကောင်း ရှင်းလင်းပြောကြားခဲ့ ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ညောင်ဦးတွင် ဗုဒ္ဓဘာသာလူငယ်ယဉ်ကျေးမှု နည်းပြသင်တန်းဖွင့်

ညောင်ဦး စက်တင်ဘာ ၂၇

ညောင်ဦးခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် ဗုဒ္ဓဘာသာလူငယ်ယဉ်ကျေးမှု နည်းပြသင်တန်းကို စက်တင်ဘာ ၂၆ ရက်က ညောင်ဦးမြို့ အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ ကျင်းပခဲ့သည်။**(အောက်ပုံ)**

ရှေးဦးစွာအခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိုးစိုးအိနှင့် ဦးလှသိန်းထွန်း(ပိဋကတ်ပညာရှင်)တို့က အဖွင့်အမှာစကားပြောကြားသည်။ ယင်းသင်တန်းသို့ ရန်ကုန်မြို့ ဓမ္မရောင်ခြည်ဓမ္မဒါနလုပ်ငန်းမှ ဆရာဆရာမများဖြစ်ကြသည့် ဦးလှသိန်းထွန်း၊ ဦးလှမျိုး၊ ဒေါ်ငွေငွေမူ၊ ဒေါ်သက်သက်ဦး၊ ဒေါ်မြတ်သန္တာတို့က သင်တန်းပို့ချမည်ဖြစ်ပြီး ညောင်ဦးခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများအားလုံးတို့အား ပို့ချမည်ဖြစ်ကြောင်း၊ သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်မှာကျောင်းနေအရွယ် ရင်သွေးငယ်များအား အမျိုးဘာသာသာသနာ ကာကွယ်စောင့်ရှောက်လိုစိတ် ထက်သန်ရန်နှင့် မိမိတို့ကိုးကွယ်သော ဗုဒ္ဓဘာသာ၏ အခြေခံနှင့်ယဉ်ကျေးမှုတို့ကို သိရှိနိုင်ရန်အတွက် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သင်တန်းကာလမှာ နှစ်ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **ရဲသူရအောင်(ညောင်ဦး)**

စက်လှေတိမ်းမှောက်ရာတွင် ပါဝင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ပေးအပ်

မော်လမြိုင်ကျွန်း စက်တင်ဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် မော်လမြိုင်ကျွန်းမြို့ တုံးလုံချောင်းမြစ်အတွင်း စက်တင်ဘာ ၂၃ ရက်က စက်လှေတိမ်းမှောက်ရာတွင် ပါဝင်ခဲ့သော ကျောင်းသား ကျောင်းသူ ၂၆ ဦးတို့အား ကျောင်းသုံးပစ္စည်းနှင့် လူသုံးပစ္စည်းများ ထောက်ပံ့လှူဒါန်းပွဲကို စက်တင်ဘာ ၂၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မော်ရောခန်းမ၌ ကျင်းပသည်။

ယင်းထောက်ပံ့လှူဒါန်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေမောင်က အမှာစကားပြောကြားပြီး စက်လှေတိမ်းမှောက်ရာတွင် ပါဝင်ခဲ့သော ကျောင်းသား ကျောင်းသူ တစ်ဦးချင်းအားကျောင်းလွယ်အိတ်တစ်လုံးစီ၊ ဘောပင်နှစ်ချောင်းစီ၊ သုံးဆင့် စတီးချိုင့်တစ်လုံးစီ၊ ပုံနှိပ်စာအုပ်တစ်စုံစီနှင့် ဗလာစာအုပ် တစ်ဒါဇင်စီတို့အား အလှူရှင်တို့ကိုယ်စား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းတန်ကပေးအပ်ရာ စက်လှေတိမ်းမှောက်ရာတွင် ပါဝင်ခဲ့သော ကျောင်းသားကျောင်းသူ တစ်ဦးချင်းစီက လက်ခံရယူကြသည်။**(ယာပုံ)**

(မော်ကျွန်း-မြင့်အောင်)

သီတဂူအာရောဂျဒါနဆေးရုံတော် ပြင်ပလူနာအခမဲ့ဆေးခန်းဖွင့်လှစ်ဆေးကုသ

ထားဝယ် စက်တင်ဘာ ၂၇

သီတဂူဆရာတော်ကြီး၏ သဒ္ဓါ၊ မေတ္တာ၊ ကရုဏာ၊ ပညာပြဋ္ဌာန်း၍ စီစဉ်ဆောင်ရွက်ထားသော သီတဂူအာရောဂျဒါနဆေးရုံတော် ပြင်ပလူနာအခမဲ့ဆေးခန်းကို ထားဝယ်မြို့ ဘုမ္မော်ရပ် သီတဂူအာရောဂျဒါနဆေးရုံတော်တွင် ဩဂုတ် ၂၁ ရက်မှစ၍ လူနာများအား အခမဲ့ဆေးဝါးကုသပေးလျက်ရှိသည်။**(အပေါ်ဝဲပုံ)**

ဆေးရုံတော်တွင် ထားဝယ်မြို့ ကျန်းမာရေးဦးစီးဌာန ထားဝယ်အထွေထွေရောဂါကုဆေးရုံမှ စေတနာရှင် အထူးကုဆရာဝန်ကြီးများနှင့် ဆရာဝန်များ၊ မြို့နယ်ဆရာဝန်အသင်းမှ စေတနာရှင်ဆရာဝန်များ ပူးပေါင်း၍ (အင်္ဂါနှင့်ကြာသပတေး)နေ့များမှအပ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ အထူးကုဆရာဝန်ကြီးများကိုယ်တိုင် ကြီးကြပ်ကုသပေးလျက်ရှိရာ ဝေဒနာရှင်ပြည်သူများ ဝမ်းသာအားရ ကျေနပ်မှုရှိနေကြသည်။

သီတဂူဆေးရုံတော်တွင် ထားဝယ်ခရိုင်အတွင်းရှိ ထားဝယ်၊ ရေဖြူ၊ လောင်းလုံ၊ သရက်ချောင်းမြို့နယ်များမှလူနာများ လာရောက်ဆေးကုသမှုခံယူလျက်ရှိကြသည်။ (စနေ၊ တနင်္ဂနွေ)နေ့များတွင် အထူးကုဆရာဝန်များကိုယ်တိုင်လာရောက်၍ ဆေးကုသပေးလျက်ရှိကြသည်။

သီတဂူဆေးရုံတော်သို့ ကုသိုလ်ပြုပါဝင်လှူဒါန်းလိုပါက ဆေးရုံတော်ရုံးခန်း ဖုန်း ၀၅၉-၂၃၄၅၄၊ ၀၉-၈၇၅၀၁၇၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(၈၅၂)**

အစိုးရ/လူမှုရေးကြော်ငြာ

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

(က)	(၁) **Lightning Protection System(Earthing & ESES)**	(9)Lots
	- ပို့င့် ၃၀၆၉-ပို့င့် ၇၅၀-ဟုမ္မလင်း-ပို့င့် ၇၁၅-ပို့င့် ၈၄၅-ခန္တီး မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း	
	- ပို့င့် ၆၂၀၀-တုံတာ မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း	
	(၂) **Lightning Protection System(ESES)**	(24)Lots
	- နဘား-ဗန်းမော် မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း	
	- မော်လမြိုင်-ထားဝယ် မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း	
	- မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း	
	- ပဲခူး-မုပ္ပလင်-သထုံ မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း	
	- မကွေး-မင်းဘူး-စစ်တွေ-မောင်တော မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း	
	(၃) **Avait GbE IP မိုက္ကရိုဝေ့ဗ်စက်အရံပစ္စည်း**	(3)Items
	- IF Interface Unit (RAC 6X)	6 Nos
	- GE/ FE Interface Unit (DAC GE)	6 Nos
	- Standard INU (with 400 Mbs License Card)	2 Nos
(ခ)	**စက်ပစ္စည်း**	
	(၁) 12 Cores Fiber Optics Joint Closure(Single)7Ø~18Ø(mm)(Horizontal)	200 Nos
	(၂) FC/PC-FC/PC (Single mode)10 Meter (0.3dB) (45dB)	50-Nos
	(၃) FC/PC-LC/PC (Single mode)10 Meter (0.3dB) (45dB)	50-Nos
	(၄) FC/PC-LC/PC (Single mode) 20 Meter (0.3dB) (45dB)	50-Nos
	(၅) 16E1,PDH Fiber Optics Multiplexer (2 Cores) (16x2.048Mbps) (HDB 3) (120 ohm) up to 60 km	4-Nos
	(၆) 8E1,PDH Fiber Optics Multiplexer (2 Cores) (8x2.048 Mbps) (HDB 3) (120 ohm) up to 60 km	4-Nos
(ဂ)	Gbe Ip Microwave Equipment မကွေး-မင်းဘူး-စစ်တွေ-မောင်တော ဆက်ကြောင်း	(7) Hops
(ဃ)	ငွေစာရင်းပုံစံ (TRA-93, TRA-9, ACE-104 (A), ACE-104(B), ACE-40,etc...)	(12)Items
(င)	သံတံဆိပ်ဆံ	(4)Items
	(၁) ၂၀၁၄-နှစ်တိုတံဆိပ်ဆံ(အင်္ဂလိပ်)	3705-Nos
	(၂) ၂၀၁၄-နှစ်ရှည်တံဆိပ်ဆံ(အင်္ဂလိပ်)	1799-Nos
	(၃) ၂၀၁၄-နှစ်တိုတံဆိပ်ဆံ(မြန်မာ)	4134-Nos
	(၄) ၂၀၁၄- နှစ်ရှည်တံဆိပ်ဆံ(မြန်မာ)	1873-Nos
(စ)	မော်တော်ယာဉ်	(6)Items
	(၁) Bucket Crane(1-Ton) (Gasoline/Diesel) (2012-Model) (Brand New)	4-Units
	(၂) Double Cab(Toyota) (Diesel) (3000cc) (2003-Model)	2-Units
	(၃) 1-Ton Light Truck (Toyota) (Diesel) (3000cc-4000cc) (2003&Above Model)	2-Units
	(၄) 2-Ton Light Truck (Dyna/Canter) (Diesel) (4000cc) (2004&Above Model)	2-Units
	(၅) Crane (10-Ton) (Diesel) (2002-Model) (Japan/ Korea)	1-Units
	(၆) 1-Ton Light Truck (KIA) (Bongo 111) (Diesel) (2500cc) (2008 &Above Model)	2-Units

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀ိ/- နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၁၁-၁၀-၂၀၁၃ ရက် ၁၃း၀၀ နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။ သတ်မှတ်ထားသည့်အချိန်ထက်ကျော်လွန်ပေးသွင်းသော တင်ဒါများအား လက်ခံမည်မဟုတ်ပါ။

၃။ တင်ဒါပုံစံနှင့်တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)
အမှတ်(၄၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၃၈၀၂၃၁၊ ၀၁-၃၈၄၇၂၂

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စက်ပစ္စည်းများဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် အောက်ဖော်ပြပါ စက်ပစ္စည်းများအား ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်။

1. 50W TV Transmitter & Accessories	3 Lots
2. အသံလွှင့်လုပ်ငန်းသုံးပစ္စည်းများ	29 Items
3. (a) ရုပ်မြင်သံကြားလုပ်ငန်းသုံးပစ္စည်းများ	25 Items
(b) Tape & Disc	1 Lot
(c) HD Camera & Accessories	10 Sets
4. ရုံးသုံးစက်ကိရိယာများ	10 Items

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၄-၁၀-၂၀၁၃ ရက်မှ စတင်၍ နံနက် ၉း၃၀ နာရီမှ ညနေ ၁၆း၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၆-၁၀-၂၀၁၃ ရက် နံနက် ၉း၁၀ နာရီမှ ညနေ ၁၆း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းအမျိုးအစားစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

၅။ ဈေးနှုန်းစိစစ်မှုကို ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)နေပြည်တော်တွင် ပြုလုပ်မည်ဖြစ်ပါသည်။

စက်ပစ္စည်းများဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား
နေပြည်တော်(တပ်ကုန်း)၊ ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်းအမှတ်-၀၆၇-၇၉၀၇၉၊ ၇၉၁၃၅

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)အတွက် လိုအပ်သော အောက်ဖော်ပြပါ တင်ဒါ(၃)ခုအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) EAF အတွက် Water Cooled Cable(2)Nos

(ခ) ထုံးကျောက်ထုတ်လုပ်ခြင်းလုပ်ငန်း(ပြည်ညောင်ဒေသ)

(ဂ) Turbo Compressor OilL-shell Turbo(T-46)1000 Lits

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက်-၂၅-၉-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန်-၉-၁၀-၂၀၁၃ရက်၊ ၁၂း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

သံမဏိစက်ရုံများကြီးကြပ်ရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
ရုံးအမှတ်(၄၁)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၃၄၅

ဖခင်အမည်မှန်

သထုံမြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း (B)မှ မအင်ကြင်းပြုံး [၁၀/သထန(နိုင်)၂၃၀၈၀၈]၏ဖခင်အမည်မှန်မှာ ဦးစိုးအောင် [၁၀/မလမ(နိုင်)၀၂၈၇၄၇]ဖြစ်ပါသည်။
ဦးစိုးအောင်[၁၀/မလမ(နိုင်)၀၂၈၇၄၇]

ဖခင်အမည်မှန်

တွံတေးမြို့နယ်၊ ကံဘဲ့ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း ဒသမတန်း(ဂ)မှ မဆုဆုအောင်နှင့် အဋ္ဌမတန်း(ခ)မှ မဆုမွန်အောင်တို့၏ဖခင်အမည်မှန်မှာ ဦးလှမြင့် [၁၂/ကမန(နိုင်)၀၄၄၀၄၀]ဖြစ်ပါသည်။

[illegible]

ကျေးဇူးဆပ်ပါမည်

ကျွန်တော်အေးဗိုလ်ဦး စီဒီစီ(၃၇၈၅၇) မြန်မာနိုင်ငံကူးလက်မှတ်အမှတ်(၁၀၂၄၀၃)နှင့် 4/Ticket လက်မှတ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ကျေးဇူးဆပ်ပါမည်။
ဖုန်း-၀၉-၄၂၀၀၁၁၇၇၄

စာမေးပွဲအောင်ပွဲဝင်ယတြာများ

စာမေးပွဲဆိုတာ ပြိုင်ပွဲတစ်ခုပါပဲ။ အောင်မြင်ရန် ကံတရားလည်း အရေးကြီးပါတယ်။ ဒီအဆိုကို လက်ခံလျှင်လာခဲ့ပါ။ **ဖုန်း-၀၉-၅၀၇၅၈၂၇**

ကျေးဇူးဆပ်ပါမည်

ဦးအောင်ကြည်စိုး Passport No-M 759225 စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အမြန်အကြောင်းကြားပါရန်။ ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၂၁၄၃၄၄၁၄၉**

ရေ(လုံး၀)မသောက်သင့်ဆုံးအချိန်

"ထမင်းအသက် ခုနက်ရက်၊ ရေအသက် တစ်မနက်" ဆိုတဲ့ ရှေးစကားရှိပါတယ်။ လူသားတွေအတွက် ရေက ဘာ့ကြောင့်မရှိမဖြစ်လိုအပ်ပါသလဲ၊ (၁)ဦးနှောက်ရဲ့ ၇၅ ရာခိုင်နှုန်းကို ရေဓာတ်နဲ့ ဖွဲ့စည်းတည်ဆောက်ထားပါတယ်။ (၂) ခန္ဓာကိုယ်တွင်းအပူချိန်ကို မျှတစေပါတယ်။ (၃) သွေးရဲ့ ၈၃ ရာခိုင်နှုန်းက အရေဓာတ်များဖြစ်ပါတယ်။ (၄)ကြွက်သားကို ရေဓာတ် ၇၅ ရာခိုင်နှုန်းနဲ့ ပြုလုပ်ထားပါတယ်။ (၅)အရိုးထဲမှာ ရေဓာတ် ၂၂ ရာခိုင်နှုန်းပါရှိပါတယ်။ (၆)ခန္ဓာကိုယ်ထဲသို့ ရောက်ရှိလာတဲ့ အစားအစာတွေကို ခွန်အားအဖြစ် ပြောင်းလဲပေးပါတယ်။ (၇) ခန္ဓာကိုယ်ထဲမှာ ပိုလျှံပြီးမလိုလားအပ်တဲ့ အရည်တွေနဲ့ အဆိပ်အတောက်တွေကို ဆီး၊ ဝမ်း၊ သွေး၊ ချွေး၊ ချွဲသလိပ်အဖြစ် စွန့်ထုတ်ပေးပါတယ်။ (၈) ခန္ဓာကိုယ်အတွက် အာဟာရဖြစ်အောင်ကူညီပေးပါတယ်။ (၉)အသက်ရှူခြင်းကို အထောက်အပံ့ဖြစ်စေပါတယ်။ (၁၀) အရိုးအဆစ်များပွန်းတိုက်စားခြင်းမှ သက်သာစေပါတယ်။ (၁၁)ခန္ဓာကိုယ်တွင်း ဆဲလ်များကို အောက်ဆီဂျင်မပြတ်လပ်စေတော့ပါဘူး။ (၁၂) သက်လုံကောင်းစေပါတယ်။ (၁၃) ခေါင်းကိုက်သက်သာစေပါတယ်။ (၁၄) ပင်ပန်းနွမ်းနယ်မှုကို ပြေပျောက်စေကာ စိတ်ကြည်လင်လန်းဆန်းစေပါတယ်။ (၁၅)ကင်ဆာဖြစ်နိုင်ခြေအလားအလာကို လျော့ပါးသွားစေပါတယ်။ (၁၆)အမောအပန်းခံနိုင်ပြီး လေ့ကျင့်ခန်း ကြာကြာလုပ်နိုင်လာပါတယ်။ (၁၇) အသားအရေလှပြီး အရွယ်တင်နုပျိုစေပါတယ်။ (၁၈) ဝက်ခြံ၊ တီဘီ၊ ပန်းနာရင်ကျပ်၊ ကျောက်ကပ်၊ လည်ချောင်းနာ၊ နှာခေါင်း၊ ဝမ်းချုပ်၊ လိပ်ခေါင်းရောဂါတို့ကို သက်သာစေပါတယ်။ (၁၉) အမြင်အာရုံ တိုးတက်ကောင်းမွန်စေပါတယ်။

ဘယ်အချိန်များက ရေသောက်ရန် အသင့်တော်ဆုံး အချိန်များဖြစ်ပါသလဲ။

ရေခဲရေနဲ့ ရေနွေးတွေကိုမဆိုလိုပါ။ (ရိုးရိုး သောက်ရေသန့်ကိုသာ သောက်ပါ)

(၁)တစ်ညတာလုံးငြိမ်သက်နေတဲ့ ခန္ဓာကိုယ်အတွင်း ကလီစာများကို ပြန်လည်တက်ကြွလာအောင်လှုံ့ဆော်ပေးဖို့ နံနက်အိပ်ရာထတာနဲ့ သောက်ရေနှစ်ခွက်သောက်ပေးရပါမယ်။ (၂) အစာကြေညက်စေဖို့ ထမင်းမစားခင် နာရီဝက် ကြိုတင်၍ ရေတစ်ခွက် သောက်ပေးရပါမယ်။ (၃) သွေးခုန်နှုန်းမှန်စေရန်နဲ့ သွေးကျစေဖို့ ရေမချိုးခင် ရေတစ်ခွက်သောက်ပေးရပါမယ်။ (၄)လေဖြတ်/နှလုံးရောဂါတွေ မဖြစ်အောင် ညမအိပ်ခင် ရေတစ်ခွက်သောက်ပေးရပါမယ်။ (၅) အိပ်ပျော်နေစဉ် ခြေသလုံးကြွက်သားတွေကြွက်တက်ခြင်းမဖြစ်ရလေအောင် ညဘက်တစ်ရေးနိုးတဲ့အခါ ရေထသောက်ပေးပါ။

ရေ(လုံး၀)မသောက်သင့်ဆုံးအချိန်က ဘယ်အချိန်ဖြစ်ပါသလဲ။

အမေရိကန်ကျန်းမာရေးသုတေသီတွေရဲ့ စစ်တမ်းများအရ ကမ္ဘာပေါ်မှာ တရုတ်နဲ့ ဂျပန်လူမျိုးတွေမှာ အူကင်ဆာရောဂါဖိစီးခံရမှုအနည်းဆုံးဖြစ်ကြပါတယ်တဲ့။ အကြောင်းရင်းကတော့ ထိုလူမျိုးတွေက ထမင်းစားနေစဉ်မှာ ရေခဲရေ/ ရိုးရိုးရေအေးမသောက်ကြဘဲ ရေနွေးဖြူ (သို့မဟုတ်) လက်ဖက်ရည်ကြမ်းပူပူကိုသာ သောက်သုံးလေ့ရှိလို့ပါပဲ။ အထူးသဖြင့် ထမင်းစားရင်း ရေခဲရေအေးအေးသောက်တဲ့အခါ ဟင်းလျာထဲမှာပါရှိတဲ့ အဆီအနှစ်တွေက (ဥပမာပြရရင် ရေခဲရေနဲ့ တွေ့တဲ့အခါ ဟင်းအဆီတွေက) အစာအိမ်နဲ့ အူလမ်းကြောင်းမှာ ရွှံ့စေးအနည်အနှစ်များသဖွယ် ခဲပျစ်သွားတတ်ကြပြီး အစာကောင်းစွာမချက်လုပ်တော့ဘဲ အူကင်ဆာဖြစ်လာစေပါတယ်။ ဒါ့ပြင် ထမင်းဟင်း ပူပူစားရင်း ရေခဲရေအေးအေးသောက်လိုက်တဲ့အခါများမှာလည်း အပူအအေးတစ်ပြိုင်နက်တည်းတွေ့လိုက်တာကြောင့် အစာအိမ်ကို ကသိကအောက်ဖြစ်စေပါတယ်။ အပူအအေး တန်ပြန်သက်ရောက်မှုက အစာအိမ်အက်စစ် ထွက်ရှိမှုကို ကမောက်ကမဖြစ်လာပြီး ဗိုက်နာဗိုက်အောင့်စေပါတော့တယ်။ ဒါကြောင့် ထမင်းစားနေစဉ်မှာ ရေခဲရေ/ သောက်ရေအေးတို့ဖြင့် မျှောမချဘဲ ဟင်းချိုပူပူ(သို့မဟုတ်) ရေနွေးဖြူ (သို့မဟုတ်) ရေနွေးကြမ်းတို့ဖြင့်သာ ထမင်းလုတ်မနင်အောင် မျှောချကြပါရန်နှင့် ထမင်းစားပြီး အနည်းဆုံးနာရီဝက်ကျော်ကြာမှသာ သောက်ရေအေးသောက်ကြပါရန် အမေရိကန်ရှိ ကျန်းမာရေးသုတေသီများက Daily Health Tips (ခေါ်) အင်တာနက်သတင်းမှာ အကြံပေးဖော်ပြသွားခဲ့ပါတယ်။ သို့ပါ၍ ဤကျန်းမာရေးဆောင်းပါးကို ဖတ်ရှုပြီးနောက် မိမိကိုယ်ကိုဆင်ခြင်ကြပြီး မိသားစု/ဆွေမျိုး/မိတ်ဆွေများအားလုံးကိုလည်း ကျန်းမာရေးအသိပေးမျှဝေပေးခြင်းဖြင့် လူ ၁၀ ယောက်မှာ အနည်းဆုံးတစ်ယောက်၏အသက် ကိုကယ်တင်နိုင်မှာဖြစ်ပါကြောင်း အသိပေးနှိုးဆော်လိုက်ရပါတယ်။ ။

သုံးခွမျိုးသန့်ခြံ မျိုးကောင်းမျိုးသန့်ထုတ်လုပ်နည်းပညာဆွေးနွေးပွဲ မိုးစပါး ပထမအကြိမ် အပင်ပွားစည်းချိန် မျိုးကွဲနုတ်ပယ်လက်တွေ့သရုပ်ပြ

သုံးခွ စက်တင်ဘာ ၂၇

တောင်သူများတိုးတက်ကြီးပွားရေးအတွက် စံနမူနာပြ သိပ္ပံနည်းကျစိုက်နည်းစနစ်များကို ကျေးရွာတိုင်းမှ လယ်သမားများ လက်လှမ်းတမီအသုံးပြုလာနိုင်စေရေးအတွက် ရန်ကုန်တောင်ပိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန (မျိုးစေ့ဌာနခွဲ) သုံးခွမျိုးသန့်ခြံကပြုလုပ်သည့် တောင်သူပညာပေးဆွေးနွေးပွဲနှင့် မိုးစပါးပထမအကြိမ် အပင်ပွားစည်းချိန်မျိုးကွဲနုတ်ပယ်ခြင်း၊ တောင်သူပညာပေးကွင်း၌ လက်တွေ့သရုပ်ပြပွဲကို စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီက စိုက်ပျိုးရေး ဦးစီးဌာန သုံးခွမျိုးသန့်ခြံ အစည်း အဝေးခန်းမနှင့် တောင်သူပညာပေးကွင်းတို့တွင် ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီးတိုင်းဒေသကြီး မျိုးစေ့တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီတာဝင်းက သုံးခွမြို့နယ်အတွင်း တောင်သူများ မျိုးကောင်း၊ မျိုးသန့်များထုတ်လုပ်ရန် မျိုးလိုအပ်ချက်ကို သုံးခွမျိုးသန့်ခြံမှ တစ်ဆင့်တင်ပြရန်နှင့် ပေါ်ဆန်းယဉ်၊ ရတနာတိုး၊ ဆင်းသုခမျိုးများအား ရန်ကုန်တိုင်းဒေသကြီးအတွင်း မျိုးသန့်ပွားရေးများ စီစဉ်ဆောင်ရွက်လျက်ရှိရာ သုံးခွမျိုးသန့်ခြံတွင် စိုက်ပျိုးလျက်ရှိသဖြင့် မျိုးလိုအပ်ချက်များတောင်းယူနိုင်ပါကြောင်း ပြောကြားပြီး တောင်ပိုင်းခရိုင်ဦးစီးမှူး ဦးထွန်းမြင့်က ရန်ကုန်တိုင်းဒေသကြီးအတွင်း မျိုးသန့်ထုတ်လုပ်နေသော ဌာနကြီးနှစ်ခုရှိရာ မှော်ဘီဆန်စပါးသုတေသနနှင့် သုံးခွမျိုးသန့်ခြံတို့တွင် မိမိဒေသနှင့် ကိုက်ညီသော မျိုးသန့်များကို မိမိမျက်မြင်လာရောက်၍ ဝယ်ယူနိုင်ကြောင်း ပြောကြားသွားသည်။

မြို့နယ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးဇော်ဝိတ်က ဒေသနှင့်ကိုက်ညီသောအထွက်ကောင်းစပါးမျိုး၊ ရောဂါဒဏ်ခံနိုင်ရည်ရှိသော စပါးမျိုးများဖြစ်စေရန် သုံးနှစ်တစ်ကြိမ်မျိုးစပါးဖလှယ်စိုက်ပျိုးခြင်းဖြင့် အထွက်နှုန်းမလျော့ကျ စေနိုင်ကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး သုံးခွမျိုးသန့်ခြံတာဝန်ခံ ဒေါ်ချိုမာသက်က တောင်သူများ အရည်အသွေးကောင်းပြီး စပါးအထွက် တိုးစေသည့် မျိုးကောင်းမျိုးစေ့ အသုံးပြုခြင်းမှ ရရှိလာသော အကျိုးကျေးဇူးများ၊ မျိုးစေ့အရည်အသွေး ထိန်းသိမ်းရေးတွင် မဖြစ်မနေလုပ်သင့်သော ကွင်းဆင်းစစ်ဆေးခြင်းမှ မျိုးကွဲနုတ်ပယ်ခြင်းနည်းလမ်းနှင့်အချိန်များ၊ တောင်သူများ ကိုယ့်မျိုးကိုယ်ထားခေါင်နှံမျိုးသန့် စပါးစိုက်ပျိုးထုတ်လုပ်ခြင်းနည်းပညာရှင်များက ရှင်းလင်းပြီး စိုက်ကွင်းအတွင်း မျိုးကွဲနုတ်ပယ်ခြင်း၊ ပေါင်းနုတ်ရှင်းလင်းခြင်းကို လက်တွေ့သရုပ်ပြသခဲ့သဖြင့် တက်ရောက်လာကြသော တောင်သူများ နှစ်ခြိုက်ကြကြောင်း သိရှိရသည်။

(ကြည်စိုးလွင်)

မိုးရာသီမြို့နယ်အုပ်ချုပ်ရေးမှူး(ဖလား) ဘောလုံးပြိုင်ပွဲကျင်းပ

အမ်း စက်တင်ဘာ ၂၇

မြို့နယ်အုပ်ချုပ်ရေးမှူး(ဖလား)ရပ်ကွက်/ကျေးရွာအုပ်စုပေါင်းစုံ ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ် ဈေးရပ်ကွက် အားကစားကွင်းကို စက်တင်ဘာ ၂၅ ရက် ညနေ ၃ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်က ဘောလုံးပြိုင်ပွဲတွင် အားကစားစိတ်ဓာတ်အပြည့်ဖြင့် စည်းကမ်းတကျယှဉ်ပြိုင်နိုင်ရေး အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ ပြိုင်ပွဲကို အောက်တိုဘာ ၂ ရက်နေ့ထိ ပြိုင်ပွဲဝင်အသင်း ၁၁ သင်းဖြင့်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

သန်းမောင်(အမ်း)

အစိုးရ/စီးပွားရေးကြော်ငြာ

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် ကွန်ပျူတာ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ မိတ္တူကူးစက်မင်၊ စာရေးကိရိယာများ၊ 100 KVA မီးစက်၊ လေအေးပေးစက်နှင့် ဘက်ထရီများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံ ရောင်းချမည့်ရက်- ၃၀-၉-၂၀၁၃ ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန်- ၃၀-၁၀-၂၀၁၃ရက်၊ ၁၁:၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါရုံးလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ
စိုက်ပျိုးရေးဦးစီးဌာန
ရုံးအမှတ်(၄၃)၊ နေပြည်တော်၊ ဖုန်း-၀၆၇- ၄၁၀၂၉၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးမင်းသန့် [၁၄/ပသန(နိုင်)၀၀၆၂၆၉]သည် ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဉာဏရပ်ကွက်၊ မြတ်လေးလမ်း၊ အမှတ်(၂၄၈/ခ)တွင် နေထိုင်သော ဒေါ်မြကြည် [၁၂/ဗဟန(နိုင်) ၀၆၅၃၄၀]ကိုင်ဆောင်သူပိုင်ဖြစ်သော ကရင်ချောင်းရိုးတောင်၊ ကွင်းအမှတ် (၅၃၃)၊ ဧရိယာ (၄၁၈) ပေရှိသောမြေနှင့် ခွဲစိတ်မြေအစိတ်အပိုင်းဖြစ်သော အရှေ့ဘက်အခြမ်း (ဘယ်ဘက်) မျက်နှာစာ (၄၄ ပေ× ၈၄ပေ)အား ရောင်းသူဒေါ်မြကြည် [၁၂/ဗဟန(နိုင်)၀၆၅၃၄၀]မှ ရောင်းချမည်ဖြစ်၍ ကျွန်ုပ်မိတ်ဆွေမှဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ ခွဲစိတ်မြေကွက် အရောင်းအဝယ်ပြုလုပ်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား အပြည့်အစုံဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ထိုသတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးငြိမ်း (LL.B) (စဉ်-၃၀၈၂၉) | **ဒေါ်ချိုမိုင်ဖုဏ်း(LL.B)** (စဉ်-၃၀၈၂၅)

အမှတ်(၁)၊ သမာဓိလမ်းနှင့် ခေမာသီလမ်းမကြီးထောင့်၊ မြောက်ဥက္ကလာပမြို့နယ် တရားရုံးအနီး၊ ရန်ကုန်မြို့၊ ဖုန်း-၀၉- ၄၄၈၀၃၉၉၇၂၊ ၀၉ ၇၃၁၅၅၈၀၈

ပေါက်ပေါက်

ကြော်ငြာစာ

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန လက်အောက်ရှိ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းအား အစိုးရအဖွဲ့ရုံးမှ ၂-၄-၂၀၁၃ရက်တွင် စာရင်းရှင်းလင်းဖျက်သိမ်းခွင့်ပြုပြီးဖြစ်ရာ လုပ်ငန်းအားလုံးနှင့် ဝန်ထမ်းအချို့အား မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်အောက်သို့ သွတ်သွင်းထားရှိပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းနှင့် စာချုပ်ချုပ်ဆို လုပ်ငန်းလုပ်ကိုင်ခဲ့ကြသော ကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအနေဖြင့် စာချုပ်သက်တမ်းအရ လုပ်ငန်းများ ဆက်လက်လုပ်ကိုင်ရန်လိုအပ်ပါက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ နေပြည်တော်သို့ ဆက်သွယ်လျက် ထပ်မံစာချုပ်ချုပ်ဆိုကြရမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
ရုံးအမှတ်(၃၆)၊ နေပြည်တော်။

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(ရန်ကုန်)ရှိ စက်ပစ္စည်းများရောင်းချရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ရန်ကုန်)၊ ရေကူးစက်ရုံရှိ ရေဒီယိုနှင့် ရုပ်မြင်သံကြားဆက်စပ်ပစ္စည်းများ (၂၉)မျိုးအား ရောင်းချမည်ဖြစ်၍ ဝယ်ယူရန်အတွက် အိတ်ဖွင့် တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၅-၉-၂၀၁၃ ရက်မှ ၃၀-၉-၂၀၁၃ ရက်အထိ နံနက် ၉း၃၀ နာရီမှ ညနေ ၁၆း၃၀ နာရီအထိ ရုံးချိန်အတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (ရန်ကုန်)တွင် တစ်စုံလျှင် ကျပ် (၂၀၀၀) နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၄-၁၀-၂၀၁၃ ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ရန်ကုန်)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ချိန်ကျော်လွန်သော တင်ဒါပုံစံများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ ရေဒီယိုနှင့် ရုပ်မြင်သံကြားဆက်စပ်ပစ္စည်းများ (၂၉) မျိုးကို ရေကူးစက်ရုံ (ရန်ကုန်) ရုံးတွင် ၂၈-၉-၂၀၁၃ ရက်နှင့် ၂၉-၉-၂၀၁၃ ရက်များတွင် လာရောက်ကြည့်ရှုနိုင်ပါသည်။

၅။ တင်ဒါပုံစံစည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ရန်ကုန်)၊ ပြည်လမ်း၊
ဖုန်းအမှတ် ၀၁-၅၃၅၉၈၀၊ ၀၁-၆၆၀၃၀၁



သင့်သွေးဖြင့် အသက်ကယ်ပါ

“ကျေးဇူးတင်ရှိခြင်း”

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်တွင် (၁၀. ၉. ၁၃) နေ့ နံနက် (၉:၃၀) နာရီအချိန်၌ ကျင်းပပြုလုပ်ခဲ့သော Scania sales showroom & after sales services center (Yangon) အား ဖွင့်လှစ်ခြင်းအခမ်းအနား ဖုံဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပြီး အဖွင့်အမှာစကားချီမြှင့်ပေးသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန် ဦးလှမြင့်၊ Sweden နိုင်ငံသံရုံးမှ Dr Lisbeth Hellvin Stalgre (Counselor of Embassy of Sweden), Mr James Armstrong (Managing Director of Scania South East Asia) တို့အားလည်းကောင်း နှင့် အခမ်းအနားသို့ ချီမြှင့်ပေးကြသော ဌာနဆိုင်ရာအရာရှိများ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသော စာနယ်ဇင်းသတင်းမီဒီယာများမှ ပုဂ္ဂိုလ်များအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း။

Board of Directors

Octagon International Services Co., Ltd

FAME Uritec®
For urinary tract infection
ကျောက်ကပ်ဆီး

FAME Urocrush®
For renal stones
ဆီးကျောက်ပျော်ဆေး

အမြန်ရောင်းမည်
09 - 5067372
09 - 5663203

LCCI Level 1-2-3
AutoCount & MYOB Computerised Accounting

ကြော်ငြာစာ
(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၃ ခုနှစ်၊ တရားမအသေးအဖွဲ့မှုအမှတ်-၁၈၃

(ကွယ်လွန်သူဦးဒေါင်းရင်(TGKN-024274)၏ကျန်ရှိရစ်သော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ (၂၀)ရပ်ကွက်၊ အောင်သိဒ္ဓိ(၅)လမ်း၊ အမှတ်(၅၀၅/က)၊ ဧရိယာပေ (၂၀ × ၆၀)မြေနှင့်မြေပေါ်ရှိ ဥပစာအပါအဝင်ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု)

ဒေါ်တင်ဝင်း **လျှောက်ထားသူ**

အမှတ်(၅၀၅/က)၊ အောင်သိဒ္ဓိ(၅)လမ်း၊ (၂၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးဒေါင်းရင်၏ကျန်ရှိရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်တင်ဝင်းက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက် (၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်)နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးဒေါင်းရင်၏ကျန်ရှိရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည် အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်လျှောက်ထားဆိုင်ဆိုရန်သင့်လျော်မည်ဟုအထင်ရှိလျှင်)ဆိုခဲ့သော ၂၀၁၃ခုနှစ် အောက်တိုဘာလ ၁၀ ရက်(၁၃၇၅ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆)ရက်၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ကနေရာတကျ အမိန့်ပေးထားသူကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်မပေးမီ မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဒေါ်တင်ဝင်း၏လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၃ ခုနှစ် စက်တင်ဘာလ ၂၃ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်စန်းမြင့်)
ဒုတိယခရိုင်တရားသူကြီး(၄)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၄၄

၁။ ကိုမြင့်ဆန်း **တရားလို**
